ကြေးမုံ
The Mirror
၁၉၅၇ မေ ၁၆ တွင် စတင်တည်ထောင်သည်။
Established in 1957
၁၃၇၇ ခုနှစ်၊ ဒုတိယဝါဆိုလဆန်း ၈ ရက်၊ သောကြာနေ့၊ (24-7-2015) (၈၂၇၁)

**မေတ္တာသည် ရန်ကင်းငြိမ်း၏**

အကြင်သူသည် သတ္တဝါအားလုံးတို့အပေါ်၌ မေတ္တာစိတ်အဖို့အစုရှိသည် ဖြစ်၍ တစ်စုံတစ်ယောက်ကိုမျှ မိမိကိုယ်တိုင်လည်း မညှဉ်းဆဲ၊ သူတစ်ပါးကိုလည်း မသတ်ဖြတ်စေ၊ မိမိကိုယ်တိုင်လည်း အနိုင်မယူ၊ သူတစ်ပါးတို့ကိုလည်း အနိုင်မကျင့်စေ၊ ထိုမေတ္တာပွားသူအား တစ်စုံတစ်ခုသော အတွင်းရန်၊ အပြင်ရန်ဟူ၍ မရှိနိုင်။ (အင်္ဂုတ္တိုရ်ပါဠိတော်၊ ပထမတွဲ၊ မေတ္တာသုတ်-၄၄၃။)

# ရေပါတီလား၊ ဒေးကလပ်လား၊ အပန်းဖြေပန်းခြံလား

ရေကူးကန်အလယ်ရှိ ရေပန်းမှ ပန်းထွက်လာသည့် လွင့်ပျံ့နေသော ရေမှုန်ရေမွှားများက လေးဖြူ၏ အမဲလိုက်အက သီချင်းသံနှင့် လိုက်ဖက်ညီစွာ လူငယ်များကို ရွှင်မြူးတက်ကြွစေသည်။ ယမကာအရှိန်ဖြင့် တဒိန်းဒိန်း တိုးလာသော သွေးခုန်နှုန်းများနှင့်အတူ မဖွယ်မရာမြင်ကွင်းတစ်ခုက ပို၍ပို၍ ပီပြင်လာကာ ဒေါသတို့ကို ဆူဝေစေသည်။ အောင်အောင် (အမည်လွှဲ)က သူ့အမျိုးသမီး သူငယ်ချင်းအနားသို့ အဆမတန်တိုးကပ်ကာ နှောင့်ယှက်လာနေသည့် လူတစ်စုကို တိုက်ခိုက်ပစ်လိုက်ချင်သည့်စိတ်အား ထိန်းချုပ်မရတော့ဘဲ အများသူငါ မြင်ကွင်းတွင် ခိုက်ရန်ဖြစ်ပွားမိခဲ့ကြောင်း သူ့ဖြစ်ရပ်ကို ပြန်လည်ပြောပြသည်။

"ကျွန်တော့်မိန်းကလေးသူငယ်ချင်းကို နှောင့်ယှက်နေတာမြင်တော့ ဒေါသထွက်ပြီး ထိုးနှက်မိခဲ့တယ်။ ရဲစခန်းရောက်တော့ အိမ်ကလိုက်လာပြီး အမှုဖြေရှင်းရပါတယ်။ ကျွန်တော်လည်း ထိုးကြိတ်ဒဏ်ရာတွေရခဲ့တယ်" ဟု ပြည်သူ့ဥယျာဉ် ရေကူးကန်နှင့် ရေလွှာလျှောစီး အပန်းဖြေနေရာသို့ လာရောက်ရင်းရန်ဖြစ်ခဲ့သူ အောင်အောင်က ဆက်ပြောသည်။

**သတင်းဆောင်းပါး-ခင်ရတနာ**
**ဓာတ်ပုံ- တင်စိုး(မြန်မာ့အလင်း)**

ပြည်သူများ အပန်းဖြေနိုင်ရန်ရည်ရွယ်ကာ ၁၉၈၉ခုနှစ်က စတင်ဖွင့်လှစ်ခဲ့သည့် ပြည်သူ့ရင်ပြင်နှင့် ပြည်သူ့ဥယျာဉ်၏ အစိတ်အပိုင်းတစ်ခုတွင် ယင်းမြင်ကွင်းများကို **စာမျက်နှာ ၈ ကော်လံ ၁ သို့**



၂၀၀၈ ခုနှစ်လောက်မှာ စတင်ငှားရမ်းဖို့ ကတိကဝတ်တွေထားခဲ့ပြီး ၂၀၀၉ ခုနှစ်မှာ စာချုပ်ချုပ်ခဲ့တာပါ။ ပထမစာချုပ်အရ မြေအားလုံးကို ငှားရမ်းထားခဲ့ပေမယ့် ကော်မတီသစ်လက်ထက်မှာ စိစစ်ရေးအဖွဲ့ကို ပြန်ဖွဲ့ပြီး ၅၀ ဒသမ ၇၉ ဧကကို ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီက ပြန်လည်ရယူထားပါတယ်။

ရန်ကုန်မြို့ ပြည်သူ့ဥယျာဉ်အတွင်းရှိ ရေကူးကန်တွင် ရေပါတီအလားကခုန်မြူးတူးနေကြသည်ကို တွေ့ရစဉ်။



**ကြေးမုံ စာတည်းရှေ့ထောင့် ၂၄-၇-၂၀၁၅၊ သောကြာနေ့**

# သဘာဝဘေးကို ကြံ့ကြံ့ခံကျော်လွှား

ပြီးခဲ့သည့်ရက်ပိုင်းအတွင်းက မြန်မာနိုင်ငံအထက်ပိုင်းတွင် မိုးသည်းထန်စွာရွာသွန်းမှုကြောင့် ရေကြီး၊ ရေလျှံမှုများဖြစ်ပွားခဲ့သည်ကို မြင်တွေ့ရမည်ဖြစ်သည်။ ရေကျော်၊ ရေလွှမ်းမိုးမှုများကြောင့် ဒေသခံပြည်သူများ ရေဘေးဒုက္ခနှင့်ကြုံတွေ့လျက်ရှိရာ ရေလွှမ်းမိုးမှုအများဆုံးဖြစ်ပွားရာ စစ်ကိုင်းတိုင်းဒေသကြီးအတွင်းရှိ မြို့နယ်များသို့ နိုင်ငံတော်သမ္မတကြီးကိုယ်တိုင် သွားရောက်ကြည့်ရှုအားပေးကူညီပြီး လိုအပ်သည်များကို လမ်းညွှန်စီမံပေးလျက်ရှိသည်မှာ ကောင်းမွန်သောလုပ်ဆောင်ချက်ပင်ဖြစ်သည်။

ထို့အတူ တာဝန်ရှိသူများ၊ တပ်မတော်သားများ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များ၊ မီးသတ်တပ်ဖွဲ့ဝင်များနှင့် တာဝန်သိပြည်သူများက ရေဘေးကယ်ဆယ်ရေးလုပ်ငန်းများတွင် စွန့်စွန့်စားစား သက်စွန့်ကြိုးပမ်း ကယ်ဆယ် ကူညီဆောင်ရွက်ပေးနေသည့် သတင်းများကိုလည်း ကြားသိနေရပေရာ ၎င်းပုဂ္ဂိုလ်များအားလုံးအတွက် ကြေးမုံသတင်းစာက ချီးကျူးဂုဏ်ပြုအပ်ပါသည်။

ယခုအခါ မြန်မာနိုင်ငံအထက်ပိုင်းတွင်သာမက မြန်မာနိုင်ငံ အောက်ပိုင်းဒေသများတွင် မိုးများအဆက်မပြတ်ရွာသွန်းလျက်ရှိပြီး မြန်မာနိုင်ငံအောက်ပိုင်းတွင် နောက်ရက်များအတွင်း မိုးပိုမိုလာနိုင်သည်ဟု မိုးလေဝသနှင့်ဇလဗေဒမှ သတင်းထုတ်ပြန်ထားသည်။ ထို့ကြောင့် မြန်မာနိုင်ငံအောက်ပိုင်းမှ ရေလွှမ်းမိုးနိုင်သော ဒေသများအနေဖြင့်လည်း ကြိုတင်ကာကွယ် သတိပြုကြရမည်ဖြစ်သည်။

စစ်ကိုင်းတိုင်းဒေသကြီးတွင် ပြီးခဲ့သည့် ဇူလိုင် ၁၄ ရက်မှ ၁၈ ရက်အထိ မိုးသည်းထန်စွာရွာသွန်းခဲ့ရာ တိုင်းထွာချက်များအရ ကန့်ဘလူမြို့၏ မိုးရေချိန်လက်မမှာ လွန်ခဲ့သည့်နှစ်ပေါင်း ၂၄ နှစ်အတွင်း စံချိန်သစ်တင်ခဲ့သည်ဟု သိရသည်။ ထိုသို့စံချိန်တင်မိုးရွာသွန်းမှုကြောင့် ကသာ၊ ထီးချိုင့်၊ ကောလင်း၊ အင်းတော်၊ ဝန်းသို၊ ပင်လည်ဘူး၊ မင်းကင်း၊ ဒီပဲယင်း၊ ကန့်ဘလူ၊ ကျွန်းလှ၊ တန့်ဆည်၊ ရေဦးနှင့် ဘုတလင်မြို့နယ်များအတွင်းရှိ ကျေးရွာအုပ်စု ၁၄၂ အုပ်စုမှ မိုးစပါး၊ နွေစပါးစိုက်ခင်းများ ရေကြီးနစ်မြုပ်ခဲ့သည်။

ယခုအခါ မိုးရာသီဖြစ်၍ မိုးဆက်လက်ရွာသွန်းဆဲဖြစ်ပြီး ကယ်ဆယ်ရေး၊ နေရာချထားရေး၊ ကူညီစောင့်ရှောက်ရေးလုပ်ငန်းများကို ဦးစားပေးဆောင်ရွက်နေကြပေသည်။ သဘာဝဘေးကို မလွန်ဆန်နိုင်ဘဲရင်ဆိုင်ကြရာတွင် ကယ်ဆယ်ကူညီဆောင်ရွက်ကြသူများက တက်တက်ကြွကြွ၊ ရဲရဲရင့်ရင့် ဆောင်ရွက်ပေးနေကြသလို ဒေသခံပြည်သူများအနေဖြင့်လည်း စိတ်ပျက်အားငယ်စရာမလိုဘဲ ညီညီညွတ်ညွတ် အတူပူးပေါင်း ပါဝင်ကြရမည်ဖြစ်သည်။ သက်ဆိုင်ရာအဖွဲ့အစည်းများ၏ ကူညီညွှန်ပြမှုနှင့်အတူ ရပ်တည်ကြရမည်ဖြစ်သည်။

ထို့နောက် နိုင်ငံတော်၏ ကယ်ဆယ်ကူညီစောင့်ရှောက်ရေး ထက်သန်စွာ ဆောင်ရွက်ပေးမှုများကိုရယူပြီး မိမိတို့၏ဘဝ ပြန်လည်တည့်မတ်အောင် ကြိုးပမ်းဆောင်ရွက်ကြရမည်ဖြစ်သည်။ ယခုကဲ့သို့ ဖြစ်ပွားနေသောအချိန်တွင် ရေနစ်သူကို ဝါးကူထိုးသကဲ့သို့မဖြစ်အောင် ဒေသခံပြည်သူများ အထိတ်တလန့်ဖြစ်စေမည့် အပြုအမူအပြောအဆိုများကို သတိပြုဆင်ခြင်ကြရမည်ဖြစ်သည်။ မမှန်မကန်သတင်းကြားမှုများကိုလည်း နားမယောင်မိဖို့ လိုပေသည်။

စစ်ကိုင်းတိုင်းဒေသကြီးတွင် စိုက်ပျိုးရေးအတွက် တည်ဆောက်ထားသော ဆည်တမံများစွာရှိသည်။ ယင်းဆည်တမံများကို အကြောင်းပြု၍ အခြေအမြစ်မရှိသော သတင်းများကြားသိရပါက နားမယောင်မိဖို့လိုသည်။ သက်ဆိုင်ရာအဖွဲ့အစည်းများကလည်း မိုးရွာသွန်းမှုမြင့်မားလာပြီး ရေဝင်ရောက်မှု၊ ရေသိုလှောင်မှု တက်လာသောအခါ ဆည်မကျိုးမပေါက်အောင် စီမံခြင်း၊ ရေပိုများထုတ်လွှတ်ပေးခြင်း၊ ဆည်အောက်ကျေးရွာများအား ရွှေ့ပြောင်းပေးခြင်း စသည့်ဆည်မြောင်းဆိုင်ရာ ကာကွယ်ရေးအစီအမံများ ဆောင်ရွက်ပေးနေသည်ကို မြင်တွေ့ရပါသည်။

ထို့ကြောင့် သဘာဝဘေးဒဏ်ကို မဖြစ်မနေရင်ဆိုင်ရသော်လည်း သက်ဆိုင်ရာက အချိန်နှင့်တစ်ပြေးညီ တက်တက်ကြွကြွနှင့် စနစ်တကျစီမံဆောင်ရွက်ပေးလျက်ရှိသောကြောင့် ပြည်သူများအနေဖြင့် စိုးရိမ်ပူပန်မှုများ များစွာမဖြစ်သင့်ပါ။ သက်ဆိုင်ရာအဖွဲ့အစည်းများနှင့်အတူ ပူးပေါင်းပါဝင်ဆောင်ရွက်ကြခြင်းဖြင့် သဘာဝဘေးဒဏ်ကို ကြံ့ကြံ့ခံ ရင်ဆိုင်ကျော်လွှားနိုင်မည်ဟု ယုံကြည်ပါသည်။ ။



# သတ်မှတ်စည်းကမ်း မလိုက်နာသူများအား အရေးယူဖို့လို

**ပဲခူး ဇူလိုင် ၂၃**

ပဲခူးမြို့နယ်အတွင်း ယာဉ်စည်းကမ်းလိုက်နာခြင်းမရှိကြသည့် ယာဉ်ကြီး၊ ယာဉ်ငယ်၊ ဆိုင်ကယ်များအား နေ့စဉ် ယာဉ်စည်းကမ်းထိန်းသိမ်းရေးအဖွဲ့က စစ်ဆေးဖမ်းဆီးအရေးယူလျက်ရှိနေကြသည်။ ထိုကဲ့သို့ယာဉ်များကို ဖမ်းဆီးအရေးယူနေကြသော်လည်း ယာဉ်အန္တရာယ်ကင်းရှင်းနိုင်ရေးသည် ယာဉ်များသာ မက ခရီးသွားပြည်သူများကလည်း စည်းကမ်းရှိကြပြီး သတ်မှတ်ယာဉ်ကြော၊ တံတားတို့မှ ဖြတ်သန်းသွားလာရန် လိုအပ်ပေသည်။

"ပဲခူးမြို့ထဲက ယာဉ်ကြောအရှုပ်ဆုံး ပဲခူး-ရန်ကုန် ကားလမ်းမ အမှတ်(၃)အထကရှေ့မှာ ယာဉ်အန္တရာယ်ကင်းရှင်းစေဖို့ တာဝန်ရှိသူများက လူကူးတံတား ဆောက်လုပ်ပေးထားပါတယ်။ ဒါပေမယ့် ခရီးသွားတွေက လူကူးတံတားပေါ်က ဖြတ်ကူးသွားတဲ့လူ အလွန်နည်းနေကြတယ်။ ကြုံသလို လမ်းဖြတ်ကူးနေကြတာ။ အဲဒီခရီးသွားများ လမ်းစည်းကမ်းမလိုက်နာလို့ အရေးယူတာမျိုးတော့ ပဲခူးမြို့မှာ မရှိသေးပါဘူး။ ယာဉ်တွေကိုလည်း စည်းကမ်းပျက်ရင် အရေးယူသလို၊ စည်းကမ်းပျက် ခရီးသွားများကိုပါ နှစ်ဦးနှစ်ဖက် အရေးယူလိုက်မယ်ဆိုရင်တော့ ယာဉ်အန္တရာယ် ပိုမိုကင်းဝေးနိုင်ပြီး ယာဉ်ကြော ရှုပ်ထွေးတာလည်းလျော့သွား နိုင်မှာပါ"ဟု ဒေသခံတစ်ဦးက ပြောသည်။(၅၈၇)

## ရွှေဈေး၊ စက်သုံးဆီဈေးနှင့် နိုင်ငံခြားငွေလဲလှယ်နှုန်း

**ရန်ကုန် ဇူလိုင် ၂၃**

| | | | | |
|---|---|---|---|---|
| ရန်ကုန် | ရွှေဈေး | ၇၃၂၀၀၀ | - | ၇၃၃၅၀၀ |
| မန္တလေး | ရွှေဈေး | ၇၃၂၅၀၀ | - | ၇၃၄၀၀၀ |

**စက်သုံးဆီဈေးနှုန်း**

| | | | |
|---|---|---|---|
| (က) | ဒီဇယ် | တစ်လီတာ | ၆၉၀ ကျပ် |
| (ခ) | အောက်တိန်း 95 | တစ်လီတာ | ၈၀၀ ကျပ် |
| (ဂ) | အောက်တိန်း 92 | တစ်လီတာ | ၇၂၀ ကျပ် |
| (ဃ) | ဓာတ်ဆီ | တစ်လီတာ | ၇၁၀ ကျပ် |

**နိုင်ငံခြားငွေလဲလှယ်နှုန်း**

| | | | |
|---|---|---|---|
| (က) | အမေရိကန် | တစ်ဒေါ်လာ | = ၁၂၄၀.၀ |
| (ခ) | ဥရောပ | တစ်ယူရို | = ၁၃၅၅.၁ |
| (ဂ) | တရုတ် | တစ်ယွမ် | = ၁၉၉.၇၀ |
| (ဃ) | ထိုင်း | တစ်ဘတ် | = ၃၅.၇၁၄ |
| (င) | မလေးရှား | တစ်ရင်းဂစ် | = ၃၂၅.၇၆ |
| (စ) | အိန္ဒိယ | တစ်ရူပီး | = ၁၉.၄၆၉ |
| (ဆ) | ဂျပန် | တစ်ရာယန်း | = ၉၉၉.၂၃ |
| (ဇ) | တောင်ကိုရီးယား | တစ်ရာဝမ် | = ၁၀၆.၉၂ |
| (ဈ) | သြစတြေးလျ | တစ်ဒေါ်လာ | = ၉၁၂.၇၄ |
| (ည) | စင်ကာပူ | တစ်ဒေါ်လာ | = ၉၀၇.၀၀ |

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်ဗဟိုဘဏ် သတ်မှတ်ရည်ညွှန်းနှုန်း

## အထွေထွေရွေးကောက်ပွဲကို ၂၀၁၅ ခုနှစ် နိုဝင်ဘာလ ၈ ရက်နေ့တွင် ကျင်းပမည်

မဲစာရင်းမှာအမည်ပါမှ မဲပေးနိုင်ကြောင်း သတိချပ်စေလိုပါသည်။ မဲစာရင်းများယွင်းမှုရှိနေသော်လည်း မဲပေးခွင့်မဆုံးရှုံးနိုင်ပါ။ မဲပေးပိုင်ခွင့်ရှိသူအမှန်ဖြစ်ကြောင်း တာဝန်ခံပြောကြားသူရှိလျှင် ပြင်ဆင်ရေးမှတ်၍ မဲပေးခွင့်ပြုရမည်ဟု လွှတ်တော်ရွေးကောက်ပွဲနည်းဥပဒေများ ၅၀(ဂ)တွင် အတိအလင်း ပြဋ္ဌာန်းထားပါသည်။

# ကျောင်းဈေးသည်များအား ကွင်းဆင်းစစ်ဆေး

**သီပေါ ဇူလိုင် ၂၃**

ရှမ်းပြည်နယ်(တောင်ပိုင်း) သီပေါ အထက(၂)၊ ခွဲထ(၁)ကျောင်း၌ မြို့နယ်အထွေထွေအုပ်ချုပ်ရေးမှူးအကူပြုကော်မတီဥက္ကဋ္ဌ ဦးအောင်ခင်၊ မြို့နယ်စည်ပင်သာယာရေးကော်မတီဥက္ကဋ္ဌ ဦးခင်မောင်ဝင်း၊ မြို့နယ်ပညာရေးမှူး ဒေါ်ခင်မမလတ်၊ မြို့နယ်ဆေးရုံ ဆရာဝန်ကြီး ဒေါက်တာနန်းရှုပဟန်၊ ကျောင်းအုပ်ဆရာမကြီး ဒေါ်ခင်မေဝင်းနှင့် တာဝန်ရှိသူများက ဝမ်းနုတ်စာများမရောင်းချရေး၊ သန့်ရှင်းသော အစားအစာများရောင်းချရေးတို့ကို ဇူလိုင် ၂၁ ရက်က ကွင်းဆင်းကြည့်ရှု စစ်ဆေးခဲ့ကြောင်း သိရသည်။

**စိုင်း(သီပေါ)**



ကြေးမုံ
နေ့စဉ်သတင်းစာ

**စာတည်းမှူးချုပ်** - ဦးခင်မောင်ကျော်ဒင်
**စာတည်းများ** - ဦးလှစိန်၊ ဦးဝင်းနိုင်၊ ဦးစိုးစိုးနိုင်၊ ဦးစန်းအောင်
**သတင်းထောက်မှူး** - ဦးငွေအောင်
**ဘာသာပြန်စာတည်းများ** - ဦးအောင်ထိန်၊ ဦးဇော်ဝင်း၊ အေဝမ်းစိုး၊ အောင်ကျော်ကျော်
**အနုပညာစာတည်း** - ခင်ခင်သက်
**အားကစားစာတည်း** - မေလှဲ့သင်း
**ဆောင်းပါးစာတည်း** - စန္ဒာဝင်း
**အကြီးတန်းသတင်းထောက်များ** - ကျော်ဇေယျာမြင့်၊ ဟိန်းထက်လင်း၊ နိုင်လင်းကြည်၊ ဖြိုးစန္ဒာမြင့်
**အငယ်တန်းသတင်းထောက်များ** - သီသီမင်း၊ အောင်ကျော်ဦး၊ ခင်ဇာလီ၊ သန့်ဇင်ဝင်း၊ မေသကြိန်၊ အေးအေးမြင့်၊ ခင်စုစုလှိုင်
**ဓာတ်ပုံသတင်းထောက်** - ခင်မောင်ဝင်း၊ ဇေယျာဝင်း(ဖိုးခွား)
**အထူးသတင်းထောက်** - စုနှင်းလှဲ့၊ သီရိ

ပြည်တွင်းရေးရာ

# လာအိုနိုင်ငံ ဒုတိယသမ္မတ မစ္စတာ ဘွန်ညံပိုရာချစ်နှင့် ဇနီး ဦးဆောင်သည့်ကိုယ်စားလှယ်အဖွဲ့ ရန်ကုန်မြို့မှ ပြန်လည်ထွက်ခွာ

**ရန်ကုန် ဇူလိုင် ၂၃**

လာအိုပြည်သူ့ဒီမိုကရက်တစ်သမ္မတနိုင်ငံ ဒုတိယသမ္မတ မစ္စတာ ဘွန်ညံပိုရာချစ်နှင့်ဇနီး ဦးဆောင်သည့် ကိုယ်စားလှယ်အဖွဲ့သည် ယနေ့နံနက်ပိုင်းတွင် နေပြည်တော်မှ ရန်ကုန်မြို့သို့ လေကြောင်းခရီးဖြင့်ရောက်ရှိကြရာ ရန်ကုန်တိုင်းဒေသကြီး လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီး ဗိုလ်မှူးကြီးတင်ဝင်းနှင့် ဇနီး၊ မြန်မာနိုင်ငံဆိုင်ရာ လာအိုနိုင်ငံ စစ်သံမှူးနှင့် ဇနီး၊ နိုင်ငံခြားရေး ဝန်ကြီးဌာနမှ တာဝန်ရှိသူများက ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်၌ ကြိုဆိုနှုတ်ဆက်ကြသည်။

ဧည့်သည်တော် လာအိုနိုင်ငံ ဒုတိယသမ္မတနှင့် ဇနီးတို့ ဦးဆောင်သည့် ကိုယ်စားလှယ်အဖွဲ့သည် နံနက် ၁၀ နာရီတွင် ရွှေတိဂုံစေတီတော်သို့ ရောက်ရှိကြပြီး ဧည့်သည်တော် ဒုတိယသမ္မတက စေတီတော်ဧည့်သည်တော်မှတ်တမ်း၌ လက်မှတ်ရေးထိုးကာ စေတီတော်အား ပန်း၊ ရေချမ်း၊ ဆီမီး ကပ်လှူပူဇော်ပြီး အလှူငွေများ ပေးအပ်လှူဒါန်းသည်။ ယင်းနောက် ဧည့်သည်တော်အဖွဲ့သည် ရွှေတိဂုံစေတီတော်အား လှည့်လည်ဖူးမြော်ကြည်ညိုကြသည်။**(ယာပုံ)**

ဧည့်သည်တော် လာအိုနိုင်ငံ ဒုတိယသမ္မတနှင့်ဇနီး ဦးဆောင်သည့် ကိုယ်စားလှယ်အဖွဲ့အား ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမြင့်ဆွေနှင့် ဇနီးတို့က ရန်ကုန်မြို့ နတ်မောက်လမ်းရှိ ချက်ထရီယမ်ဟိုတယ်၌ နေ့လယ်စာဖြင့် တည်ခင်းဧည့်ခံသည်။

ဧည့်သည်တော် လာအိုပြည်သူ့ဒီမိုကရက်တစ်သမ္မတနိုင်ငံ ဒုတိယသမ္မတနှင့်ဇနီး ဦးဆောင်သည့် ကိုယ်စားလှယ်အဖွဲ့သည် ညနေပိုင်းတွင် ရန်ကုန်မြို့မှ လေကြောင်းခရီး



ဖြင့် ပြန်လည်ထွက်ခွာရာ တိုင်းဒေသကြီး လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီးနှင့် ဇနီး၊ မြန်မာနိုင်ငံဆိုင်ရာ လာအိုနိုင်ငံသံအမတ်ကြီးနှင့်ဇနီး၊ စစ်သံမှူးနှင့် ဇနီး၊ နိုင်ငံခြားရေး ဝန်ကြီးဌာနမှ တာဝန်ရှိသူများက ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်၌ ပို့ဆောင်နှုတ်ဆက်ကြသည်။

**(သတင်းစဉ်)**

# စစ်ကိုင်းတိုင်းဒေသကြီးအတွင်းရှိ ရေဘေးသင့်ပြည်သူများအား ထောက်ပံ့လှူဒါန်းမှုများ စဉ်ဆက်မပြတ်ပြုလုပ်

**မုံရွာ ဇူလိုင် ၂၃**

စစ်ကိုင်းတိုင်းဒေသကြီးအတွင်း မိုးသည်းထန်စွာရွာသွန်းမှုကြောင့် မုံရွာ၊ ရွှေဘို၊ ကန့်ဘလူ၊ ကသာ၊ ကလေးခရိုင်အတွင်းရှိ မြို့နယ် ကိုးမြို့နယ်၊ ရပ်ကွက်၊ ကျေးရွာအုပ်စု ကိုးခုရှိ အိမ်ခြေ ၇၀၈၄ အိမ်၊ လူဦးရေ ၃၅၂၂၃ ဦး ရေဝင်ရောက်မှုဖြစ်ပေါ်ခဲ့ရာ ရပ်ကွက် ၃၃ ရပ်ကွက်ရှိ အိမ်ခြေ ၃၁၉၁ အိမ်၊ အိမ်ထောင်စု ၃၀၆၈ စုရှိ လူဦးရေ ၁၃၈၃၄ ဦးကို ရေလွတ်ရာဒေသများသို့ ရွှေ့ပြောင်းပေးနိုင်ခဲ့ကြောင်း၊ မုံရွာ၊ ကန့်ဘလူနှင့် ကသာ ခရိုင်အတွင်းရှိ ခုနစ်မြို့နယ်တွင် ကယ်ဆယ်ရေးစခန်းများ ဖွင့်လှစ်ထားရှိပြီး လူဦးရေ စုစုပေါင်း ၅၃၃၄ ဦး နေထိုင်လျက်ရှိကြောင်း စစ်ကိုင်းတိုင်းဒေသကြီးအစိုးရအဖွဲ့၏ ဇူလိုင် ၂၃ ရက် ထုတ်ပြန်ချက်အရ သိရသည်။

စစ်ကိုင်းတိုင်းဒေသကြီးအတွင်း ရေနစ်မြုပ်သည့်ဒေသများသို့ အလှူငွေပေးအပ်ပွဲကို ဇူလိုင် ၂၃ ရက် နံနက် ၁၀ နာရီက တိုင်းဒေသကြီးလွှတ်တော် အစည်းအဝေးခန်းမ၌ ကျင်းပရာ တိုင်းဒေသကြီးလွှတ်တော် ကိုယ်စားလှယ်များ၏ တစ်နေ့တွက်စရိတ် ကျပ် ၁၉၄၀၀၀၀ နှင့် လွှတ်တော်ရုံး ဝန်ထမ်းများက ကျပ်ခြောက်သောင်း၊ တိုင်းဒေသကြီးလွှတ်တော် ဥက္ကဋ္ဌ ဦးသင်းလှိုင်မိသားစုက ကျပ် ၁၀ သိန်း၊ တိုင်းဒေသကြီးဝန်ကြီးချုပ်၊ လွှတ်တော်ဥက္ကဋ္ဌနှင့် အဖွဲ့အစည်းဝင်များ လစာစုဆောင်းငွေမှ ကျပ်သိန်း ၅၀၊ နာဂဦးစီးအဖွဲ့နှင့် စာရာမေရီ မိသားစု၊ မုဒ်ကူညီနောင်၊ စာရာမေရီ ရွှေညီကို ကုမ္ပဏီလီမိတက်က ကျပ်သိန်း ၂၀၊ ကလေးခရိုင်စီမံခန့်ခွဲမှုကော်မတီက ကျပ်သိန်း ၃၀၊ Rose Wood ကုမ္ပဏီက ကျပ် ၁၀ သိန်း၊ ရန်ကုန်တိုင်းဒေသကြီး သံဃာ့နာယကဥက္ကဋ္ဌ ဆရာတော် ဘဒ္ဒန္တကဏ္ဍိဗလက ကျပ်သိန်း ၅၀ အပါအဝင် စုစုပေါင်းကျပ် ၄၀၅ သိန်း ပေးအပ်လှူဒါန်းရာ တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးသာအေးက လက်ခံရယူသည်။

စစ်ကိုင်းတိုင်းဒေသကြီးအတွင်း ရေဝင်ရောက်မှုကြောင့် မြို့နယ် ၂၁ မြို့နယ်ရှိ ကျေးရွာအုပ်စု ၂၉၃ စုတွင် နွေစပါး ၄၉၅၆ ဧက၊ မိုးစပါး ၅၁၅၅၉ ဧက၊ စပါးပျိုးခင်း ၁၁၉၁၅ ဧက၊ ဆီထွက်သီးနှံ ၂၁၅၅ ဧက၊ ပဲမျိုးစုံ ၄၇၆ ဧက၊ အခြားသီးနှံ ၁၁၃၆၆ ဧက စုစုပေါင်း ၈၂၄၂၇ ဧက ရေဝင်နစ်မြုပ်ခဲ့ကြောင်း သိရသည်။

လမ်းများနှင့် တံတားများထိခိုက်ပျက်စီးမှုနှင့် ရေဝင်နစ်မြုပ်မှုအနေဖြင့် လမ်း တံတားဦးစီးဌာနပိုင် လမ်း ၁၇ လမ်း၊ သစ်သားတံတား ငါးစင်း၊ ကွန်ကရစ်တံတား ၁၀ စင်း၊ ဘေလီတံတားတစ်စင်း ထိခိုက်ပျက်စီးခဲ့ပြီး စည်ပင် သာယာရေးအဖွဲ့ပိုင်လမ်းများအနေဖြင့် မြေသားလမ်း တစ်လမ်း၊ ကျောက်ခင်းလမ်း ငါးလမ်း၊ ကတ္တရာလမ်း ရှစ်လမ်းတို့မှာ ရေဝင်နစ်မြုပ်ပြီး သစ်သားတံတားခုနစ်စင်း၊ ကွန်ကရစ်တံတား ၁၀ စင်း၊ ရေကျော်တစ်ခုတို့ ထိခိုက်ပျက်စီးခဲ့ကြောင်း သိရသည်။ ကျေးလက်ဦးစီးဌာနပိုင်များအနေဖြင့် မြေသားလမ်း ၁၀ လမ်း၊ ကျောက်ခင်းလမ်းနှစ်လမ်း၊ ဂျင်းလမ်းတစ်လမ်း၊ ကတ္တရာလမ်းသုံးလမ်းတို့ ရေဝင်နစ်မြုပ်ပြီး သစ်သားတံတားအစင်း ၃၀၊ ကွန်ကရစ်တံတားသုံးစင်း၊ ရေပြွန်နှစ်ခု၊ ရေကျော်သုံးခုတို့ ထိခိုက်ပျက်စီးခဲ့ရကြောင်း သိရသည်။

အဆောက်အအုံပျက်စီးဆုံးရှုံးမှုများမှာ လူနေအိမ် ၇၆ အိမ်၊ စာသင်ကျောင်းတစ်ကျောင်း၊ သာသနာရေး အဆောက်အအုံလေးခုနှင့် အခြားအဆောက်အအုံ ၁၇ ခု စုစုပေါင်း ၉၈ ခု ပျက်စီးဆုံးရှုံးခဲ့သကဲ့သို့ ကယ်ဆယ်ရေးလုပ်ငန်းများ ဆောင်ရွက်နေသည့် ရဲတပ်ဖွဲ့ဝင်တစ်ဦး၊ အရန်မီးသတ်တပ်ဖွဲ့ဝင်တစ်ဦး၊ ပြည်သူ ငါးဦး စုစုပေါင်းခုနစ်ဦး အသက်ဆုံးရှုံးခဲ့ရကြောင်း သိရသည်။

လှူဒါန်းထောက်ပံ့မှုများအနေဖြင့် နိုင်ငံတော်သမ္မတ၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့် တပ်မတော် (ကြည်း၊ ရေ၊ လေ) မိသားစု၊ ပြည်ထောင်စုဝန်ကြီးဌာနများ၊ စစ်ကိုင်းတိုင်းဒေသကြီးအစိုးရအဖွဲ့၊ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးပါတီ၊ စေတနာရှင်ပြည်သူများ၊ လူမှုရေးအဖွဲ့အစည်းများမှ လှူဒါန်းသော စားသောက်ကုန်၊ လူသုံးကုန်နှင့် ဆောက်လုပ်ရေးပစ္စည်း၊ ဆေးဝါးပစ္စည်းစုစုပေါင်း ၈၈၇၇၄၈၆၀ ကျပ်နှင့် ကျောင်းသား ကျောင်းသူများအတွက် ဗလာစာအုပ်၊ စာရေးကိရိယာနှင့် ပြဋ္ဌာန်းစာအုပ်များ ထောက်ပံ့လျက်ရှိသလို ဆက်လက်လှူဒါန်းထောက်ပံ့ကူညီမှုများလည်း ရှိနေသေးကြောင်း သိရသည်။

မုံရွာမြို့တွင် ဇူလိုင် ၂၃ ရက်မှစတင်၍ ရေဘေးအတွက် ထောက်ပံ့နိုင်ရန် မုံရွာမြို့နယ် သဘင်အစည်းအရုံးဝင်များဖြစ်သည့် အငြိမ့်၊ ဇာတ်ပွဲနှင့် ဆိုင်းပညာရှင်များ ပါဝင်သော အဖွဲ့သည် မုံရွာမြို့ပေါ်ရှိ ဈေးကြီးများ၊ လမ်းမကြီးများနှင့် ရပ်ကွက်များအတွင်းသို့ ဖျော်ဖြေရေးကားနှင့်အတူ သီဆိုတီးမှုတ်၍ အလှူခံခြင်းကို ငါးရက်တိုင်ပြုလုပ်၍ ရရှိလာသမျှငွေနှင့် ပစ္စည်းများကို ရေဘေးသင့်ဒေသများသို့ ပေးပို့လှူဒါန်းသွားမည်ဖြစ်ကြောင်း သိရသည်။ **မျိုးဝင်းထွန်း(မုံရွာ)**

## ဓာတ်ပုံသတင်း



**ရန်ကုန်ပန်းဆိုးတန်းဆိပ်ကမ်းနှင့် ဒလဘက်ကမ်းသို့ သယ်ယူပို့ဆောင်ပေးနေသော ချယ်ရီနှစ်ထပ်သင်္ဘောများ ဆိပ်ကမ်းမကပ်မီနှင့် ကမ်းမှခွာသည့်အခါ ခုန်တက်နေသည့် အလုပ်သမားများနှင့် ခရီးသည်များကို တွေ့ရစဉ်။**

(ဓာတ်ပုံ-ဇေယျာဝင်း)

## မြန်မာနိုင်ငံပြန်တမ်း

**ဝန်ထမ်းအဖွဲ့အစည်းအကြီးအမှူး ပြောင်းရွှေ့ခန့်ထားခြင်း**

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတသည် ဘဏ္ဍာရေးဝန်ကြီးဌာန၊ မြန်မာ့ရင်းနှီးမြှုပ်နှံမှုနှင့် ကူးသန်းရောင်းဝယ်ရေးဘဏ် ဦးဆောင်ညွှန်ကြားရေးမှူး ဦးယဉ်ဇော်မျိုးအား မြန်မာ့စီးပွားရေးဘဏ် ဦးဆောင်ညွှန်ကြားရေးမှူးအဖြစ် တာဝန်ဝတ္တရားများကို စတင်ဆောင်ရွက်သည့်နေ့မှစ၍ ပြောင်းရွှေ့ခန့်ထားလိုက်သည်။

## စေ့စပ်ညှိနှိုင်းရေးနှင့်တည်ငြိမ်အေးချမ်းရေးပါတီအား နိုင်ငံရေးပါတီအဖြစ် မှတ်ပုံတင်ခွင့်ပြု

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်**
**ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်**
**နေပြည်တော်**

**ကြေညာချက်အမှတ် (၃၈/၂၀၁၅)**

**၁၃၇၇ ခုနှစ်၊ ဒုတိယဝါဆိုလဆန်း ၇ရက်**

**(၂၀၁၅ ခုနှစ်၊ ဇူလိုင်လ ၂၃ ရက်)**

**စေ့စပ်ညှိနှိုင်းရေးနှင့် တည်ငြိမ်အေးချမ်းရေးပါတီအား**
**နိုင်ငံရေးပါတီအဖြစ် မှတ်ပုံတင်ခွင့်ပြုခြင်း**

ရန်ကုန်တိုင်းဒေသကြီး၊ မင်္ဂလာဒုံမြို့နယ်၊ သယ်န်းကျွန်းကြီး၊ ကာယ (၁၂) လမ်း၊ အမှတ် (၄/၃၆၁)တွင် ပါတီရုံးချုပ်ဖွင့်လှစ်ထားရှိသော **စေ့စပ်ညှိနှိုင်းရေးနှင့် တည်ငြိမ်အေးချမ်းရေးပါတီ**အား ၂၀၁၅ ခုနှစ် ဇူလိုင်လ ၂၃ ရက်နေ့မှစ၍ နိုင်ငံရေးပါတီများမှတ်ပုံတင်ခြင်းဥပဒေပုဒ်မ ၉ နှင့်အညီ မှတ်ပုံတင်ခွင့်ပြုလိုက်ကြောင်း ကြေညာအပ်ပါသည်။

**စေ့စပ်ညှိနှိုင်းရေးနှင့် တည်ငြိမ်အေးချမ်းရေးပါတီ**၏ မှတ်ပုံတင်အမှတ်မှာ (၉၈) ဖြစ်ပါသည်။

**အမိန့်အရ**

**(တင်ထွန်း)**
**အတွင်းရေးမှူး**
**ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်**

## ရေဘေးသင့်ပြည်သူများအတွက် ကျပ်သိန်း ၂၀၀၀ လှူဒါန်း

**စစ်ကိုင်း ဇူလိုင် ၂၃**

စစ်ကိုင်းတိုင်းဒေသကြီးအတွင်း ရေဘေးဒုက္ခနှင့် ကြုံတွေ့နေရသော ကောလင်းမြို့၊ ဝန်းသိုမြို့၊ ကန့်ဘလူမြို့၊ ကျွန်းလှမြို့၊ ချပ်သင်းမြို့နှင့် ဘုတလင်မြို့တို့ရှိ ရေဘေးသင့်ပြည်သူများအတွက် အလှူရှင်များက လှူဒါန်းလျက်ရှိကြောင်း သိရသည်။

ထိုသို့ လှူဒါန်းရာတွင် ကမ္ဘောဇဘဏ်လီမိတက်နှင့် ကမ္ဘောဇအုပ်စု အနာဂတ်အလင်းတန်းမြန်မာဖောင်ဒေးရှင်း (KBZ Group Brighter Future Myanmar Foundation) တို့မှ အရာထမ်း၊ ဝန်ထမ်းများက ကူညီစောင့်ရှောက်ရေးစခန်း၌ နေ့စဉ် အစားအသောက်များ ချက်ပြုတ်ကျွေးမွေးခြင်း၊ ရေဘေးကယ်ဆယ်ရေးစခန်းများသို့ ကိုယ်တိုင်ကိုယ်ကျ သွားရောက်၍ ထမင်းထုပ်များ ဝေငှလှူဒါန်းခြင်းနှင့် လိုအပ်သည့် အကူအညီများ ပေးအပ်ခြင်းတို့အပြင် ဇူလိုင် ၂၂ ရက်က ရေဘေးသင့်ပြည်သူများအတွက် ကျပ်သိန်း ၂၀၀၀ လှူဒါန်းခဲ့ကြောင်း သိရသည်။ **(ကြေးမုံ)**

## သီရိလင်္ကာနိုင်ငံတွင် ဗီဇာသက်တမ်းလွန် နိုင်ငံခြားသား အရေအတွက် တိုးပွားလျက်ရှိ

**ကိုလံဘို ဇူလိုင် ၂၃**

သီရိလင်္ကာနိုင်ငံတွင် ဗီဇာသက်တမ်းလွန်နိုင်ငံခြားသား အရေအတွက် တိုးပွားလျက်ရှိကြောင်း သီရိလင်္ကာအစိုးရက ပြောသည်။

နိုင်ငံအတွင်း ဗီဇာသက်တမ်းလွန်နိုင်ငံခြားသားများကို အာဏာပိုင်များက လိုက်လံဖမ်းဆီးလျက်ရှိသည်။ ဗီဇာသက်တမ်းလွန် နိုင်ငံခြားသားအရေအတွက်မှာ များပြားလာသောကြောင့် ကိုလံဘိုမြို့တွင် ၎င်းတို့အား အမိနိုင်ငံများသို့ ပြန်လည်မပို့ဆောင်မီ ထိန်းသိမ်းထားရှိရန်အတွက် စင်တာတစ်ခုဖွင့်လှစ်ရန် အစိုးရက စီစဉ်ခဲ့ခြင်းဖြစ်သည်ဟု အစိုးရအဖွဲ့ပြောရေးဆိုခွင့်ရှိသူက ဆိုသည်။

အဆိုပါစင်တာနှင့်ပတ်သက်သည့် အရေးကိစ္စများကို လူဝင်မှုကြီးကြပ်ရေးဌာနက ဆောင်ရွက်ရမည်ဖြစ်ပြီး စင်တာကို ဘန်ဒါရန်နိုက် နိုင်ငံတကာလေဆိပ်အနီးတွင် ဖွင့်လှစ်ထားရှိမည်ဖြစ်သည်။

လွန်ခဲ့သည့်လများက ခရီးသွားဗီဇာကိုင်ဆောင်ထားသည့် နိုင်ငံခြားသားများသည် စီးပွားရေးနှင့်ကုန်သွယ်ရေး နယ်ပယ်များတွင် ဝင်ရောက်စွက်ဖက်မှုများရှိခဲ့သည့်အတွက် အာဏာပိုင်များက နိုင်ငံခြားသားအများအပြားကို ဖမ်းဆီးထိန်းသိမ်းခဲ့သည်။ **ဆင်ဟွာ။**



## အမေရိကန်ကာကွယ်ရေးဝန်ကြီး မကြေညာဘဲ အီရတ်သို့ရောက်ရှိ

**ဘဂ္ဂဒက် ဇူလိုင် ၂၃**

အမေရိကန်ကာကွယ်ရေးဝန်ကြီး အက်ရှ်တန်ကာတာသည် ကြိုတင်ကြေညာခြင်းမရှိဘဲ အီရတ်နိုင်ငံသို့ ယနေ့ရောက်ရှိလာခဲ့သည်။

အီရတ်နိုင်ငံသည် အမေရိကန် စစ်ဘက်၏ လေကြောင်းမှ တိုက်ခိုက်ပေးခြင်း၊ စစ်ပညာလေ့ကျင့်ပေးခြင်း စသည့်အကူအညီများဖြင့် အစ္စလာမ့်စ်နိုင်ငံ (အိုင်အက်စ်) စစ်သွေးကြွများကို တိုက်ခိုက်လျက်ရှိသည်။

ကာကွယ်ရေးဝန်ကြီး၏ လေယာဉ်သည် ဘဂ္ဂဒက်မြို့သို့ ယနေ့ နံနက်စောစောပိုင်းတွင် ဆိုက်ရောက်ခဲ့သည်။ ဝန်ကြီးချုပ် ဟိုင်းဒါးအဲလ်-အဘာဒီနှင့် ကာကွယ်ရေးဝန်ကြီး ခါလက်အဲလ် အိုဗိုင်းဒီတို့ ပါဝင်သော အီရတ်တာဝန်ရှိသူများနှင့် ကာကွယ်ရေးဝန်ကြီးက တွေ့ဆုံဆွေးနွေးမည်ဖြစ်သည်။

အမေရိကန်ပြည်ထောင်စုသည် အီရတ်နိုင်ငံမြောက်ပိုင်းနှင့် အနောက်ပိုင်းတို့ကို ထိန်းချုပ်ထားသည့် အိုင်အက်စ်တို့ကို တိုက်ခိုက်ရန်အတွက် စည်းရုံးလျက်ရှိရာ ဝန်ကြီးကာတာသည် ဆွန်နီခေါင်းဆောင်များနှင့်လည်း ဆွေးနွေးမည်ဖြစ်သည်။

အန်ဘာပြည်နယ်မှ ရာမာဒီမြို့ကို ပြန်လည်သိမ်းပိုက်ရန်အတွက် အီရတ်သည် မကြာမီကာလအတွင်း အဓိကထိုးစစ်တစ်ရပ်ဆင်နွှဲမည်ဟု မျှော်လင့်ရသည်။

အီရတ်စစ်ဘက်အတွက် အရေးပါသော စမ်းသပ်မှုတစ်ရပ် ဖြစ်လာဖွယ်ရာရှိသည်ဟု ဆိုသည်။ **ရိုက်တာ။**

*ဇူလိုင် ၂၃ ရက်ထုတ် ကြေးမုံသတင်းစာ စာမျက်နှာ-၁၂ နိုင်ငံတကာသတင်းစာမျက်နှာပါ စင်ကာပူ၌ အလုပ်လုပ်နေသော ပြည်ပပညာရှင်များအနိမ့်ဆုံးလုပ်ခလစာ တိုးမြှင့်ခံစားခွင့်ရရှိမည် သတင်းမှာ ဘာသာပြန်ဆိုချက်လွဲမှားသွားသဖြင့် အဆိုပါသတင်းနှင့်ပတ်သက်၍ သတင်းအမှန်အား ပြင်ဆင်ဖော်ပြအပ်ပါသည်။ (စာတည်း)*

# စင်ကာပူ၌ နိုင်ငံခြားသားအလုပ်သမားများ မိသားစုဝင်များခေါ်ယူနိုင်ရေး လစာနှုန်းထားသတ်မှတ်ချက် မြှင့်တင်ရန်လိုအပ်

**စင်ကာပူ ဇူလိုင် ၂၃**

စင်ကာပူနိုင်ငံ၌ ယခုနှစ် စက်တင်ဘာ ၁ ရက်မှ စတင်မည့် ကာလရှည်အလည်အပတ်ဗီဇာ သို့မဟုတ် မှီခိုသူများ နေထိုင်ခွင့်ဗီဇာအရ နိုင်ငံခြားသား အလုပ်သမားများသည် ၎င်းတို့၏ မိသားစုဝင်များကို ခေါ်ဆောင်နိုင်စေရေးအတွက် ပိုမိုမြင့်မားသည့် လုပ်ခလစာနှုန်းထား သတ်မှတ်ချက်ကို ခံစားခွင့်ရှိရန်လိုအပ်မည်ဖြစ်ကြောင်း စင်ကာပူပြည်သူ့အင်အား ဝန်ကြီးဌာန၏ အင်တာနက် ဝက်ဘ်ဆိုက်တွင် ဖော်ပြထားသည်ကို လေ့လာတွေ့ရှိရသည်။

နိုင်ငံခြားသားလုပ်သားများသည် မှီခိုသူများ နေထိုင်ခွင့်ဗီဇာအရ စင်ကာပူနိုင်ငံ၌ တည်းခိုနေထိုင်မည့် ဇနီး သို့မဟုတ် ခင်ပွန်း သို့မဟုတ် ကလေးသူငယ်များအား တာဝန်ယူခေါ်ဆောင်နိုင်ရန် အနိမ့်ဆုံး ပုံသေလစာငွေ လက်ရှိ စင်ကာပူဒေါ်လာ ၄၀၀၀ ခံစားခွင့်ရှိရာမှ စင်ကာပူဒေါ်လာ ၅၀၀၀ ခံစားခွင့်ရှိရန် လိုအပ်မည်ဖြစ်ကြောင်း အဆိုပါဝန်ကြီးဌာန၏ အကြံပြုလွှာတွင် ဖော်ပြထားသည်။ အဆိုပါ အကြံပြုလွှာကို လွန်ခဲ့သည့် ရက်သတ္တပတ်က ဝက်ဘ်ဆိုက်တွင် တင်ခဲ့ခြင်းဖြစ်သည်။

အလားတူပင် အလုပ်လုပ်ခွင့်ရရှိထားသူ နိုင်ငံခြားသား လုပ်သားများသည် ၎င်းတို့၏ မိဘများအနေဖြင့် ကာလရှည် အလည်အပတ် နေထိုင်ခွင့်ဖြင့် စင်ကာပူ၌ တည်းခိုနေထိုင်နိုင်စေရေးအတွက် ငွေကြေးအထောက်အပံ့ပေးနိုင်ရန် စင်ကာပူဒေါ်လာ ၁၀၀၀၀ ထက်မနည်း ဝင်ငွေရရှိရန် လိုအပ်မည်ဖြစ်သည်။ လက်ရှိ လစာနှုန်းထားသတ်မှတ်ချက်မှာ စင်ကာပူဒေါ်လာ ၈၀၀၀ ဖြစ်ကြောင်း အဆိုပါ ဝက်ဘ်ဆိုက်တွင် ဖော်ပြထားသည်။

စင်ကာပူအစိုးရအဖွဲ့သည် မှီခိုသူဗီဇာနှင့် ကာလရှည် အလည်အပတ်ဗီဇာတို့နှင့်အညီ လစာနှုန်းထားသတ်မှတ်ချက်တို့ သဟဇာတဖြစ်စေရေးအတွက် အချိန်နှင့်တစ်ပြေးညီ ကိုက်ညီပေးနိုင်ရန် ဆောင်ရွက်ပေးလျက်ရှိကြောင်း ပြည်သူ့အင်အားဝန်ကြီးဌာန ပြောရေးဆိုခွင့်ရှိသူတစ်ဦးက စထရိတ်တိုင်းမ်စ်သတင်းစာသို့ ပြောကြားသည်။

စင်ကာပူအစိုးရအဖွဲ့သည် နိုင်ငံအတွင်း အလုပ်လုပ်ကိုင်လျက်ရှိကြသော နိုင်ငံခြားသားပညာရှင်များနှင့် ပတ်သက်၍ ပိုမိုတင်းကျပ်သည့် ဥပဒေစည်းမျဉ်းများကို အောက်တိုဘာ ၁ ရက်မှစ၍ အာဏာသက်ဝင်စေရန် ဆောင်ရွက်လျက်ရှိရာ ယင်းစည်းမျဉ်းသစ်များနှင့်အညီ နိုင်ငံခြားသားပညာရှင်များအတွက် လစာနှုန်းထား သတ်မှတ်ချက်တွင် အပြောင်းအလဲများ ရှိလာမည်ဖြစ်သည်။

စင်ကာပူနိုင်ငံသို့ မိသားစုဝင်များအား ခေါ်ယူလိုသော နိုင်ငံခြားသားများအတွက် အခြေခံလစာသတ်မှတ်ချက်နှုန်းထားကို မြှင့်တင်ရန် ဦးတည်ဆောင်ရွက်ချက်သည် နိုင်ငံခြားသားများအား ငှားရမ်းပုံနှင့် လစာပေးပုံတို့ကို ထိခိုက်စေမည်မဟုတ်ဟု ဆိုသည်။

ကျွမ်းကျင်မှုမြင့်မားသော နိုင်ငံခြားသားပညာရှင်များအား လိုအပ်ချက်ရှိနေလင့်ကစား ၎င်းတို့အနေဖြင့် မိသားစုဝင်များကို ခေါ်ယူနိုင်ရေးရည်ရွယ်ချက်သက်သက်တစ်ခုတည်းအတွက် လစာသတ်မှတ်ချက်နှုန်းထားကို မြှင့်တင်ပေးမည်မဟုတ်ဟု အလုပ်ရှင်များက ပြောကြားကြသည်။

တိုးမြှင့်ထားသည့် လစာသတ်မှတ်ချက်နှုန်းထားနှင့် ကိုက်ညီမှုရှိစေရေးအတွက် ယေဘုယျအားဖြင့် အလုပ်ရှင်များက လစာတိုးမြှင့်ပေးလေ့မရှိကြောင်း၊ လစာနှုန်းထားကို ဆုံးဖြတ်ခြင်းမပြုမီ အလုပ်လျှောက်ထားသူ၏ ကျွမ်းကျင်မှုအဆင့်နှင့် ဈေးကွက်တွင် ဖြစ်ပေါ်နေသော နှုန်းထားတို့အပေါ် ချိန်ဆကြည့်လေ့ရှိကြောင်း Goodrich Global အမည်ရှိ အိမ်တွင်းမွမ်းမံပြင်ဆင်ရေး လုပ်ငန်းကုမ္ပဏီ၏ အမှုဆောင်အရာရှိချုပ် ချန်းချွန်ဘင်းက ပြောကြားသည်။

စင်ကာပူနိုင်ငံ၌ အလုပ်လုပ်ကိုင်လျက်ရှိကြသော နိုင်ငံခြားသားအမှုဆောင်အရာရှိများ (အကြီးတန်းမန်နေဂျာများ)သည် ၎င်းတို့၏ မိသားစုဝင်များကို ခေတ္တအတူနေထိုင်ရန် ခေါ်ယူလေ့မရှိကြပေ။ အကြောင်းမှာ ယင်းနိုင်ငံ၏ လူနေမှုစရိတ်မြင့်မားမှုကြောင့်ဖြစ်သည်။

စင်ကာပူ၌ အလုပ်လုပ်ကိုင်နေကြသော နိုင်ငံခြားသား ပညာရှင်များသည် ၎င်းတို့၏ ဇနီး (သို့မဟုတ်) ခင်ပွန်း (သို့မဟုတ်) သားသမီးများ (သို့မဟုတ်) မိဘများနှင့်အတူ ခေတ္တအတူနေထိုင်နိုင်ရန်အတွက် ဗီဇာများလျှောက်ထားခြင်းမပြုမီ တိုးမြှင့်ပေးသည့် အခြေခံလစာနှုန်းထားသတ်မှတ်ချက်ကို ရရှိခံစားနေသူဖြစ်ရန် လိုအပ်လိမ့်မည်ဟု စင်ကာပူပြည်သူ့အင်အားဝန်ကြီးဌာနက ထုတ်ပြန်ကြေညာထားကြောင်း စထရိတ်တိုင်းမ်စ်သတင်းစာတွင် ဖတ်ရှုရသည်။

**(ရည်ညွှန်း-စထရိတ်တိုင်းမ်စ်သတင်းစာ)**

**ကိုရင်ဩ**



## တရုတ်တွင် အင်တာနက်သုံးစွဲသူ ၆၆၈ သန်းရှိ

**ပေကျင်း ဇူလိုင် ၂၃**

ကမ္ဘာပေါ်တွင် အွန်လိုင်းသုံးစွဲသူဦးရေ အများဆုံး နိုင်ငံဖြစ်သည့် တရုတ်နိုင်ငံ၌ ဇွန်လအတွင်းက အင်တာနက်သုံးစွဲသူ ၆၆၈ သန်းအထိရှိခဲ့ပြီး ၎င်းတို့အနက် မိုဘိုင်းဖုန်းဖြင့် အင်တာနက်သုံးစွဲသူ ၅၉၄ သန်းရှိသည်ဟု သိရသည်။

တရုတ်အင်တာနက်ကွန်ရက် သတင်းအချက်အလက်ဗဟိုဌာန၏ ကိန်းဂဏန်းဖော်ပြချက်များအရ ယခုပထမနှစ်ဝက်အတွင်း တရုတ်အင်တာနက်သုံးစွဲသူဦးရေ ၁၈ ဒသမ ၉ သန်းမြင့်တက်ခဲ့သည်ဟု သိရသည်။ မိုဘိုင်းအင်တာနက် သုံးစွဲသူဦးရေ ၃၆ ဒသမ ၈ သန်း မြင့်တက်လာခဲ့ပြီး မိုဘိုင်းဖုန်းများသည် တရုတ်နိုင်ငံ၏ အင်တာနက်သုံးစွဲမှုတွင် အဓိကပစ္စည်းဖြစ်လာခဲ့သည်။ တရုတ်နိုင်ငံ၏ အင်တာနက်သုံးစွဲမှုတွင် မိုဘိုင်းဖုန်းဖြင့် အင်တာနက်သုံးစွဲမှုမှာ ၈၈ ဒသမ ၉ ရာခိုင်နှုန်းရှိသည်။

မိုဘိုင်းဖုန်းမှတစ်ဆင့် အွန်လိုင်းတွင် ငွေပေးချေခြင်း ၂၆ ဒသမ ၉ ရာခိုင်နှုန်း၊ ဈေးဝယ်ခြင်း ၁၄ ဒသမ ၅ ရာခိုင်နှုန်းနှင့် ခရီးသွားလာရေးအတွက် ဝန်ဆောင်မှုပေးခြင်း ၂၅ ရာခိုင်နှုန်း မြင့်တက်ခဲ့သည်။

တရုတ်နိုင်ငံ ကျေးလက်ဒေသများမှ အင်တာနက်သုံးစွဲဦးရေသည်လည်း မြင့်တက်နေဆဲဖြစ်သည်။ တရုတ်နိုင်ငံတွင် ကျေးလက်ဒေသမှ အင်တာနက်သုံးစွဲသူ ၁၈၆ သန်းရှိပြီး တစ်နိုင်ငံလုံးသုံးစွဲသူဦးရေ၏ ၂၇ ဒသမ ၉ ရာခိုင်နှုန်းရှိသည်ဟု သိရသည်။ **ဆင်ဟွာ။**

## နီပေါနိုင်ငံ ပြန်လည်တည်ဆောက်ရေးတွင် အမေရိကန်ဒေါ်လာ ၁၀ သန်း တရုတ် ထောက်ပံ့မည်

**ခတ္တမန္ဒူ ဇူလိုင် ၂၃**

ငလျင်လှုပ်ခတ်မှုဒဏ်ခံခဲ့ရသော နီပေါနိုင်ငံ ပြန်လည်တည်ဆောက်ရေးလုပ်ငန်းတွင် အမေရိကန်ဒေါ်လာ ၁၀ သန်း ထောက်ပံ့ရန် ဇူလိုင် ၂၃ တွင် တရုတ်နိုင်ငံက သဘောတူညီခဲ့သည်။

ယနေ့နံနက်ပိုင်းတွင် နီပေါနိုင်ငံ ဆင်ဟာဒါဗာမြို့ရှိ ဘဏ္ဍာရေးဝန်ကြီးဌာန၌ ကျင်းပသော ဘေးအန္တရာယ်ကျရောက်မှုကာလအလွန် ပြန်လည်တည်ဆောက်ရေးဆိုင်ရာ နှစ်နိုင်ငံပူးတွဲအစည်းအဝေးကျင်းပပြီးနောက် နီပေါနှင့်တရုတ်နိုင်ငံတို့က အဆိုပါငွေကြေးထောက်ပံ့ရေးနှင့်ပတ်သက်၍ နားလည်မှုစာချွန်လွှာတစ်ရပ်ကို လက်မှတ်ရေးထိုးခဲ့ကြသည်။

တရုတ်နိုင်ငံက နီပေါနိုင်ငံ စီးပွားရေးဖွံ့ဖြိုးမှု လျင်မြန်စွာ ပြန်လည်ကောင်းမွန်လာသည်ကို တွေ့မြင်လိုပါကြောင်း၊ ပြန်လည်တည်ဆောက်ရေးလုပ်ငန်းတွင်လည်း ကူညီပေးရန်ဆန္ဒရှိပါကြောင်း၊ တရုတ်နိုင်ငံ ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန (MOC) မှ နိုင်ငံတကာကုန်သွယ်ရေးဆိုင်ရာ ဒုတိယစေ့စပ်ညှိနှိုင်းရေးကိုယ်စားလှယ် ဇန်ရှန်ချန်းက လက်မှတ်ရေးထိုးပွဲအခမ်းအနားအပြီးတွင် မီဒီယာသို့ ပြောကြားသည်။

နီပေါနိုင်ငံ၏ လူမှုစီးပွားဖွံ့ဖြိုးရေးတွင် အဆက်မပြတ် ကူညီပေးသည့်အတွက် တရုတ်နိုင်ငံကို ကျေးဇူးတင်ရှိပါကြောင်း၊ အဆိုပါထောက်ပံ့ပေးအပ်ငွေကို စီမံကိန်းများရွေးချယ်ဖော်ထုတ်ပြီးနောက် ပြန်လည်တည်ဆောက်ရေးလုပ်ငန်းတွင် အသုံးပြုသွားမည်ဖြစ်ကြောင်း နီပေါနိုင်ငံမှ ဘဏ္ဍာရေးဝန်ကြီး ဆူမန် ပရာဆက် ရှာမာက မီဒီယာသို့ ပြောကြားသည်။ **ဆင်ဟွာ။**

# သတ္တမအကြိမ် နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ (၄၇)ပါး စုံညီ အဌမအစည်းအဝေး ပထမနေ့ ကျင်းပ

**ရန်ကုန် ဇူလိုင် ၂၃**

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် သတ္တမအကြိမ် နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ (၄၇)ပါး စုံညီ အဌမအစည်းအဝေး ပထမနေ့ကို ယနေ့နံနက် ၈ နာရီတွင် ရန်ကုန်တိုင်းဒေသကြီး မရမ်းကုန်းမြို့နယ် သီရိမင်္ဂလာ ကမ္ဘာအေးကုန်းမြေ ဝိဇယမင်္ဂလာဓမ္မသဘင်၌ ကျင်းပသည်။

အစည်းအဝေးသို့ နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ ဥက္ကဋ္ဌ မန္တလေးမြို့ ဗန်းမော်ကျောင်းတိုက် ဆရာတော် အဘိဓဇမဟာရဋ္ဌဂုရု အဘိဓဇအဂ္ဂမဟာသဒ္ဓမ္မ ဇောတိက ဒေါက်တာ ဘဒ္ဒန္တကုမာရာဘိဝံသ၊ နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ အဖွဲ့ဝင် ဆရာတော်ကြီးများ၊ သာသနာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးစိုးဝင်းနှင့် သာသနာရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်၊ တိုင်းဒေသကြီး/ပြည်နယ်များမှ သာသနာရေးမှူးများနှင့် သာသနာရေးဦးစီးဌာနမှ အရာထမ်းများ တက်ရောက်ကြည်ညိုကြသည်။

အစည်းအဝေးတွင် နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ ဥက္ကဋ္ဌ အဘိဓဇမဟာရဋ္ဌဂုရု အဘိဓဇအဂ္ဂမဟာသဒ္ဓမ္မဇောတိက ဒေါက်တာဘဒ္ဒန္တကုမာရာဘိဝံသက သဘာပတိအဖြစ် ဆောင်ရွက်တော်မူပြီး တွဲဖက်အကျိုးတော်ဆောင် အဂ္ဂမဟာပဏ္ဍိတ အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ ဘဒ္ဒန္တဓမ္မပါလာဘိဝံသက အခမ်းအနားမှူးအဖြစ် ဆောင်ရွက်တော်မူသည်။

အခမ်းအနားမှူးဆရာတော်က အစည်းအဝေးစတင်ကြောင်းနှင့် ကြွရောက်တော်မူလာကြသော နိုင်ငံတော်သံဃမဟာနာယက ဆရာတော်ကြီးများ၏ အရေအတွက်ကို ဖတ်ကြားလျှောက်ထားပြီး အစည်းအဝေးထမြောက်အောင်မြင်ကြောင်း ကြေညာသည်။

ရှေးဦးစွာ နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ ဥက္ကဋ္ဌက အစည်းအဝေးဖွင့် သာရဏီယ ဩဝါဒကထာကို မြွက်ကြားတော်မူသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီး ဦးစိုးဝင်းက သာသနာရေးဆိုင်ရာများကို လျှောက်ထားရာတွင် "အနန္တဂုဏ်အင်ကျေးဇူးရှင်ဖြစ်တော်မူသော သဗ္ဗညုဘုရားရှင်သည် ရွှေပြည်နိဗ္ဗာန်ဝင် စံတော်မူပြီးဖြစ်သော်လည်း သက်တော်ထင်ရှားရှိတော်မူစဉ်အခါက သတ္တဝါဝေနေယျတို့ အကျိုးငှာ ဝါတော် ၄၅ ဝါပတ်လုံး ဟောကြားတော်မူခဲ့သော ဝိနည်းသုတ္တန် အဘိဓမ္မာတရားဒေသနာတော်များသည် သင်္ဂါယနာခြောက်တန် ကျေးဇူးကြောင့် မူလပကတိအတိုင်း ဗုဒ္ဓဘုရားရှင်၏ ကိုယ်စားတော်အဖြစ် တည်ရှိနေပါကြောင်း၊ ဗုဒ္ဓဘုရားရှင်၏ အဆုံးအမ တရားတော်များတည်ရှိနေသမျှ ဗုဒ္ဓသာသနာတော်မြတ်ကြီး ထွန်းလင်းစည်ပင်နေမည်ဖြစ်ရာ ဘုရားရှင်က 'ငါဘုရား၏ အဆုံးအမ သာသနာတော်တည်းဟူသော သီလ၊ သမာဓိ၊ ပညာ သုံးဖြာသော အကျင့်မြတ်ကို ဖြောင့်မတ်စွာ လိုက်နာကျင့်ဆောင်နေသူများတည်ရှိနေသမျှ သာသနာတော်သည် တည်တံ့ပြန့်ပွားနေပေလိမ့်မည်'ဟု မိန့်ကြားတော်မူခဲ့သည်ကို ဆရာတော်ကြီးများ၏ ဟောဖော်ညွှန်ပြမှုအရ သိရှိရပါကြောင်း။

ပထမအကြိမ်မှစ၍ ယခု သတ္တမအကြိမ်အထိ ဂိုဏ်းပေါင်းစုံပါဝင်သည့် နိုင်ငံတော်ဩဝါဒါစရိယအဖွဲ့ ဆရာတော်ကြီးများသည် နှစ်စဉ်ကျင်းပသည့် နိုင်ငံတော်ဗဟိုသံဃာ့ဝန်ဆောင် အစည်းအဝေးပွဲကြီးသို့ကြွရောက်တော်မူကြပြီး ဩဝါဒကထာ ချီးမြှင့်တော်မူကြလျက်ရှိပါကြောင်း၊ ဂိုဏ်းပေါင်းစုံပါဝင်သည့် နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ ဆရာတော်ကြီးများသည်လည်း အဖွဲ့ခွဲ(၃)ဖွဲ့ခွဲကာ သာသနာတော်သန့်ရှင်းတည်တံ့ ပြန့်ပွားရေးလုပ်ငန်းများကို 'သံဃာ့ကိစ္စ သံဃာဆောင်ရွက်ရေး'မူနှင့်အညီ ဆောင်ရွက်တော်မူလျက်ရှိပါကြောင်း။

ဂိုဏ်းပေါင်းစုံသံဃာ့အဖွဲ့အစည်းကြီး ပေါ်ပေါက်လာသည်နှင့်အမျှ သာသနာတော် သန့်ရှင်းတည်တံ့ပြန့်ပွားရေးလုပ်ငန်းများဆောင်ရွက်ရာတွင် ထေရဝါဒ ဗုဒ္ဓပိဋကတ်တော်များနှင့် ဆန့်ကျင်ပြီး ထေရဝါဒဗုဒ္ဓသာသနာတော်ကို ဆန့်ကျင်ဖျက်ဆီးနေကြသည့်ကျောက်သဘော်ဝါဒ၊ လူသေလူဖြစ် အရှင်ဥက္ကဋ္ဌဝါဒ အစရှိသော အဓမ္မဝါဒ အဖွဲ့အစည်း(၁၇)ဖွဲ့တို့အား အဓမ္မဝါဒအဖြစ် စိစစ်ဆုံးဖြတ်၍ ဖော်ထုတ်ရှင်းလင်းနိုင်ခဲ့ပါကြောင်း၊ ဝိနည်းသိက္ခာပုဒ်တော်အရ သာသနာတော်နှင့်မသင့်လျော်ဘဲ သာသနာတော်အား အကြည်ညိုပျက်စေသည့် ရဟန်းတု ရဟန်းယောင်များ၊ အကျင့်ပျက် ဒုသီလပုဂ္ဂိုလ်များအား ဓမ္မစက်၊ အာဏာစက် အရှိန်အဝါဖြင့် ရှင်းလင်းဖယ်ရှားနိုင်ခြင်းသည်လည်း ဂိုဏ်းပေါင်းစုံသံဃာ့အဖွဲ့အစည်းကြီး၏သာသနာတော် သန့်ရှင်းရေးအတွက် အရေးပါသော ဆောင်ရွက်မှုဖြစ်ခဲ့ပါကြောင်း။

ဝါဆိုသံဃာစာရင်းဝင် ရဟန်းသာမဏေများအနက် သာသနာဝင် မှတ်တမ်းမပြုလုပ်ရသေးသော ရဟန်း၊ အသက် (၁၈) နှစ်ပြည့်ပြီးသော်လည်း သာသနာဝင်မှတ်တမ်းမရသေးသော သာမဏေများနှင့် သာသနာ့နွယ်ဝင်မှတ်တမ်းမရရှိသေးသော သီလရှင်များအား သာသနာဝင် ကတ်ပြားများ ဆက်ကပ်နိုင်ရေးအတွက် သက်ဆိုင်ရာမြို့နယ် လူဝင်မှုကြီးကြပ်ရေးနှင့် အမျိုးသားမှတ်ပုံတင်ရေးဦးစီးဌာနတို့နှင့် ညှိနှိုင်းမှုယူပြီး မြို့နယ်သံဃနာယကအဖွဲ့ ဆရာတော်များနှင့်ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်လျက်ရှိပါသည်ဘုရား"ဟု စသည်ဖြင့် လျှောက်ထားသည်။**(အပေါ်ပုံ)**

ယင်းနောက် သတ္တမအကြိမ် နိုင်ငံတော်သံဃမဟာနာယကအဖွဲ့(ပထမအဖွဲ့ခွဲ)၏ ဒုတိယအကြိမ် တာဝန်ကျရာ ကာလအတွင်း ဆောင်ရွက်ချက်အစီရင်ခံစာအကျဉ်းကို တာဝန်ကျအဖွဲ့ခွဲ၏ကိုယ်စား တွဲဖက်အကျိုးတော်ဆောင် ဆရာတော်က တင်သွင်းလျှောက်ထားသည်။

ထို့နောက် သတ္တမအကြိမ် နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ခွဲ (ပထမအဖွဲ့ခွဲ)၏ ဒုတိယအကြိမ်တာဝန်ကျရာကာလအတွင်း ဆောင်ရွက်ချက်အစီရင်ခံစာအကျဉ်းကို အဖွဲ့ဝင် ဆရာတော်များက ကဏ္ဍအလိုက်တင်သွင်းလျှောက်ထားသည်။

ယင်းနောက် သာသနာရေးဆိုင်ရာကိစ္စများ၊ ဝိနိစ္ဆယရေးဆိုင်ရာကိစ္စများ၊ ပညာရေးဆိုင်ရာကိစ္စများကို တင်ပြလျှောက်ထားရာ တာဝန်ကျအဖွဲ့ခွဲ ဆရာတော်များက ဝေဖန် ဆွေးနွေးတော်မူကြပြီး အစည်းအဝေးကို မွန်းလွဲပိုင်းတွင် ရပ်နားသည်။

ယနေ့အစည်းအဝေးသို့ ကြွရောက်တော်မူလာကြသော နိုင်ငံတော်သံဃမဟာ နာယက ဆရာတော်ကြီးများအား အလှူရှင် ကျိုက္ကစံ ဝေဠုဝန်ကျောင်းတိုက်ဆရာတော် ဘဒ္ဒန္တမာနိတနှင့် တပည့်ဒါယကာ ဒါယိကာမများက ပန္နရသမအကြိမ်အဖြစ် နေ့ဆွမ်းဆက်ကပ်လှူဒါန်းခဲ့ကြသည်။

**(သတင်းစဉ်)**



# ရွှေတိဂုံစေတီတော် ဓမ္မစကြာအခါတော်နေ့နှင့် ဝါဆိုရွှေကြာသက်န်း ကပ်လှူပူဇော်ပွဲ ကျင်းပမည်

**ရန်ကုန် ဇူလိုင် ၂၃**

လေးဆူဓာတ်ပုံ ရွှေတိဂုံစေတီတော်မြတ်ကြီး ဂေါပကအဖွဲ့က ကြီးမှူး၍ ၁၃၇၇ ခုနှစ် ဒုတိယ ဝါဆိုလပြည့် (ဇူလိုင် ၃၁ ရက်-သောကြာနေ့)တွင် ဓမ္မစကြာအခါတော်နေ့နှင့် ဝါဆိုရွှေကြာသင်္ကန်း ကပ်လှူပူဇော်ပွဲတို့ကို ဘာသာရေးထုံးတမ်းစဉ်လာနှင့်အညီ အစဉ်အလာမပျက် စည်ကားသိုက်မြိုက်စွာ ကျင်းပမည်ဖြစ်သည်။

အစီအစဉ်များအရ စေတီတော် ဩဝါဒါစရိယ ဆရာတော်ကြီးများ၊ ဂေါပကအဖွဲ့ဝင်များ၊ ဘာသာရေးဝတ်အသင်းများနှင့် ဘုရားဖူးလာပြည်သူများက ဝါဆိုလပြည့် နံနက် ၅ နာရီတွင် စေတီတော် ရင်ပြင်တောင်ဘက်ဧည့်ခံတန်ဆောင်း၌ ဗုဒ္ဓရှင်တော်မြတ်ဘုရားအား ရည်မှန်း၍ ရွှေတိဂုံစေတီတော်ကြီးအား ဆွမ်း၊ သစ်သီးဆွမ်း၊ ပန်း၊ ရေချမ်း၊ ဆီမီး၊ အမွှေးတိုင်တို့ဖြင့် ဆက်ကပ်ပူဇော်ကြပြီး နံနက် ၆ နာရီတွင် ရှေးဟောင်းဗုဒ္ဓရုပ်ပွားတော်များ တန်ဆောင်း၌ ဓမ္မစကြာအခါတော်နေ့ အခမ်းအနားကို ဘာသာရေးထုံးတမ်းစဉ်လာနှင့်အညီ ကျင်းပမည်ဖြစ်သည်။

နံနက် ၇ နာရီတွင် ဘာသာရေးအသင်းအဖွဲ့ဝင်များက ဝါဆိုရွှေကြာသင်္ကန်းများအား ပင့်ဆောင်ကာ ရှေးဟောင်း ဗုဒ္ဓရုပ်ပွားတော်များတန်ဆောင်းစုရပ်မှ စေတီတော်ရင်ပြင် တစ်ပတ်လှည့်လည်ပူဇော်ပြီး စေတီတော် အထက်ပစ္စယံရှိ ပတ္တမြားမျက်ရှင် ဗုဒ္ဓရုပ်ပွားတော်နှင့် စေတီတော်ရင်ပြင် မုခ်လေးမုခ်ရှိ ဘုရားလေးဆူတို့၌ ကပ်လှူပူဇော်ကြမည်ဖြစ်သည်။

ယင်းနောက် နံနက် ၉ နာရီခွဲတွင် ရှေးဟောင်းဗုဒ္ဓရုပ်ပွားတော်များတန်ဆောင်း၌ စေတီတော် ဩဝါဒါစရိယ ဆရာတော်ကြီးများထံမှ စေတီတော်ဂေါပကအဖွဲ့ဝင်များ၊ ဘာသာရေးအသင်းအဖွဲ့ဝင်များက ဝါတွင်းသီလ ခံယူဆောက်တည်ပြီး ရောင်တော်ဖွင့်တန်ဆောင်း၌ ဩဝါဒါစရိယ ဆရာတော်ကြီးများ၊ ပင့်သံဃာတော်များအား နေ့ဆွမ်းဆက်ကပ်လှူဒါန်းကြမည်ဖြစ်သည်။

ရွှေတိဂုံစေတီတော်ဩဝါဒါစရိယ ဆရာတော်ကြီးများထံမှ ၁၃၇၇ ခုနှစ် ဒုတိယဝါဆိုလပြည့်နေ့မှ ကြားရက် ဥပုသ်နေ့များ အပါအဝင် သီတင်းကျွတ်လပြည့်အထိ ဥပုသ်သီလခံယူပွဲများ ကျင်းပရန် စေတီတော်ဂေါပကအဖွဲ့က စီစဉ်ထားပြီးဖြစ်ရာ ရဟန်းရှင်လူပြည်သူအများ ပါဝင်ကုသိုလ်ပြုနိုင်ကြောင်း သိရသည်။

**(ကိုချစ်)**

# မြန်မာနိုင်ငံတင်းနစ်အဖွဲ့ချုပ် နည်းပြအဖွဲ့ ဖွဲ့စည်းမည်

**ရန်ကုန် ဇူလိုင် ၂၃**

မြန်မာနိုင်ငံအိုလံပစ်ကော်မတီ အားကစားဝန်ကြီးဌာန၏ရည်မှန်းချက်၊ မြန်မာနိုင်ငံတင်းနစ်အဖွဲ့ချုပ်၏ လိုအပ်ချက် အကောင်အထည်ဖော်ရန်အတွက် တင်းနစ်နည်းပြများအဖွဲ့အစည်းကို ဖွဲ့စည်းမည်ဖြစ်သည်။ နည်းပြအလုပ်အမှုဆောင်အဖွဲ့အား မြန်မာနိုင်ငံတင်းနစ်အဖွဲ့ချုပ်၏ ဖွဲ့စည်းရေးကော်မတီမှ ကြီးကြပ်ဖွဲ့စည်းပေးမည်ဖြစ်သည်။ သို့ဖြစ်ပါ၍ မြန်မာနိုင်ငံရှိ မည်သည့်တင်းနစ်နည်းပြမဆို အသင်းဝင်အဖြစ် လျှောက်ထားနိုင်ပါသည်။ အသင်းဝင်လိုသော နည်းပြများသည် မြန်မာနိုင်ငံတင်းနစ်အဖွဲ့ချုပ် ရုံးဖုန်း ၀၁-၃၇၂၃၆၀၊ ၀၉-၂၅၀၀၂၀၀၅၄ သို့ ဆက်သွယ်ကာ အသင်းဝင်အဆိုပြုလွှာတင်သွင်းနိုင်ကြောင်း သိရသည်။

**(ကြေးမုံ)**



# မြန်မာ့ပုလဲရောင်းချပွဲ ဆက်လက်ကျင်းပ

**နေပြည်တော် ဇူလိုင် ၂၃**

မြန်မာ့ ပုလဲရောင်းချပွဲကို နေပြည်တော်ရှိ မဏိရတနာ ကျောက်စိမ်းခန်းမ၌ ကျင်းပလျက်ရှိရာ **(အပေါ်ပုံ)** ယနေ့တွင် ပုလဲအတွဲပေါင်း ၁၁၄ တွဲကို တင်ဒါစနစ်ဖြင့် ရောင်းချသွားမည်ဖြစ်ပြီး ပုလဲအတွဲ ၁၁၄ တွဲမှာ မြန်မာ့ပုလဲထုတ်လုပ်ရေးနှင့် ရောင်းဝယ်ရေးလုပ်ငန်းမှ ပုလဲအတွဲ ၁၀၅ တွဲ၊ မြန်မာ အတ္တလန်တစ်ကုမ္ပဏီမှ ပုလဲအတွဲ ၈ တွဲနှင့် အောင်ဇမ္ဗူကုမ္ပဏီမှ ပုလဲအတွဲ ၁ တွဲတို့ဖြစ်ကြောင်း သိရသည်။

ယနေ့တွင် ပုလဲကုန်သည်များသည် ပုလဲအတွဲများကို လွတ်လပ်စွာ ကြည့်ရှုလေ့လာပြီး တင်ဒါပုံးအမှတ်-၁ အတွင်း ညနေ ၃နာရီ နောက်ဆုံးထား၍ အဆိုပြုလွှာများ ထည့်သွင်းရမည်ဖြစ်ပြီး တင်ဒါအောင်မြင်သူများကို ညနေ ၄နာရီမှ စတင်ကာ ကြေညာသွားမည်ဖြစ်သည်။

မြန်မာ့ပုလဲရောင်းချပွဲတွင် မြန်မာ့ပုလဲထုတ်လုပ်ရေးနှင့် ရောင်းဝယ်ရေးလုပ်ငန်းမှ ပုလဲအတွဲ ၃၁၅ တွဲ၊ မြန်မာအတ္တလန်တစ် ကုမ္ပဏီမှ ပုလဲအတွဲ ၂၂ တွဲနှင့် အောင်ဇမ္ဗူကုမ္ပဏီမှ ပုလဲအတွဲ ၅ တွဲတို့ကို ရောင်းချသွားမည်ဖြစ်ပြီး အဆိုပါရောင်းချပွဲသို့ ပြည်တွင်း ပုလဲကုန်သည်များအပြင် ဂျပန်၊ နော်ဝေ၊ တရုတ်၊ စင်ကာပူ၊ ထိုင်း၊ အိန္ဒိယစသည့် နိုင်ငံများမှ ပုလဲကုန်သည်များလည်း လာရောက်ကြကြောင်း သိရသည်။ **(သတင်းစဉ်)**

# လော်ခီးလာညီလာခံ၌ တိုင်းရင်းသားလက်နက်ကိုင်ခေါင်းဆောင်များ အဆိုတင်သွင်းထားသည့် အချက် (၁၃)ချက်လုံး ဒုတိယနေ့အစည်းအဝေးတွင် ဆွေးနွေးနိုင်

**ရန်ကုန် ဇူလိုင် ၂၃**

ပြည်ထောင်စုငြိမ်းချမ်းရေးဖော်ဆောင်ရေးလုပ်ငန်းကော်မတီ (UPWC) နှင့် တိုင်းရင်းသား လက်နက်ကိုင်အဖွဲ့အစည်းများ၏ တစ်နိုင်ငံလုံး အပစ်အခတ်ရပ်စဲရေးဆိုင်ရာ အဆင့်မြင့်ညှိနှိုင်းရေး ကိုယ်စားလှယ်အဖွဲ့ (SD) တို့၏ (၈) ကြိမ်မြောက် တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးဆိုင်ရာ သဘောတူညီမှု စာချုပ် NCA ညှိနှိုင်းအစည်းအဝေး ဒုတိယနေ့အဖြစ် ယနေ့နံနက် ၁၀ ရီက ရန်ကုန်မြို့ ရွှေလီလမ်းရှိ မြန်မာနိုင်ငံ ငြိမ်းချမ်းရေးနှင့် ပြန်လည်ထူထောင်ရေးလုပ်ငန်းဗဟိုဌာန (MPC )တွင် ဆက်လက်ကျင်းပခဲ့သည်။

အစည်းအဝေးမစတင်မီ ပြည်ထောင်စုငြိမ်းချမ်းရေးဖော်ဆောင်ရေးလုပ်ငန်းကော်မတီ (UPWC)၏ ဒုတိယဥက္ကဋ္ဌ ပြည်ထောင်စုဝန်ကြီး ဦးအောင်မင်းနှင့် တစ်နိုင်ငံလုံး အပစ်အခတ်ရပ်စဲရေးဆိုင်ရာ အဆင့်မြင့်ညှိနှိုင်းရေး ကိုယ်စားလှယ်အဖွဲ့ (SD) အဖွဲ့ခေါင်းဆောင် ကရင်အမျိုးသား အစည်းအရုံး ဒုတိယဥက္ကဋ္ဌ ပဒိုနော်စီဖိုးရာစိန်တို့က အဖွင့်မိန့်ခွန်းပြောကြားသည်။

ယနေ့ပြုလုပ်သော (UPWC) နှင့် အပစ်အခတ်ရပ်စဲရေးဆိုင်ရာ အဆင့်မြင့်ညှိနှိုင်းရေး ကိုယ်စားလှယ်အဖွဲ့ (SD)တို့၏ NCA စာချုပ်အတွက် ဒုတိယနေ့ဆွေးနွေးပွဲအား ညနေ ၄ နာရီခွဲတွင် ရပ်နားခဲ့ပြီး အစည်းအဝေးတွင် လော်ခီးလာညီလာခံမှ အဆိုတင်သွင်းသည့် အချက် (၁၃)ချက်အနက် ကျန်ရှိနေသေးသည့် အချက် (၉)ချက်စလုံးအား ဒုတိယနေ့ဆွေးနွေးပွဲတွင် ဆွေးနွေးနိုင်ခဲ့ကြကြောင်း သိရသည်။

မြန်မာနိုင်ငံ ငြိမ်းချမ်းရေးနှင့် ပြန်လည်ထူထောင်ရေးလုပ်ငန်းဗဟိုဌာန MPC၏ အထူးအကြံပေးပုဂ္ဂိုလ် ဦးလှမောင်ရွှေ၊ တစ်နိုင်ငံလုံး အပစ်အခတ်ရပ်စဲရေးဆိုင်ရာ အဆင့်မြင့်ညှိနှိုင်းရေးကိုယ်စားလှယ်အဖွဲ့ (SD)၏ ဒုတိယအဖွဲ့ ခေါင်းဆောင်(၂) ပူးဇင်ကျုံးနှင့် SD အဖွဲ့ဝင် ဦးနိုင်ဟံသာတို့က ညနေ ၆ နာရီတွင် သတင်းမီဒီယာများအား ယနေ့ပြုလုပ်သည့် ဆွေးနွေးချက်များနှင့် ပတ်သက်၍ ရှင်းလင်းပြောကြားရာတွင် ယနေ့ပြုလုပ်သည့် နှစ်ရက်တာအစည်းအဝေးပြီးသည်အထိ လော်ခီးလာညီလာခံမှ အဆိုပြုထားသည့် NCA မူကြမ်းတွင် ပြန်လည်သုံးသပ်ချင်သည့် အချက် (၁၃)ချက်လုံးကို ဆွေးနွေးပွဲမှာ ဆွေးနွေးခဲ့နိုင်ကြောင်း၊ ဆွေးနွေးခဲ့သော (၁၃)ချက်အနက် အချက်(၁၀)ချက်အား NCA စာချုပ်တွင် အချောသပ် ညှိနှိုင်းနိုင်ခဲ့သည်ဟုပြော၍ရပါကြောင်း၊ ကျန်ရှိနေသည့် အချက် (၃) ချက်အနက် အချက် (၂) ချက်ကိုလည်း နှစ်ဖက်ခေါင်းဆောင်များအနေဖြင့် ယာယီသဘောတူညီထားပြီးဖြစ်ကြောင်း၊ ကျန်ရှိနေသည့် အချက်တစ်ချက်ကိုသာလျှင် ဆွေးနွေးရန်လိုတော့ကြောင်း၊ တိုင်းရင်းသားများဘက်တွင် ကျန်ရှိသည့် ခေါင်းဆောင်များအား မေးမြန်းပြီးပါက UPWC ကို ပြန်တင်ပြမည်ဟု ယေဘုယျသဘောတူထားကြောင်း။

လက်ရှိခေါင်းဆောင်များဘက်က အဆိုပြုထားပြီး



ဆွေးနွေးပွဲအစီအစဉ်တွင် တစ်နိုင်ငံလုံး အပစ်အခတ်ရပ်စဲရေး သဘောတူစာချုပ် (NCA) စာချုပ်အား အစိုးရနှင့် တိုင်းရင်းသားဘက်မှ မည်သည့်ခေါင်းဆောင်များ ပါဝင်လက်မှတ်ရေးထိုးမည်ဆိုသည့်ကိစ္စရပ်၊ NCA စာချုပ်လက်မှတ်ရေးထိုးရာတွင် နိုင်ငံတကာသက်သေအဖြစ် ဖိတ်ကြားသွားမည့်ကိစ္စရပ်၊ NCA စာချုပ် လက်မှတ်ရေးထိုးရာတွင် တိုင်းရင်းသားများဘက်မှ အဆိုပြုထားသည့် အားလုံးပါဝင်နိုင်ရေးကိစ္စရပ်များကို တတိယနေ့အစည်းအဝေးတွင် ဆက်လက်ဆွေးနွေးသွားမည်ဖြစ်ကြောင်း ပြောကြားခဲ့သည်။

ပြည်ထောင်စုငြိမ်းချမ်းရေးဖော်ဆောင်ရေးလုပ်ငန်းကော်မတီနှင့် တိုင်းရင်းသား လက်နက်ကိုင်အဖွဲ့အစည်းများ၏ တစ်နိုင်ငံလုံး အပစ်အခတ်ရပ်စဲရေးဆိုင်ရာ အဆင့်မြင့်ညှိနှိုင်းရေး ကိုယ်စားလှယ်အဖွဲ့ (SD) တို့၏ တတိယနေ့အစည်းအဝေးအဖြစ် ဇူလိုင် ၂၄ ရက် နံနက် ၉ နာရီတွင် မြန်မာနိုင်ငံ ငြိမ်းချမ်းရေးနှင့် ပြန်လည်ထူထောင်ရေးလုပ်ငန်းဗဟိုဌာန၌ ဆက်လက်ပြုလုပ်သွားမည်ဖြစ်ကြောင်း သိရသည်။ **(သတင်းစဉ်)**

---

# NCA စာချုပ်အား ပြန်လည်သုံးသပ်ရန် လော်ခီးလာမှ အဆိုပြုသည့် အချက် (၁၃)ချက်နှင့်ပတ်သက်သည့် နှစ်ဖက်သဘောထားအမြင်များ

သတင်း - ရဲခေါင်ညွှန့်၊ မြတ်သန္တာမောင်
ဓာတ်ပုံ - ဖိုးထောင်

ပြည်ထောင်စုငြိမ်းချမ်းရေးဖော်ဆောင်ရေး လုပ်ငန်းကော်မတီ (UPWC) နှင့် တိုင်းရင်းသား လက်နက်ကိုင် အဖွဲ့အစည်းများ၏ တစ်နိုင်ငံလုံး အပစ်အခတ်ရပ်စဲရေးဆိုင်ရာ အဆင့်မြင့်ညှိနှိုင်းရေး ကိုယ်စားလှယ်အဖွဲ့ (SD) တို့သည် ဒုတိယနေ့ဆွေးနွေးပွဲအဖြစ် ယနေ့ ရန်ကုန်မြို့ ရွှေလီလမ်းရှိ မြန်မာနိုင်ငံ ငြိမ်းချမ်းရေးနှင့် ပြန်လည်ထူထောင်ရေးလုပ်ငန်းဗဟိုဌာန (MPC ) တွင် ဆက်လက်ပြုလုပ်ခဲ့သည်။

နှစ်ဖက်အဖွဲ့များ၏ နှစ်ရက်တာ ဆွေးနွေးပွဲတွင် ၂၀၁၅ ဇွန်လတွင်းက ပြုလုပ်ခဲ့သည့် လော်ခီးလာညီလာခံတွင် တိုင်းရင်းသားလက်နက်ကိုင်ခေါင်းဆောင်များ အဆိုပြုထားသည့် NCA မူကြမ်းအတွက် ပြန်လည်သုံးသပ်လိုသည့် အချက် (၁၃)ချက်အား ဆွေးနွေးနိုင်ခဲ့သည်။ နှစ်ရက်တာကာလအတွင်း နှစ်ဖက်ခေါင်းဆောင်များ၏ ဆွေးနွေးချက် ရလဒ်များနှင့်ပတ်သက်ပြီး ဇူလိုင် ၂၃ ရက် ညနေပိုင်းတွင် ပြုလုပ်သည့်သတင်းစာရှင်းလင်းပွဲတွင် ပြောကြားချက်များကို ကောက်နုတ်ဖော်ပြအပ်ပါသည်။

**ဦးလှမောင်ရွှေ**
**MPC ၏ အထူးအကြံပေး**

တိုင်းရင်းသားလက်နက်ကိုင်ခေါင်းဆောင်တွေ ဇွန်လတုန်းက လော်ခီးလာညီလာခံမှာ အဆိုပြုထားတဲ့ NCA မူကြမ်းအတွက် ပြန်လည်ပြီးတော့ သုံးသပ်ချင်တဲ့ အချက်(၁၃) ချက်လုံးကို နှစ်ရက်တာ ဆွေးနွေးပွဲအပြီးမှာတော့ ကျွန်တော်တို့ ဆွေးနွေးနိုင်ခဲ့ပါပြီ။ ဆွေးနွေးခဲ့တဲ့ အချက် (၁၃) ချက်ထဲက (၁၀) ချက်ကတော့ စာချုပ်ချောပြီးသွားပြီ ဖြစ်တဲ့အတွက် သုံးချက်ပဲကျန်တယ်လို့ ပြောလို့ရတယ်။ အဲ့ဒီအချက်သုံးချက်မှာလည်း ကျန်တဲ့နှစ်ချက်ကို နှစ်ဖက်ခေါင်းဆောင်များက ယာယီအားဖြင့်တော့ သဘောတူညီထားပြီဖြစ်ပါတယ်။ တစ်ချက်ကိုသာပဲ ကျွန်တော်တို့ဆွေးနွေးဖို့ ကျန်ပါတယ်။ ဒါကြောင့် အခုပြုလုပ်နေတဲ့



ဦးလှမောင်ရွှေ။

အစည်းအဝေးအစီစဉ်ရဲ့ ပထမတစ်ခုဖြစ်တဲ့ NCA စာချုပ်မူကြမ်းကို ညှိနှိုင်းတာ သုံးလေးရက်အတွင်းမှာ ပြီးနိုင်တယ်လို့ ပြောလို့ရပါတယ်။ ကျန်တဲ့ အစီစဉ် (၃)ခုကတော့ မနက်ဖြန် ညှိနှိုင်းမှုအပေါ်မှာပဲ မူတည်ပါတယ်။

ကျွန်တော်တို့ ဇူလိုင် ၂၄ ရက် နံနက် ၉ နာရီမှာ တတိယနေ့အဖြစ် လက်ရှိ ခေါင်းဆောင်တွေဘက်က အဆိုပြုထားတဲ့ ဆွေးနွေးပွဲအစီအစဉ်မှာ ကျန်ရှိတဲ့ (၃)ခုကို ဆက်ပြီးတော့ ဆွေးနွေးပါမယ်။ ကျန်ရှိတဲ့ ဆွေးနွေးပွဲအစီစဉ်တွေက နံပါတ်နှစ်၊သုံး၊ လေးပါ။ နံပါတ် (၂) က အစိုးရဘက်နဲ့ တိုင်းရင်းသားတွေဘက်က ဘယ်ခေါင်းဆောင်တွေ NCA စာချုပ်ကို လက်မှတ်ထိုးမလဲ။ နံပါတ် (၃)က နိုင်ငံတကာ သက်သေတွေအနေနဲ့ ဘယ်သူတွေကို ဖိတ်ကြားပြီး လက်မှတ်ထိုးမလဲ။ နံပါတ် (၄) ကတော့ အစိုးရဘက်က အဆိုပြုထားတဲ့ (၁၅) ဖွဲ့ကို စတင်လက်မှတ်ထိုးဖို့နဲ့ တိုင်းရင်းသားတွေဘက်က အဆိုပြုထားတဲ့အားလုံးပါဝင်နိုင်ရေးကို ဆွေးနွေးပါမယ်။



ပူးဇင်ကျုံး။

**ပူးဇင်ကျုံး**
**အဆင့်မြင့်ညှိနှိုင်းရေးကိုယ်စားလှယ်အဖွဲ့ (SD)၏**
**ဒုတိယအဖွဲ့ခေါင်းဆောင် (၂)**

ကျွန်တော်တို့ ဆွေးနွေးနေတာက တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးဆိုင်ရာ စာချုပ် NCA မူကြမ်းထဲမှာ တစ်နိုင်ငံလုံးဆိုင်ရာအပစ်အခတ်ရပ်စဲရေးညှိနှိုင်းရေးအဖွဲ့(NCCT)နဲ့ ပြည်ထောင်စု ငြိမ်းချမ်းရေးဖော်ဆောင်ရေး လုပ်ငန်းကော်မတီ (UPWC) ကြားထဲမှာ (၁၇) လတာ ကာလအတွင်း သဘောတူထားခဲ့တဲ့ အချက်တွေကို ဆိုလိုခြင်းဖြစ်ပါတယ်။ ဒီအချက်ထဲမှာပါတဲ့ ဟာတွေကို လော်ခီးလာညီလာခံမှာ ဆက်ပြီး ဆွေးနွေးပါတယ်။ မူကြမ်းထဲမှာပါတဲ့ အချက်တွေထဲက (၁၃)ချက်ကို ပြင်ဆင်ဖို့ကို ကျွန်တော်တို့ ဆုံးဖြတ်ချက်ချထားတာ ရှိပါတယ်။ ဒီ (၁၃) ချက်ကို နှစ်ရက်တာကာလအတွင်း ဆွေးနွေးနေတာ ဖြစ်ပါတယ်။ ဒီနေ့ဆိုရင် (၁၀)ချက်ပြီးတယ်လို့ ယူဆလို့ရတယ်။ ကျန်တဲ့ သုံးချက်ကတော့ ကျွန်တော်တို့ တိုင်းရင်းသားတွေ



ဦးနိုင်ဟံသာ။

ဘက်မှာရှိတဲ့ ခေါင်းဆောင်တွေကို မေးမြန်းမှာဖြစ်တယ်။ ဒါတွေကို အစည်းအဝေးခန်းမ၊ ဒါမှမဟုတ်ရင်လည်း UPWC ကို ပြန်တင်ပြမှာဖြစ်ပါတယ်။ ယေဘုယျတော့ အဲ့ဒီလောက် သဘောတူထားတယ်လို့ ပြောလို့ရပြီ။

မူကြမ်းထဲမှာက အဓိကကတော့ စာချောအောင် လုပ်တာပါ။ ပြင်ဆင်တာတွေ၊ ဖြည့်စွက်တာတွေ ကျွန်တော်တို့ မလုပ်ပါဘူး။ တချို့ကိစ္စတွေကိုတော့ ကျွန်တော်တို့ ဆုံးဖြတ်ချက်အနေနဲ့ ထားပါတယ်။ ဒီနေ့ သဘောတူဆွေးနွေးတဲ့ (၁၀)ချက်ထဲမှာ ဆုံးဖြတ်ချက်နဲ့ထားတာ ငါးချက်၊ ခြောက်ချက်လောက် ရှိပါတယ်။ မူကြမ်းမှာ စာချောလိုက်တာက လေးငါးချက်လို့ အကြမ်းဖျင်း ပြောလို့ရပါတယ်။

ကျွန်တော်တို့အနေနဲ့ ဒီနေ့အစည်းအဝေးအပြီးမှာ အလွတ်သဘောအနေနဲ့ UPWC က ခေါင်းဆောင်များနဲ့ ဆွေးနွေးဖြစ်ပါတယ်။ အခုလက်ရှိမှာ ဖြစ်နေတဲ့ တိုက်ပွဲတွေက NCA လက်မှတ်မရေးထိုးနိုင်ခင်မှာ မဖြစ်သင့်ဘူးလို့ ကျွန်တော်တို့ တိုင်းရင်းသားတွေ ဘက်ကတော့ တင်ပြထားပါတယ်။ UPWC ဘက်ကလည်း NCA လက်မှတ်မရေးထိုးနိုင်ခင်မှာ ဒီလိုအဖြစ်ပျက်မျိုး ဖြစ်တာဟာ ဖြစ်သင့်ဖြစ်ထိုက်တဲ့ ကိစ္စမဟုတ်ဘူးလို့ ကျွန်တော်တို့ ဆီကိုအကြောင်းပြန်ကြားထားပါတယ်။ ဒါဟာဆိုရင် ဒီလိုဖြစ်တဲ့ ကိစ္စတွေဟာ မဖြစ်သင့်ဘူးလို့ နှစ်ဖက်စလုံးက ယူဆတယ်ဆိုတာမျိုး ကျွန်တော်တို့ ကောက်ချက်ချလို့ရပါတယ်။ ကျွန်တော်တို့ အနေနဲ့ နှစ်ဖက်ယုံကြည်မှု တည်ဆောက်ဖို့ဟာ အင်မတန်မှ အရေးကြီးပါတယ်။ NCA လက်မှတ်ရေးထိုးနိုင်ရေးအတွက် တစ်ဖက်နဲ့တစ်ဖက် တိုက်ပွဲဖြစ်နေလို့ရှိရင် စာချုပ်လက်မှတ်မရေးထိုးနိုင်ဘဲနဲ့ အချိန်တွေကြန့်ကြာသွားနိုင်တယ်။ နှောင့်နှေးသွားနိုင်တယ်။ မလိုလားအပ်တဲ့ ပြဿနာတွေ ပေါ်လာနိုင်တယ်ဆိုတာကို လော်ခီးလာ ညီလာခံမှာကတည်းက ကျွန်တော်တို့ ဆွေးနွေးထားပြီးသားပါ။ အဲ့သလို မဖြစ်ရအောင် နှစ်ဖက်ထိန်းထိန်းသိမ်းသိမ်းရှိကြဖို့ ကျွန်တော်တို့ ပြောနေတာဖြစ်ပါတယ်။ တိုင်းရင်းသား ဘက်ကတော့ NCA လက်မှတ်မရေးထိုးခင်မှာ တိုင်းရင်းသားတပ်တွေကို လှုပ်ရှားမှုတွေ မလုပ်ဖို့နဲ့၊ Major Operation ကြီးတွေကို တတ်နိုင်သလောက် ရှောင်ရှားဖို့နဲ့ ပစ်ခတ်တိုက်ခိုက်မှုတွေ မလုပ်ဖို့ ကျွန်တော်တို့ ပြောနေတာတွေရှိပါတယ်။ ကျွန်တော်တို့ ဘက်ကတော့ တတ်နိုင်သလောက် ထိန်းသိမ်းထားတဲ့ အနေအထားမျိုးရှိပါတယ်။ တပ်မတော်ဘက်ကတော့ နယ်မြေစိုးမိုးရေးအတွက် စစ်ဆင်ရေးကြီးတွေ မလုပ်ဘူးဆိုလို့ရှိရင် တိုက်ပွဲတွေဖြစ်လာနိုင်စရာ အကြောင်းမရှိဘူးလို့ ကျွန်တော်တို့ယူဆပါတယ်။ ဒါကိုလည်း သက်ဆိုင်ရာ တာဝန်ရှိပုဂ္ဂိုလ်တွေက ဆက်ပြီးတော့ ဆောင်ရွက်လိမ့်မယ်လို့လည်း ကျွန်တော်ယူဆပါတယ်။

**ဦးနိုင်ဟံသာ**
**အဆင့်မြင့်ညှိနှိုင်းရေးကိုယ်စားလှယ်အဖွဲ့ (SD) အဖွဲ့ဝင်**

ကျန်တဲ့အချက် နှစ်ချက်သုံးချက်ကတော့ နက်ဖြန်မှာ ပြီးပြတ်နိုင်လိမ့်မယ်လို့ ကျွန်တော်ထင်ပါတယ်။ နက်ဖြန်မှာ ဆွေးနွေးဖို့ ကျန်နေတာက သိပ်တော့မများပါဘူး။ ဒါပေမယ့် အရေးကြီးတဲ့ အပိုင်းတွေဖြစ်တယ်။ ဒါပေမယ့် ပြီးကောင်းပြီးနိုင်ပါတယ်။ နက်ဖြန်မှာ အရေးကြီးတဲ့ဟာတွေ ဆွေးနွေးမယ်။ စာချုပ်ကို ဘယ်သူတွေ လက်မှတ်ထိုးမယ်။ အဲ့ဒီကိစ္စတွေက နည်းနည်းတော့ အရေးကြီးတယ်။ ပထမအဆင့်အနေနဲ့တော့ ပြီးနိုင်တယ်။ တချို့ကတော့ ဒီနေ့ အချိန်မပေးနိုင်တဲ့ဟာတွေရှိတယ်။ UPWC ကလည်း သူတို့ခေါင်းဆောင်တွေကို ညှိရမယ်။ အန်ကယ်တို့ဘက်ကလည်း သက်ဆိုင်ရာ ခေါင်းဆောင်တွေကို ပြန်တင်ပြရမယ်။ နောက်ပြန်ဆွေးနွေးမယ်။ သဘောကတော့ အစည်းအဝေးကို သုံးလေးရက်လောက် ပြန်ဆုတ်ပြီးရင် နောက်ပြန်တွေ့ကြမယ်။

ဆွေးနွေးပွဲ တတိယနေ့အဖြစ် ဇူလိုင် ၂၄ ရက် နံနက် ၉ နာရီတွင် ရန်ကုန်မြို့ ရွှေလီလမ်းရှိ မြန်မာနိုင်ငံငြိမ်းချမ်းရေးနှင့် ပြန်လည်ထူထောင်ရေးလုပ်ငန်း ဗဟိုဌာန MPC တွင် ဆက်လက်ပြုလုပ်မည်ဖြစ်ပြီး (၈)ကြိမ်မြောက်ဆွေးနွေးပွဲ အစီအစဉ်၏ ကျန်ရှိနေသည့် အပိုင်းသုံးပိုင်းအား ဆွေးနွေးမည်ဖြစ်သည်။

ပြည်ထောင်စုလွှတ်တော်အစည်းအဝေး

# ရွေးကောက်ပွဲဆိုင်ရာ ပါတီစည်းရုံးရေးလုပ်ငန်းဆိုသည့် စကားရပ်အတိုင်း ထားရှိရန် လွှတ်တော်ကဆုံးဖြတ်



**နေပြည်တော် ဇူလိုင် ၂၃**

ပြည်ထောင်စုလွှတ်တော် (၁၂)ကြိမ်မြောက် ပုံမှန်အစည်းအဝေး (၇၅)ရက်မြောက်နေ့ကို ယနေ့မွန်းလွဲပိုင်းတွင် အစီအစဉ်(၁၄)ခုဖြင့် ကျင်းပသည်။

အစည်းအဝေးတွင် တောင်သာမဲဆန္ဒနယ်မှ လွှတ်တော်ကိုယ်စားလှယ် ဦးအောင်သောင်း ကွယ်လွန်ခြင်းအတွက် အထူးဝမ်းနည်းကြောင်းအဆိုကို လွှတ်တော်က မှတ်တမ်းတင်ပြီး ဝမ်းနည်းခြင်းအဖြစ် ၂ မိနစ်ခန့် ငြိမ်သက်၍ မတ်တတ်ရပ်ကြသည်။

ယင်းနောက် ပြည်ထောင်စုလွှတ်တော်က အတည်ပြုသည်ဟု မှတ်ယူရမည့် **မြန်မာနိုင်ငံကြက်ခြေနီအသင်းဥပဒေကြမ်း**ကို လွှတ်တော်က မှတ်တမ်းတင်သည်။

ထို့နောက် နိုင်ငံတော်သမ္မတထံမှ သဘောထားမှတ်ချက်များဖြင့် ပြန်လည်ပေးပို့လာသော **ရုပ်မြင်သံကြားနှင့် အသံထုတ်လွှင့်ခြင်းဆိုင်ရာ ဥပဒေကြမ်း၊ မြန်မာဗုဒ္ဓဘာသာဝင်မိန်းမများ** စာမျက်နှာ ၉ ကော်လံ ၁ သို့●

ပြည်သူ့လွှတ်တော်အစည်းအဝေး

# တိုင်းရင်းသားလူမျိုးများရေးရာဝန်ကြီးဌာနဖွဲ့စည်းနိုင်ရေး တည်ဆဲဥပဒေလုပ်ထုံးလုပ်နည်းများနှင့်အညီ စီစဉ်ဆောင်ရွက်လျက်ရှိ

**နေပြည်တော် ဇူလိုင် ၂၃**

ပထမအကြိမ် ပြည်သူ့လွှတ်တော် (၁၂)ကြိမ်မြောက်ပုံမှန်အစည်းအဝေး ရက်(၈၀)ပြည့်မြောက်နေ့ကို ယနေ့နံနက် ၁၀ နာရီတွင် လွှတ်တော်အဆောက်အအုံ ပြည်သူ့လွှတ်တော် အစည်းအဝေးခန်းမ၌ ကျင်းပသည်။

မေးခွန်းများ မေးမြန်းဖြေကြားခြင်းကဏ္ဍတွင် ဘီးလင်းမဲဆန္ဒနယ်မှ ဒေါက်တာစိုးမိုးအောင်နှင့် လောက်ကိုင်မဲဆန္ဒနယ်မှ ဦးကျော်နီနိုင်တို့၏ မေးခွန်းများနှင့်စပ်လျဉ်း၍ သမ္မတရုံးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးကျော်ကျော်ဝင်းက ပြန်လည်ရှင်းလင်းဖြေကြားသည်။



ဒုတိယဝန်ကြီး ဦးကျော်ကျော်ဝင်း။

ဘီးလင်းမဲဆန္ဒနယ်မှ ဒေါက်တာစိုးမိုးအောင်၏ **"တိုင်းရင်းသားလူမျိုးများနှင့် စပ်လျဉ်းသည့်ကိစ္စရပ်များကို အကောင်အထည်ဖော် ဆောင်ရွက်မည့် တိုင်းရင်းသားလူမျိုးများရေးရာ ဝန်ကြီးဌာန၊ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်ဝန်ကြီးဌာနများနှင့် စပ်လျဉ်းပြီး မည်သို့စီမံဆောင်ရွက်ထားသည်ကို သိလိုခြင်း"** မေးခွန်းနှင့်စပ်လျဉ်း၍ "တိုင်းရင်းသားလူမျိုးများ၏ အခွင့်အရေး ကာကွယ်စောင့်ရှောက်သည့် ဥပဒေ"တွင် ပါရှိသည့် ပြဋ္ဌာန်းချက်များဖြစ်သော တိုင်းရင်းသားလူမျိုးများရေးရာ ဝန်ကြီးဌာနဖွဲ့စည်းအကောင်အထည်ဖော်နိုင်ရေးအတွက် ပြည်ထောင်စုအစိုးရအနေဖြင့် စနစ်တကျဖြစ်စေရန် တည်ဆဲဥပဒေလုပ်ထုံးလုပ်နည်းများနှင့် အညီ စီစဉ်ဆောင်ရွက်လျက်ရှိပါကြောင်း။

ထိုသို့ ဆောင်ရွက်နေစဉ်ကာလအတွင်း တိုင်းရင်းသားရေးရာကိစ္စရပ်များအတွက် အချိန်နှင့်တစ်ပြေးညီ ဆောင်ရွက်နိုင်ရန် ပြည်ထောင်စုဝန်ကြီးဌာနများက ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးလျက်ရှိပါကြောင်း။



ဘီးလင်းမဲဆန္ဒနယ်မှ ဒေါက်တာစိုးမိုးအောင်။

တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်ဝန်ကြီးဌာနများ ဖွဲ့စည်းအကောင်အထည်ဖော်ရေးနှင့် စပ်လျဉ်း၍ ဥပဒေနှင့်အညီ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အစိုးရများက သက်ဆိုင်ရာ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်လွှတ်တော်များ၏ သဘောတူညီမှုဖြင့် တင်ပြလာပါက ဆက်လက်ဆောင်ရွက်ပေးသွားမည်ဖြစ်ပါကြောင်း ဖြေကြားသည်။

လောက်ကိုင်မဲဆန္ဒနယ်မှ ဦးကျော်နီနိုင်၏ **"ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်း သို့မဟုတ် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ဦးစီးအဖွဲ့ဦးရေကို တိုးချဲ့ဖွဲ့စည်းခွင့်ရှိ မရှိ ပြည်ထောင်စုအစိုးရမှ ဦးရေမည်မျှထိ ဖွဲ့စည်းခွင့်ပြုနိုင်မည်ကို သိလိုခြင်း"** မေးခွန်းနှင့်စပ်လျဉ်း၍ ဦးစီးအဖွဲ့ဝင်များ ရွေးချယ်ဖြည့်စွက်ခန့်ထားခြင်းသည် ဖွဲ့စည်းပုံအခြေခံဥပဒေ ပုဒ်မ ၂၇၆ (ဇ) ပုဒ်မခွဲငယ်(၂)ပါ "ဦးစီးအဖွဲ့တွင် အဖွဲ့ဝင်ဦးရေ ၁၀ ဦး မပြည့်သေးပါက အဖွဲ့ဝင်ဦးရေအနည်းဆုံး ၁၀ ဦးပြည့်စေရန် ဖြည့်စွက်ခန့်ထားရမည်"ဆိုသည့် ပြဋ္ဌာန်းချက်အရ ၁၀ ဦးထက် ကျော်လွန်သောဦးရေကို ဖြည့်စွက်ခန့်ထားနိုင်ခြင်းမရှိဟု သုံးသပ်ရပါကြောင်း။

ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ တိုင်း (သို့မဟုတ်) ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသဦးစီးအဖွဲ့ ဖွဲ့စည်းရာတွင် ဦးစီးအဖွဲ့၏ အဖွဲ့ဝင်ဦးရေကို တိုးချဲ့ဖွဲ့စည်းခွင့်မရှိပါကြောင်း၊ ဥပဒေက သတ်မှတ်သည့်ဦးရေကို ပြည်ထောင်စုအစိုးရက ဦးရေမည်မျှအထိ ဖွဲ့စည်းရမည်ဟု သတ်မှတ်ပေးနိုင်မည်မဟုတ်ကြောင်းဖြင့် ရှင်းလင်းဖြေကြားသည်။

ထို့နောက် သတ္တုတွင်းဝန်ကြီးဌာနက တင်သွင်းသော **"မြန်မာ့ပုလဲလုပ်ငန်းနည်းဥပဒေများကို ပြင်ဆင်သည့် နည်းဥပဒေများ"**နှင့် ပြည်ထဲရေးဝန်ကြီးဌာနက တင်သွင်းသော **"အသင်းအဖွဲ့များ မှတ်ပုံတင်ခြင်းဆိုင်ရာ နည်းဥပဒေများ"**ကို ပြင်ဆင်ထားသည့် အပိုဒ်၊ အပိုဒ်ခွဲများအတိုင်း အတည်ပြုကြသည်။

ယနေ့အစည်းအဝေးတွင် မေးခွန်းလေးခု မေးမြန်းဖြေကြားခြင်း၊ ဥပဒေကြမ်းတစ်ခု လက်ခံရရှိမှုအား လွှတ်တော်သို့ အသိပေးတင်ပြခြင်းနှင့် နည်းဥပဒေနှစ်ခုအား အတည်ပြုခြင်းတို့ကို ဆောင်ရွက်ကြသည်။

**(သတင်းစဉ်)**

အမျိုးသားလွှတ်တော်အစည်းအဝေး

# လူမျိုးအမည်ရွေးချယ်ခြင်းသည် တိုင်းရင်းသားတို့၏ ရပိုင်ခွင့်နှင့် ကိုယ်ပိုင်အခွင့်အရေးဖြစ်

**နေပြည်တော် ဇူလိုင် ၂၃**

အမျိုးသားလွှတ်တော် (၁၂)ကြိမ်မြောက် ပုံမှန်အစည်းအဝေး(၇၂) ရက်မြောက်နေ့ကို ယနေ့နံနက် ၁၀ နာရီတွင် ကျင်းပသည်။

အစည်းအဝေးတွင် ချင်းပြည်နယ်မဲဆန္ဒနယ်အမှတ်(၄)မှ ဦးစတီဗင်သာဘိတ်၏ **၂၀၁၄ ခုနှစ် သန်းခေါင်စာရင်းကောက်ယူရာတွင် ယခင်မြန်မာနိုင်ငံတွင်ရှိသော လူမျိုးများဟု သတ်မှတ်ထားသော လူမျိုး၊ လူမျိုးစုအမည်များတွင် ပါဝင်ခြင်းမရှိသော လူမျိုးစုကိစ္စကို နိုင်ငံတော်မှ မည်သို့ ဆက်လက်ဆောင်ရွက်မည်ကို သိရှိလိုကြောင်း** မေးခွန်းနှင့်စပ်လျဉ်း၍ လူဝင်မှုကြီးကြပ်ရေးနှင့်ပြည်သူ့အင်အားဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးဝင်းမြင့်က တိုင်းရင်းသားလူမျိုးကြီး (၈)မျိုးနှင့် မျိုးနွယ်စု (၁၃၅)မျိုး ကွဲလွဲမှုများရှိနိုင်၍ လူမျိုးအမှန်ကို ပြင်ဆင်နိုင်ရန်အတွက် ၂၀၁၄ ခုနှစ် ပြည်လုံးကျွတ်သန်းခေါင်စာရင်းတွင် လူမျိုးစာရင်းကို ကောက်ယူခဲ့ခြင်းဖြစ်ပါကြောင်း၊ လူမျိုးအမည်ရွေးချယ်ခြင်းသည် တိုင်းရင်းသားတို့၏ ရပိုင်ခွင့်နှင့် ကိုယ်ပိုင်အခွင့်အရေးဖြစ်သဖြင့် လူမျိုးနှင့်ပတ်သက်သောမေးခွန်းအား ဖြေဆိုသူ၏ စိတ်ဆန္ဒအရ ပြောဆိုခွင့်ရှိခြင်းကြောင့် ဖြေဆိုသူမှ ပြောကြားသည့်အတိုင်း ရေးသွင်းခဲ့ခြင်း ဖြစ်ပါကြောင်း၊ လူမျိုးအမည်အသစ်ကို ဖြေဆိုပါက အလိုလိုစာရင်းဝင်သွားမည်ဖြစ်ပြီး မဖြေပါက အလိုလိုပယ်ဖျက်သွားမည်ဖြစ်ပါကြောင်း။

သန်းခေါင်စာရင်းကောက်ယူရရှိမှုအပေါ် မူတည်၍ လူမျိုးစာရင်းများအား အသေးစိတ်ပြုစုပြီးပါက လူမျိုး(၁၃၅)မျိုးမှ ဆက်လက်ပါရှိလာမည့် လူမျိုး၊ လူမျိုးစုများ၊ တိုးပွားလာသည့် လူမျိုး၊ လူမျိုးစုများ၊ ပျောက်ကွယ်သွားသည့် လူမျိုး၊ လူမျိုးစုများ၏ စာရင်းကြမ်း ရရှိလာမည်ဖြစ်ပါကြောင်း၊ ယင်းစာရင်းကြမ်းအား သက်ဆိုင်ရာ လူမျိုးစုကိုယ်စားလှယ်များအပါအဝင် လိုအပ်သည့် ဆက်စပ်သောအဖွဲ့အစည်းများနှင့် အကျေအလည် ထပ်မံညှိနှိုင်းဆွေးနွေးသွားမည်ဖြစ်ပါကြောင်း၊ ယင်းနောက်ရရှိလာသော အဖြေများပေါ် မူတည်၍ အထက်အဆင့်ဆင့်သို့တင်ပြ၍ ထုတ်ပြန်မည်ဖြစ်ပါကြောင်း ဖြေကြားသည်။



ချင်းပြည်နယ် မဲဆန္ဒနယ် အမှတ်(၄)မှ ဦးစတီဗင်သာဘိတ်။



ဒုတိယဝန်ကြီး ဦးဝင်းမြင့်။

ပဲခူးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၇)မှ ဦးမင်းဦး၏ **ရန်ကုန်-မန္တလေး အမြန်လမ်းမကြီးဖောက်လုပ်ရာတွင် ပဲခူးတိုင်းဒေသကြီး အုတ်တွင်းမြို့နယ်မှ လမ်းမြေအဖြစ် အသုံးပြုခဲ့သော ဥယျာဉ်ခြံမြေများနှင့် လယ်ယာမြေများအတွက် နစ်နာကြေးပေးလျော်ရန် မည်သို့သောအကြောင်းကြောင့် ကြန့်ကြာနေသည်ကို သိရှိလိုကြောင်း** မေးခွန်းနှင့်စပ်လျဉ်း၍ ဆောက်လုပ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးစိုးတင့်က အုတ်တွင်းမြို့နယ်ရှိ လမ်းနယ် ပေ(၄၀၀)အတွင်း ပါဝင်သွားသည့် လယ်မြေ၊ ယာမြေ၊ ဥယျာဉ်မြေနှင့် မြေလွတ်မြေရိုင်း စုစုပေါင်း ဧရိယာမှာ (၁၀၃၉ ဒသမ ၂၈)ဧကဖြစ်ပါကြောင်း၊ မြေအမျိုးအစားအလိုက် အုတ်တွင်းမြို့နယ်အတွင်းရှိ လယ်မြေ၊ ယာမြေ၊ ဥယျာဉ်မြေနှင့် မြေလွတ်မြေရိုင်းများအား တစ်ဧကလျှင်ကျပ်(၁၅)သိန်းနှုန်းဖြင့် သတ်မှတ်ပေးထားပြီးဖြစ်ပါကြောင်း၊ ထို့ကြောင့် ဆောက်လုပ်ရေးဝန်ကြီးဌာနအနေဖြင့် အုတ်တွင်းမြို့နယ်အတွင်းရှိ ကျေးရွာများမှ ဆုံးရှုံးသွားခဲ့သောတောင်သူများ၏ လယ်မြေ၊ ယာမြေ၊ ဥယျာဉ်မြေနှင့် မြေလွတ်မြေရိုင်း စုစုပေါင်း (၁၀၃၉ ဒသမ ၂၈)ဧကအတွက် လျော်ကြေးငွေကျပ် (၁၅၅၈ ဒသမ ၉၂)သန်းအား ယခု ဇူလိုင်လ (၂၉)ရက်နှင့် (၃၀)ရက်များတွင် မြို့နယ်မြေအသုံးချမှုစီမံခန့်ခွဲရေးကော်မတီများနှင့်အတူ လျော်ကြေးငွေများကို ခွဲဝေပေးအပ်သွားမည်ဖြစ်ပါကြောင်းဖြင့် ဖြေကြားသည်။

ယင်းနောက် ပြည်သူ့လွှတ်တော်ကအတည်ပြုပြီး ပေးပို့လာသော **နိုင်ငံတော်သမ္မတနှင့် ဒုတိယသမ္မတများ ရွေးချယ်တင်မြှောက်ခြင်းဆိုင်ရာ ဥပဒေကို ပြင်ဆင်သည့်ဥပဒေကြမ်းနှင့် တစ်လင်တစ်မယားစနစ် ကျင့်သုံးခြင်းဆိုင်ရာဥပဒေကြမ်း**တို့နှင့်စပ်လျဉ်း၍ အမျိုးသားလွှတ်တော်ဥပဒေကြမ်းကော်မတီက ကော်မတီ၏လေ့လာတွေ့ရှိချက်နှင့် သဘောထားမှတ်ချက်အစီရင်ခံစာကို လွှတ်တော်သို့ ဖတ်ကြားတင်သွင်းသည်။

ထို့နောက် ပညာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာဇော်မင်းအောင်က **အခြေခံပညာရေးဥပဒေကြမ်းနှင့် နည်းပညာနှင့်သက်မွေးပညာရေးဥပဒေကြမ်း**တို့ကို အမျိုးသားလွှတ်တော်တွင် ဆွေးနွေးစဉ်းစားရန် အဆိုတင်သွင်းရာ လွှတ်တော်က လက်ခံဆွေးနွေးရန် သဘောတူကြောင်းဆုံးဖြတ်ပြီး အဆိုပါဥပဒေကြမ်းများနှင့်စပ်လျဉ်း၍ အမျိုးသားလွှတ်တော်ဥပဒေကြမ်းကော်မတီက ကော်မတီ၏ လေ့လာတွေ့ရှိချက်နှင့် သဘောထားမှတ်ချက်အစီရင်ခံစာကို လွှတ်တော်သို့ ဖတ်ကြားတင်သွင်းသည်။

ယနေ့အစည်းအဝေးတွင် လယ်ယာစိုက်ပျိုးရေး၊ ဆောက်လုပ်ရေးနှင့် ပြည်သူ့အင်အားကဏ္ဍဆိုင်ရာမေးခွန်းများ မေးမြန်းဖြေကြားကြပြီး ဥပဒေကြမ်းနှစ်ခုတင်သွင်းခြင်း၊ ဥပဒေကြမ်းနှစ်ခုအား လွှတ်တော်တွင်ဆွေးနွေးစဉ်းစားရန် အဆိုတင်သွင်းခြင်းနှင့် အစီရင်ခံစာများ ဖတ်ကြားတင်သွင်းခြင်းတို့ ဆောင်ရွက်ခဲ့ကြသည်။

**(သတင်းစဉ်)**

## ပြည်တွင်းရေးရာ



ဝါးတားပါတီ ရေပါတီဆင်နွှဲနေသည့် လူငယ်များကို ဤသို့ တွေ့ရစဉ်။

**✪ ရှေ့ဖုံးမှ**

နေ့စဉ်နီးပါးမြင်တွေ့ရမည်ဖြစ်ပြီး အများသူငါရုံးပိတ်ရက်များတွင်မူ မောင်နှင့်နှမ၊ သားနှင့်အမိ အမြင်မတင့်တယ်စွာ "ဝါးတားပါတီ ရေပါတီ" ဆင်နွှဲနေကြပုံမှာ ပြည်သူများနှင့်သက်ဆိုင်သည့် ပန်းခြံတစ်ခုဟုပင် မထင်နိုင်စရာ ဖြစ်နေကြောင်း လာရောက်သူတစ်ဦးက မှတ်ချက်ပြုသည်။

"ကျွန်တော့်ကို မှတ်ချက်ပေးခိုင်းရင်တော့ တစ်ခွန်းတည်းပဲ။ ဒီနေရာက ပျက်စီးနေပြီ။ ကျွန်တော် အခုခဏတ်ပုံရိုက်ထားတယ်။ အဖြူအစိမ်းဝတ် ကျောင်းသားလေးတွေဝင်လာတာ။ ဒီမှာတားမယ့်သူမရှိဘူး။ အလစ်သုတ်သူတွေအများကြီးရှိသလို အရက်သေစာသောက်စားသူတွေရဲ့ အပျော်ကြူးမှုတွေက တစ်နေ့တခြား ဆိုးရွားလာနေတယ်ဗျာ"ဟု ပန်းခြံတွင် တာဝန်ထမ်းဆောင်နေသူတစ်ဦးက နေ့စဉ်နီးပါးမြင်တွေ့နေရသည့်မြင်ကွင်းကိုပြောသည်။

ပြည်သူ့ဥယျာဉ်နှင့်ပြည်သူ့ရင်ပြင်သည် မြေဧက ၁၃၅ ဒသမ ၇ ဧက ကျယ်ဝန်းပြီး ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီနှင့် ပုဂ္ဂလိက ကုမ္ပဏီသုံးခုတို့က မြေနေရာများ ခွဲဝေကာ စီမံခန့်ခွဲပြီး အများပြည်သူများ အပန်းဖြေနိုင်ရန် ဝန်ဆောင်မှုပေးလျက်ရှိသည်။

**"အစိုးရသစ်မတက်မီ မြို့တော်ဝန် ဦးအောင်သိန်းလင်းလက်ထက်က စီမံကိန်းတစ်ခုဖြစ်ပါတယ်။ ၂၀၀၈ ခုနှစ်လောက်မှာ စတင်ငှားရမ်းဖို့ကတိကဝတ်တွေထားခဲ့ပြီး ၂၀၀၉ခုနှစ်မှာ စာချုပ်ချုပ်ခဲ့တာပါ။ ပထမစာချုပ်အရ မြေအားလုံးကို ငှားရမ်းထားခဲ့ပေမယ့် ကော်မတီသစ်လက်ထက်မှာ စိစစ်ရေးအဖွဲ့ကိုပြန်ဖွဲ့ပြီး ၅၀ ဒသမ ၇၉ ဧကကို ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီက ပြန်လည်ရယူထားပါတယ်။** ကျွန်တော်တို့ တာဝန်ယူဆောင်ရွက်နေတဲ့အပိုင်းမှာတော့ ဝင်ကြေးအခမဲ့အပြင် အများပြည်သူများ အပန်းဖြေနေရာတွေကို စနစ်တကျ ဆောင်ရွက်ပါတယ်။ ကျန်တဲ့အပိုင်းကိုတော့ ကုမ္ပဏီတွေကို ၂၅ နှစ်စာချုပ်တွေနဲ့ အသီးသီးချုပ်ဆိုငှားရမ်းထားပါတယ်"ဟု ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ ပန်းဥယျာဉ်နှင့် အားကစားကွင်းများဌာနမှ ဌာနမှူး ဦးကိုကိုလင်းက ပြောကြားသည်။

ရေလွှာလျှောနှင့် ရေပန်း၊ ရေကူးကန်များသည် ပန်းခြံတစ်ခုလုံး၏ ၃ ဒသမ ၁၃ဧက အကျယ်အဝန်းပေါ်တွင် တည်ဆောက်ထားပြီး ရွှေတိုင်းရွှေပြည် ကုမ္ပဏီက ယခင်မြို့တော်ဝန်များလက်ထက်ကတည်းက လုပ်ကိုင်ခွင့်ရရှိထားခြင်းဖြစ်ကာ နိုင်ငံတော်အစိုးရသစ်လက်ထက် ၂၀၁၁ခုနှစ် ဇန်နဝါရီ ၂၄ရက်တွင် စာချုပ်သစ်ပြန်လည်ချုပ်ဆိုထားသော လုပ်ငန်းတစ်ခုဖြစ်သည်။

"စာချုပ်သက်တမ်းက ယခင်မြို့တော်ဝန်လက်ထက် ၂၀၀၉ခုနှစ်ဧပြီလမှာစတင်ခဲ့တာဆိုပေမယ့် နောက်ဆုံး ပြန်လည်ချုပ်ဆိုတာက ၂၀၁၄ခုနှစ် ဧပြီလမှာဖြစ်ပါတယ်။ သူတို့အနေနဲ့ ရေလွှာလျှောလုပ်ငန်းလုပ်ကိုင်ခွင့်ကို ၂၀၃၈ခုနှစ် မတ်လကုန်အထိ လုပ်ပိုင်ခွင့်ရထားပါတယ်။ ငါးနှစ်တစ်ကြိမ် ကျွန်တော်တို့နဲ့ စာချုပ်ပြန်ချုပ်ပြီး ငှားရမ်းခနဲ့ အခြားစည်းမျဉ်းစည်းကမ်းတွေ ချမှတ်ညှိနှိုင်းပါတယ်။ လက်ရှိ ငှားရမ်းခကတော့ တစ်နှစ်ကို ငွေကျပ် ၁၅၄ သိန်းကျော်ဖြစ်ပါတယ်"ဟု ဌာနမှူးက ရှင်းပြသည်။

သို့ရာတွင် လာရောက်သူများနှင့် ဝင်ကြေးကောက်ခံသူများ၏ သုံးသပ်ချက်နှင့် မျက်မြင်အနေအထားအရ တစ်နေ့လျှင် ပျမ်းမျှလူဦးရေ ၁၀၀၀ မှ ၅၀၀၀ အကြားဝင်ရောက်နေသည်ကို တွေ့ရှိရသည်။ တစ်ဦးလျှင် ဝင်ကြေး ငွေကျပ် ၁၀၀၀ ကောက်ခံမှုအနေအထားအရ ရေလွှာလျှော၏တစ်ရက်ဝင်ငွေသည် အနိမ့်ဆုံး ငွေကျပ် ၁၀ သိန်းခန့်၊ တစ်လအနိမ့်ဆုံးဝင်ငွေ ကျပ်သိန်း ၃၀၀ခန့်၊ တစ်နှစ် ဝင်ငွေမှာ ဝင်ကြေးတစ်ခုတည်းမှ ကျပ်သိန်းပေါင်း ၃၆၀၀ နှင့်အထက် ရရှိနိုင်မည်ဟု ခန့်မှန်းတွက်ချက်နိုင်သည်။

ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီက ယခုနှစ်ဇူလိုင် ၁၅ရက် ရက်စွဲဖြင့် ရန်ကုန်တိုင်းဒေသကြီး အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနသို့ ပန်းခြံများအတွင်းရှိ စားသောက်ဆိုင်များအားလုံးတွင် အရက်သေစာရောင်းချခွင့်လိုင်စင်များအား လုပ်ထုံးလုပ်နည်းများနှင့်အညီ ဖယ်ရှားပေးပါရန် ညှိနှိုင်းစာပေးပို့ထားပြီးဖြစ်ကြောင်း သိရှိရသော်လည်း ပြည်သူ့ဥယျာဉ်ပန်းခြံများအတွင်းရှိ စားသောက်ဆိုင်များတွင် အရက်၊ ဘီယာများ ဆက်လက်ရောင်းချနေဆဲဖြစ်သည်ကို ဇူလိုင် ၂၂ ရက်အထိ တွေ့ရှိရသည်။

ထို့အပြင် ရေလွှာလျှောလုပ်ငန်းလုပ်ကိုင်ခွင့်ရရှိထားသူက အရက်နှင့် ဘီယာရောင်းချခွင့်လုပ်ငန်းလိုင်စင်နှစ်ခုရရှိထားရာ လိုင်စင်ဖြင့် ဆက်လက်ရောင်းချနိုင်ခြင်းကို ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီက အရေးယူခွင့်မရှိသော်လည်း ခွင့်ပြုထားခြင်းလုံးဝမရှိကြောင်း ဌာနမှူးက ဖြေကြားသည်။

ထို့ပြင် ပြည်သူ့ရင်ပြင်နှင့် ပြည်သူ့ဥယျာဉ်အတွင်း မြေဧက ၇၆ ဒသမ ၃၆ဧကတွင် အဆင့်မြင့်ပန်းခြံနှင့် ကစားကွင်းလုပ်ကိုင်ခွင့်ကို အစိုးရသစ်လက်ထက် ပြန်လည်ညှိနှိုင်းမှုများအရ Natural World ကုမ္ပဏီက လုပ်ကိုင်လျက်ရှိပြီး ယခင်က သတ်မှတ်ထားသည့် လုပ်ငန်းအမျိုးအစားများကိုသာ လုပ်ကိုင် ခွင့်ပြုစေလျက်ရှိကြောင်း ဌာနမှူး ဦးကိုကိုလင်းထံမှ သိရသည်။

"အရင်ကာလက မူလစာချုပ်ပါအချက်အလက်အတိုင်း လုပ်ကိုင်ခွင့်တွေကို စိစစ်ခွင့်ပြုပါတယ်။ အသစ်ထပ်မံပြီး အဆောက်အအုံတည်ဆောက်တာ အပါအဝင် တိုးချဲ့တာတွေကို လုံးဝခွင့်မပြုထားပါဘူး။ ကော်မတီသစ်လက်ထက်မှာ မူလက ဈေးဝယ်စင်တာ သုံးခုတည်ဆောက်ဖွင့်လှစ်ဖို့လျာထားပေမယ့် ခွင့်မပြုတဲ့အပြင် အခုဖွင့်လှစ်ထားနိုင်တဲ့ Myanmar Culture Valley ကိုလည်း မူလက ပေ ၃၀၀ × ပေ ၁၀၀ အဆောက်အအုံ သုံးထပ်အစား၊ မြေအောက်ထပ်နဲ့ ပထမထပ်ပဲပါတဲ့ အဆောက်အအုံအဖြစ်သာ ခွင့်ပြုပေးခဲ့ပါတယ်။ စီမံကိန်းမှာပါတဲ့ အခြားဈေးဝယ်စင်တာနှစ်ခုထပ်မံတည်ဆောက်ခွင့်ကို တားမြစ်ထားပြီးဖြစ်ပါတယ်"ဟု ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ မှ တာဝန်ရှိသူတစ်ဦးက ပြောကြားသည်။

ယင်းကုမ္ပဏီမှာ ပြည်သူ့ရင်ပြင်နှင့်ပြည်သူ့ဥယျာဉ်အတွင်းရှိ မြေနေရာအားလုံးကို ရယူငှားရမ်းရန် ၂၀၀၈ခုနှစ်ကတည်းက ပြင်ဆင်ခဲ့ပြီး ၂၀၀၉ခုနှစ်တွင် ကော်မတီဆုံးဖြတ်ချက်ဖြင့် ၂၀၂၉ခုနှစ်အထိ လုပ်ပိုင်ခွင့်ရရှိခဲ့သူဖြစ်သည်။ သို့သော် အစိုးရသစ်လက်ထက်တွင် ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီက ဗိုလ်ရှုရင်ပြင်ကွင်းနှင့် တောင်ဘက်မြေနေရာများအပါအဝင် ပန်းခြံအတွင်းရှိ မြေနေရာအချို့ဖြစ်သော မြေ ၅၀ ဒသမ ၇၉ဧကကို ပြန်လည်ရယူခဲ့သဖြင့် ပန်းခြံတစ်ခုလုံး၏ ၆၀ရာခိုင်နှုန်းကို လုပ်ပိုင်ခွင့်ရရှိထားသည့် လုပ်ငန်းတစ်ခုဖြစ်သည်။



**ရန်ကုန်မှာ အများနဲ့သက်ဆိုင်တဲ့ပန်းခြံတွေကို အဆင့်မြှင့်ပေးနေတာ တွေ့ရတယ်။ ဆယ်ကျော်သက်သမီးပျိုတွေ မသွားရဲတဲ့ မဟာဗန္ဓုလပန်းခြံတစ်ဝိုက်ဟာ အခုအချိန်မှာ မိသားစုတွေ၊ မိတ်ဆွေအပေါင်းအသင်းတွေရဲ့ တွေ့ဆုံရာ အိုအေစစ်ကမ္ဘာလေးဖြစ်လာသလို သခင်မြပန်းခြံဆိုရင်လည်း မြက်ခင်းတွေဟာ နင်းရက်စရာမရှိအောင် ခံ့ညားကောင်းမွန်လာတာကို တွေ့ရပါတယ်**

"ဒီမှာက ကစားနည်းတွေအများကြီးရှိတယ်။ အလကားရတာတော့မရှိသလောက်ပါပဲ။ အဆင့်မြင့်ရဟတ်ကြီးတွေ၊ ကောင်းကင်ရထားတွေ၊ ရိုလာကိုစတာတွေ၊ ပန်းကန်ပြားပျံယာဉ်တွေ၊ တိုက်ကားတွေစတဲ့ ကစားနည်းတွေ ရှိပေမယ့် လူတစ်ယောက်ကို ငွေကျပ် ၁၀၀၀ အနည်းဆုံးကုန်ကျပါတယ်။ တချို့ဟာတွေဆို ဈေးပိုမြင့်တယ်။ ကလေးတွေ အလကားဆော့ဖို့နေရာလုပ်ပေးထားပေမယ့် နည်းနည်းလေးပဲရှိတာပါ။ အခမဲ့ရေကူးကန်ရှိပေမယ့် ရေမသန့်ဘူး။ အရက်၊ ဘီယာရောင်းတဲ့ဆိုင်တွေကတော့ အများကြီးရှိတယ်။ လက်ညှိုးထိုးမလွဲဘူး။ ပန်းခြံကကျယ်လို့သာ တော်တော့တယ်။ နောက်ထပ်ဆိုင်ခန်းတွေ ထပ်ချဲ့မယ်ဆိုရင်တော့ နေရာအခက်အခဲရှိပြီ"ဟု လာရောက်လည်ပတ်သူတစ်ဦးက ပြောကြားသည်။

ပန်းခြံသို့ဝင်ရောက်ခွင့် တစ်ဦးလျှင် ငွေကျပ် ၃၀၀နှင့် ကားပါကင်ကြေး ငွေကျပ် ၃၀၀ကောက်ခံလျက်ရှိပြီး တစ်နေ့လျှင် အနည်းဆုံး ပျမ်းမျှလူဦးရေ ၅၀၀၀ ခန့်ဝင်ရောက်လျက်ရှိရာ ဝင်ကြေးတစ်ခုတည်းနှင့်ပင် ဝင်ငွေရရှိမှုမှာ ငွေကျပ် ၁၅ သိန်းကျော်ရရှိကြောင်း ခန့်မှန်းရသဖြင့် အနိမ့်ဆုံး တစ်နှစ်ဝင်ငွေမှာ ငွေကျပ် သိန်း ၅၄၀၀ ခန့်ကို ဝင်ကြေးတစ်ခုတည်းနှင့်ပင် ရရှိနိုင်ကြောင်း စီးပွားရေးလုပ်ငန်းရှင်အချို့က ထောက်ပြသည်။

"Natural World က အရက်၊ ဘီယာ မရောင်းချပါဘူး။ သူတို့အနေနဲ့ စာချုပ်ပါစည်းမျဉ်းအတိုင်း ဆောင်ရွက်နေတာကိုတွေ့ရပါတယ်။ မကြာမီမှာ ကစားနည်း ခုနစ်မျိုးတိုးမြှင့်ဖို့အတွက် ကျွန်တော်တို့ခွင့်ပြုချက်နဲ့ ဆောင်ရွက်နေပါတယ်။ ဝင်ကြေးကိုတော့ စာချုပ်သက်တမ်းသစ်မှာ ပြန်လည်ညှိနှိုင်းသွားဖို့ရှိသလို နှစ်အလိုက်လည်း မြေနေရာငှားရမ်းခကို တိုးမြှင့်နေတာဖြစ်ပါတယ်။ ပြည်သူတွေ အဆင့်မြင့်ကစားနည်းတွေကို အမြဲခံစားနိုင်စေဖို့ ကျွန်တော်တို့ကလည်း မျှော်လင့်သလို ပြင်ပလုပ်ငန်းဖြစ်တဲ့အလျောက် သူ့ရဲ့အကျိုးစီးပွားကိုလည်း သူလုပ်ဆောင်တာတွေတော့ရှိပါတယ်။ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီအနေနဲ့တော့ စာချုပ်ပါစည်းမျဉ်းစည်းကမ်းချက်တွေအတိုင်း ဆောင်ရွက်တာဖြစ်ပါတယ်။ ကျွန်တော့်အထင်ပြောရရင် သူတို့ငှားရမ်းထားတဲ့မြေရဲ့ ၅၀ရာခိုင်နှုန်းကိုသာ အဆင့်မြင့်ကစားကွင်းတွေ၊ စားသောက်ဆိုင်တွေအဖြစ် အသုံးပြုပြီး အမြဲစိမ်းလန်းမြေအဖြစ် ၅၀ ရာခိုင်နှုန်းလောက်ကျန်တယ်လို့ထင်ပါတယ်"ဟု ဦးကိုကိုလင်းက ဆိုသော်လည်း အခမဲ့အပန်းဖြေရာ နေရာအများစုတွင် အမျိုးမျိုးသောကစားနည်းများမှာ ငွေကြေးဖြင့် ဝယ်ယူအပန်းဖြေရခြင်းနှင့် စားသောက်နိုင်ခြင်းတို့ကို ဦးစားပေးသည့်အရာများသာ ပိုမိုများပြားလျက်ရှိကြောင်း မြင်တွေ့ရသည်။

အဆိုပါ Natural World ကုမ္ပဏီမှာ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီထံမှ မြေငှားရမ်းခြင်းအတွက် တစ်နှစ်လျှင် ငွေကျပ် ၃၂၂သိန်းခန့်ကို ပေးချေထားပြီး စတင်စာချုပ်ချုပ်ဆိုစဉ်က တစ်နှစ်အတွက် ငွေကျပ် သိန်း ၃၀၀ သတ်မှတ်ထားရာမှ တစ်နှစ်လျှင် ငါးရာခိုင်နှုန်းမှ ၁၀ ရာခိုင်နှုန်းအထိ တိုးမြှင့်နိုင်သည်ဟု စာချုပ်ပါအတိုင်း သတ်မှတ်ကာ တိုးမြှင့်သတ်မှတ်သည့်အတွက် တစ်နှစ်လျှင်မြေငှားရမ်းခ ၃၂၂ သိန်းအထိ မြင့်တက်လာခဲ့ကြောင်း ဦးကိုကိုလင်းကပြောကြားသည်။

ဦးကိုကိုလင်း၏ ပြောကြားချက်အရ ပြည်သူ့ရင်ပြင်နှင့် ပြည်သူ့ဥယျာဉ်ပန်းခြံတွင် လုပ်ကိုင်ခွင့်ရရှိထားသူများအနက် Natural World နှင့် Happy Zone တို့မှာ အရက်နှင့်ဘီယာရောင်းချခြင်းမရှိဟု သိရှိရသော်လည်း လက်တွေ့တွင် ယင်းတို့လုပ်ငန်းပိုင် မြေဧကများပေါ်ရှိ စားသောက်ဆိုင်များနှင့် စတိုးဆိုင်ငယ်များတွင် အရက်၊ ဘီယာရောင်းချလျက်ရှိနေသည်ကို မြင်တွေ့ရသည်။

"တေးသွားအလိုက်လှုပ်ရှားမှုရေပန်း၊ မြန်မာ့ရိုးရာအစားအစာနဲ့ တိုင်းရင်းသားရိုးရာအစားအစာဆိုင်၊ စားသောက်ဆိုင်တွေနဲ့ Food count ၁၈ယူနစ်တွေ၊ အလှပြင်ခန်းမတွေ၊ တိုင်းရင်းသားရွာ၊ ကလေးကစားကွင်း၊ ဂိမ်းကစားကွင်းတွေ နဲ့ပန်းဥယျာဉ်လုပ်ခွင့်တွေအားလုံး စာချုပ်ပါအတိုင်းခွင့်ပြုထားပြီး စာချုပ်ပါ အချက်အလက်အရ ၂၃ ခု ပါဝင်ပါတယ်။ လက်ရှိမှာ ၁၂ခု ပြီးစီးသွားပြီး ဆောင်ရွက်ဆဲ ကိုးခု ကျန်ရှိနေပါတယ်"ဟု တာဝန်ရှိသူတစ်ဦးက ပြောကြားသည်။

ထို့ပြင် Natural World ငှားရမ်းထားသည့် မြေနေရာတွင် တည်ဆောက်ထားသော Myanmar Culture Valley တွင် မြန်မာမှု၊ မြန်မာ့ဟန်နှင့် မြန်မာ့ပန်းဆယ်မျိုးကဲ့သို့သော ယဉ်ကျေးမှု၊ အနုသုခုမဆိုင်များနှင့်အပြိုင် စားသောက်ဆိုင်ခန်းများက နေရာယူထားသည်ကိုလည်း လာရောက်သူများက ဝေဖန်လျက်ရှိသည်ကို မြင်တွေ့ရသည်။

**စာမျက်နှာ ၉ ကော်လံ ၁ သို့**

## ပြည်တွင်းရေးရာ

●ပြည်ထောင်စုလွှတ်တော်မှ **အထူးထိမ်းမြားခြင်းဆိုင်ရာ ဥပဒေကြမ်းနှင့် ရှေးဟောင်းအဆောက်အအုံများ ကာကွယ်ထိန်းသိမ်းရေး ဥပဒေကြမ်း**တို့အား လွှတ်တော်မှ လက်ခံရရှိကြောင်း တင်ပြသည်။

ဆက်လက်၍ နိုင်ငံတော်သမ္မတ ထံမှပေးပို့သော **၂၀၁၅ ခုနှစ် ပြည်ထောင်စု၏ ဘဏ္ဍာငွေအရအသုံးဆိုင်ရာဥပဒေပါ သီးသန့်ရန်ပုံငွေမှ ခွဲဝေသုံးစွဲခဲ့သည့် လုပ်ငန်း (၁၀) ခု**ကို မှတ်တမ်းတင်ဆောင်ရွက်သည်။

ထို့နောက် လွှတ်တော်နှစ်ရပ် သဘောကွဲလွဲသည့် **ပြည်ထောင်စု ရှေ့နေချုပ်ဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်း၊ ပြည်ထောင်စုစာရင်းစစ်ချုပ်ဥပဒေကို တတိယအကြိမ် ပြင်ဆင်သည့် ဥပဒေကြမ်းနှင့် နေပြည်တော်ကောင်စီ ဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်း**တို့ကို လွှတ်တော်ကိုယ်စားလှယ်များက ဆွေးနွေးခဲ့ကြသည်။

ယင်းဥပဒေကြမ်းများနှင့် စပ်လျဉ်း၍ တပ်မတော်သားလွှတ်တော်ကိုယ်စားလှယ်(၃)ဦးတို့က ဖွဲ့စည်းပုံအခြေခံဥပဒေတွင် ပြည်ထောင်စုရှေ့နေချုပ်နှင့် ဒုတိယရှေ့နေချုပ်၊ ပြည်ထောင်စု စာရင်းစစ်ချုပ်နှင့် ဒုတိယစာရင်းစစ်ချုပ်၊ နေပြည်တော်ကောင်စီဥက္ကဋ္ဌနှင့် ကောင်စီဝင်များသည် ပါတီတစ်ခုခု၏ ပါတီဝင်ဖြစ်နေပါက ယင်းပါတီအဖွဲ့အစည်း၏ ပါတီလုပ်ငန်းများတွင် ပါဝင်ဆောင်ရွက်ခြင်းမပြုရဟုသာ ပြဋ္ဌာန်းထားပါကြောင်း၊ အဆိုပါပြဋ္ဌာန်းချက်အရ ၎င်းတို့သည် တာဝန်ထမ်းဆောင်ချိန်ကာလအတွင်း ပါတီလုပ်ငန်းများကို ဆောင်ရွက်ခြင်းမပြုရန် တားမြစ်ထားပြီး ပါတီဝင်အဖြစ်က နုတ်ထွက်ရမည်ဟု ပြဋ္ဌာန်းထားခြင်းမရှိသည့်အတွက် ပါတီဝင်အဖြစ်ဆက်လက်တည်ရှိနေမည်ဖြစ်ပါကြောင်း၊ ပါတီဝင်အဖြစ် ဆက်လက်တည်ရှိနေမည့် ၎င်းတို့အနေဖြင့် ရွေးကောက်ပွဲဆိုင်ရာ ပါတီစည်းရုံးရေး လုပ်ငန်းများကို ဆောင်ရွက်ခွင့် ရှိပါကြောင်း၊ **ရွေးကောက်ပွဲဆိုင်ရာ ပါတီစည်းရုံးရေးလုပ်ငန်း** စကားရပ်အစား **ရွေးကောက်ပွဲဆိုင်ရာ စည်းရုံးရေးလုပ်ငန်း**ဆိုသည့် စကားရပ်ဖြင့် ပြင်ဆင်မည်ဆိုပါက ၎င်းတို့၏ ပါတီစည်းရုံးရေး လုပ်ငန်းများကို ကန့်သတ်ရာရောက်မည် ဖြစ်ပါကြောင်း၊ သို့ဖြစ်ပါ၍ မူလပြဋ္ဌာန်းချက်များအတိုင်း ဖြစ်သည့် **ရွေးကောက်ပွဲဆိုင်ရာ ပါတီစည်းရုံးရေးလုပ်ငန်း**ဆိုသည့် စကားရပ်အတိုင်း ထားရှိသင့်ကြောင်း ဆွေးနွေးခဲ့ကြသည်။

ယင်းဥပဒေကြမ်းများနှင့် စပ်လျဉ်း၍ လွှတ်တော်၏ အဆုံးအဖြတ်ရယူရာ ကန့်ကွက်ဆန္ဒမဲများသည့်အတွက် ယင်းပြင်ဆင်သည့်ဥပဒေကြမ်းများအား ပယ်ဖျက်ကြောင်း လွှတ်တော်က ဆုံးဖြတ်ခဲ့သည်။

ထို့နောက် ပြည်ထောင်စုလွှတ်တော် နာယကက လွှတ်တော်နှစ်ရပ်သဘော ကွဲလွဲသော **လွှတ်တော်ကိုယ်စားလှယ် တာဝန်မှ ပြန်လည်ရုပ်သိမ်းခြင်းဆိုင်ရာ ဥပဒေကြမ်း**နှင့်စပ်လျဉ်း၍ ဆက်လက်ဆောင်ရွက်သွားမည့် အစီအစဉ်များကို လွှတ်တော်သို့ ရှင်းလင်းပြောကြားရာတွင် လွှတ်တော်ကိုယ်စားလှယ်တာဝန်မှ ပြန်လည်ရုပ်သိမ်းခြင်းဆိုင်ရာ ဥပဒေကြမ်းနှင့် စပ်လျဉ်း၍ ဥပဒေကြမ်းပူးပေါင်းကော်မတီက အစီရင်ခံစာတင်သွင်းခဲ့ပြီး လွှတ်တော်ကိုယ်စားလှယ်များက ဆွေးနွေးခဲ့ကြပါကြောင်း။

## ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ သူရဦးရွှေမန်း ပြင်သစ်နိုင်ငံ သံအမတ်ကြီးအား လက်ခံတွေ့ဆုံ



**နေပြည်တော် ဇူလိုင် ၂၃**

ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌ သူရဦးရွှေမန်းသည် တာဝန်ပြီးဆုံး၍ ပြန်လည်ထွက်ခွာမည့် မြန်မာနိုင်ငံဆိုင်ရာ ပြင်သစ်နိုင်ငံ သံအမတ်ကြီး H.E.Mr.Thierry MATHOU အား ယနေ့နံနက် ၈ နာရီခွဲတွင် နေပြည်တော်ရှိ လွှတ်တော်အဆောက်အအုံ ပြည်သူ့လွှတ်တော်ဧည့်ခန်းမ၌ လက်ခံတွေ့ဆုံသည်။ **(အပေါ်ပုံ)**

ထိုသို့တွေ့ဆုံရာတွင် ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌနှင့်အတူ ပြည်သူ့လွှတ်တော် နိုင်ငံတကာဆက်ဆံရေးကော်မတီဥက္ကဋ္ဌ ဦးလှမြင့်ဦးနှင့် ပြည်သူ့လွှတ်တော်ရုံးမှ တာဝန်ရှိသူများ တက်ရောက်ခဲ့ကြသည်။ **(သတင်းစဉ်)**

ဥပဒေကြမ်း ပူးပေါင်းကော်မတီ၏ အစီရင်ခံစာပါ အကြောင်းအရာများနှင့် လွှတ်တော်ကိုယ်စားလှယ်များ၏ ဆွေးနွေးချက်များအပေါ် ဆက်စပ်သုံးသပ်ကြည့်မည်ဆိုပါက ယခု ဥပဒေပြဋ္ဌာန်းချက်၏ အကျိုးဆက်အဖြစ် တိုင်းရင်းသားစည်းလုံးညီညွတ်ရေး၊ အမျိုးသားပြန်လည်သင့်မြတ်ရေး၊ ပြည်သူများ လိုလားတောင့်တနေသည့် ငြိမ်းချမ်းရေးလုပ်ငန်းစဉ်နှင့် ဒီမိုကရေစီ ပြုပြင်ပြောင်းလဲရေးလုပ်ငန်းစဉ်များကို ထိခိုက်နိုင်ပါကြောင်း၊ ထို့ပြင် နိုင်ငံရေးပါတီတစ်ပါတီနှင့် တစ်ပါတီအကြား၊ လူမျိုးစုတစ်စုနှင့် တစ်စုအကြား အချင်းချင်းအားပြိုင်ခြင်းနှင့်ရန်ပြုမှု၊ ထိပ်တိုက်ရင်ဆိုင်မှုများ ဖြစ်ပေါ်လာနိုင်ပါကြောင်း၊ ပြည်သူများအကြား မလိုအပ်သည့် အထင်အမြင်လွဲမှားမှုနှင့် သံသယစိတ်များဖြစ်ပေါ်ပြီး ပြည်ထောင်စု အစိုးရအဖွဲ့၊ ပြည်ထောင်စု ရွေးကောက်ပွဲ ကော်မရှင်နှင့် လွှတ်တော်များအတွက် အလုပ်ပိုပြီး အဓိကဆောင်ရွက်ရမည့်လုပ်ငန်းများကို ထိခိုက်စေကာ ပြည်သူ့ဘဏ္ဍာကို ပိုမိုသုံးစွဲလာရမည်ဖြစ်ပါကြောင်း။

လွှတ်တော်ကိုယ်စားလှယ်တစ်ဦး အရည်အချင်း ပျက်ယွင်း၍ ကိုယ်စားလှယ်တာဝန်က ပြန်လည်ရုပ်သိမ်းသင့်သည်ဆိုပါက ဖြစ်စဉ်အပေါ် အခြေခံပြီး ဖွဲ့စည်းပုံ အခြေခံဥပဒေ၊ လွှတ်တော်ဆိုင်ရာဥပဒေနှင့် တည်ဆဲဥပဒေများက အရေးယူဆောင်ရွက်နိုင်သည့် အခြေအနေရှိပါကြောင်း၊ ၂၀၁၅ ခုနှစ် ပါတီစုံ အထွေထွေရွေးကောက်ပွဲ အောင်မြင်စွာ ကျင်းပနိုင်ရေးအတွက် အဓိကထား ဦးတည်ဆောင်ရွက်ကြရမည့် အချိန်ကာလတွင် ရွေးကောက်ပွဲလုပ်ငန်းစဉ်အား အဟန့်အတားဖြစ်စေမည့် ကိစ္စရပ်များကို တတ်နိုင်သမျှ ရှောင်ကြဉ်ဆောင်ရွက်ရန် လိုအပ်ပါကြောင်း။

ထို့ကြောင့် ဆောင်ရွက်ဆဲဖြစ်သည့် လွှတ်တော်ကိုယ်စားလှယ်တာဝန်မှ ပြန်လည်ရုပ်သိမ်းခြင်းဆိုင်ရာဥပဒေကြမ်းနှင့်ပတ်သက်၍ ဥပဒေကြမ်းပူးပေါင်းကော်မတီက လွှတ်တော်အတွင်းရှိ နိုင်ငံရေးပါတီအသီးသီးမှ ကိုယ်စားလှယ်များနှင့် တွေ့ဆုံညှိနှိုင်းဆွေးနွေးမှုများပြုလုပ်ပြီး ထွက်ပေါ်လာသည့် အစီရင်ခံစာကို လွှတ်တော်သို့ ထပ်မံတင်ပြသွားရန်နှင့် ယင်းအစီရင်ခံစာအပေါ် လွှတ်တော်၏ အဆုံးအဖြတ်ရယူသွားမည်ဖြစ်ကြောင်းဖြင့် ပြောကြားသည်။

**(သတင်းစဉ်)**

❒စာမျက်နှာ ၈ မှ

"ရွှေတိဂုံစေတီတော်ကြီးရဲ့ အနောက်ဘက်မုခ်က ဆင်းလာတဲ့အခါ အရင်ဆုံးတွေ့ရတဲ့ အဆောက်အအုံကြီးတစ်ခု ဖြစ်တာကြောင့် နာမည်နဲ့အညီ မြန်မာ့ယဉ်ကျေးမှုတွေ ယခုထက်ပိုပြီး ပြသနိုင်ဖို့လိုအပ်ပါတယ်။ နိုင်ငံခြားသားအများစု မျက်စိကျစရာ နေရာတစ်ခုဖြစ်နေတဲ့အတွက် ကျွန်တော်တို့အနေနဲ့ ပန်းချီပြခန်းဖွင့်လိုပေမယ့် ဆိုင်ခန်းဈေးနှုန်းတွေက အလွန်များနေတယ်။ တစ်ပေပတ်လည်ကို ငွေကျပ် ၁၆၅၀ ဝန်းကျင်ကောက်ခံနေပြီး အနည်းဆုံး ပေ ၅၀ ပတ်လည်အထိ ငှားရမ်းရတာဆိုတော့ ငှားရမ်းခတွေက အမှန်တကယ်ရောင်းချလိုတဲ့ ဆိုင်တွေအားလုံးကို လွှမ်းခြုံနိုင်မှုတော့ မရှိသေးဘူး။ အခွန်အခ အနေနဲ့တော့ ဆိုင်းဘုတ်ခွန်ပဲပေးဖို့လိုသေးတယ်။ ကျန်တာတွေက ဒီနေ့အထိတော့ မပေးရသေးဘူးလို့ သိရတယ်" ဟု ပန်းချီဆရာ မြတ်ပိုးအိမ်က တွက်ချက်ပြသည်။

အဆိုပါ လုပ်ငန်းများအပြင် Happy World ခေတ်မီကစားကွင်းနှင့် အပန်းဖြေနေရာများအတွက် မြေငါးကေကျော်ကိုလည်း ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီမှ တစ်နှစ်လျှင် ငွေကျပ် ၁၈၆ သိန်းဝန်းကျင်ဖြင့် (၂၅) နှစ် စာချုပ်ချုပ်ဆိုကာ ငါးနှစ်တစ်ကြိမ် ပြင်ဆင်ချုပ်ဆိုလျက်ရှိကြောင်း သိရသည်။

ရန်ကုန်မြို့သည် လူနေထူထပ်ပြီး အိမ်ခြံမြေဈေးနှုန်းများသည်လည်း အရှေ့တောင်အာရှ နိုင်ငံများနှင့် နှိုင်းယှဉ်ပါက များစွာမြင့်မားနေသည့် ယခုအချိန်တွင် အများနှင့်သက်ဆိုင်သော ပန်းခြံများနှင့် အားကစားကွင်းများကို ပြင်ပအနီးအနားတွင် သက်ရောက်နေသည့် ဈေးနှုန်းနှင့်အဆမတန် နည်းပါးသည့် နှုန်းထားကို အသုံးပြုကာ ငှားရမ်းအသုံးပြုခွင့်ရနေခြင်းသည် ပြည်သူများအတွက် နစ်နာစေနိုင်ကြောင်း အိမ်ခြံမြေလုပ်ငန်းလုပ်ကိုင်သူ ဦးဝင်းမိုးသူက သုံးသပ်ပြောကြားသည်။

မွန်းကျပ်သော ရန်ကုန်မြို့ပြလူတန်းစားများအတွက် နိုင်ငံတကာအဆင့်မီ ပန်းခြံများ လိုအပ်မှုသည်လည်း လူဦးရေတိုးနှုန်းနှင့်အတူ မြင့်တက်လာလျက်ရှိသည်။ ရှိရင်းစွဲ ငှားရမ်းထားသည့် လုပ်ငန်းများကို စနစ်တကျ စိစစ်ကာ ပိုမိုတိုးတက်ကောင်းမွန်ပြီး ပြည်သူများ ငွေကြေးကုန်ကျမှုအနည်းဆုံးဖြင့် အပန်းဖြေ အနားယူနိုင်ရန် စီစဉ်ဆောင်ရွက်ပေးကြရန်မှာ အားလုံးတွင် တာဝန်ရှိပြီး ပြည်သူများအနေဖြင့်လည်း အများနှင့် သက်ဆိုင်သည့် နေရာများကို စနစ်တကျ စည်းကမ်းရှိစွာ အသုံးပြုခြင်းဖြင့် အစိမ်းရောင်မြို့ပြပတ်ဝန်းကျင်ကို အကောင်းဆုံးဖော်ဆောင်နိုင်မည်ဖြစ်ကြောင်း ပတ်ဝန်းကျင်ထိန်းသိမ်းရေး ပညာရှင် ဦးခင်မောင်ဝင်းက ပြောကြားသည်။

"စီမံကိန်းက လုပ်နေပြီ။ အရင်ကလုပ်တာ၊ အခုလုပ်တာဆိုတာတွေကတော့ ပြောနေကြမှာပဲ။ ငါးနှစ်သက်တမ်းရှိတဲ့ အစိုးရအနေနဲ့ အရာအားလုံးကို ငါးနှစ်နဲ့ ဖြတ်ချလို့မှမရတာ။ အဓိကက ဘယ်သူ့လက်ထက်မှာဖြစ်ဖြစ် ပြည်သူ့အတွက်ကို အရင်ဆုံးစဉ်းစားကြည့်ရမှာပါ။ **ရန်ကုန်မှာ အများနဲ့သက်ဆိုင်တဲ့ပန်းခြံတွေကို အဆင့်မြှင့်ပေးနေတာ တွေ့ရတယ်။ ဆယ်ကျော်သက်သမီးပျိုတွေ မသွားရဲတဲ့ မဟာဗန္ဓုလပန်းခြံတစ်ဝိုက်ဟာ အခုအချိန်မှာ မိသားစုတွေ၊ မိတ်ဆွေအပေါင်းအသင်းတွေရဲ့ တွေ့ဆုံရာ အိုအေစစ်ကမ္ဘာလေးဖြစ်လာသလို သခင်မြပန်းခြံဆိုရင်လည်း မြက်ခင်းတွေဟာ နင်းရက်စရာမရှိအောင် ခံ့ညားကောင်းမွန်လာတာကိုတွေ့ရပါတယ်။** တစ်ဖက်မှာလည်း လုပ်ငန်းရှင်တွေကို လုပ်ကိုင်ခွင့်တွေပေးထားပြီး အဆင့်မြှင့်တင်တာတွေကိုလည်း မကန့်ကွက်ချင်ပါဘူး။ တရားမျှတဖို့၊ မှန်ကန်ဖို့နဲ့ ပြည်သူကို အဓိကထားစဉ်းစားပေးဖို့တော့ လိုအပ်ပါတယ်။ အားလုံးနဲ့ သက်ဆိုင်တဲ့ ပြည်သူ့ဥယျာဉ်၊ ပြည်သူ့ရင်ပြင်ဖြစ်လာမှ ပြည်သူတွေ လွတ်လပ်စွာ ပျော်ပါးနိုင်တော့မှာပါ။ ကုမ္ပဏီသုံးခုတင်မကဘူး၊ My Garden တို့ ယမုံနာတို့လိုဆိုင်တွေလည်း ပန်းခြံပိုင်မြေတွေထဲမှာ ရှိပါတယ်။ ပြည်သူအားလုံးနဲ့ဆိုင်တဲ့မြေတွေပေါ်မှာ လုပ်ငန်းရှင်တွေရဲ့ အမြတ်အစွန်းတွေဟာ အခုလိုခေတ်အခါမှာ လူတိုင်းတွက်ကြည့်ရင်သိပါတယ်။ လုပ်ငန်းရှင်တွေလည်း အမြတ်အစွန်းတွေရကြပါစေ၊ ပြည်သူတွေလည်း အများပိုင်မြေမှာ နိုင်ငံတကာက အများပိုင်မြေနေရာတွေရဲ့ ရပိုင်ခွင့်အတိုင်းရကြမယ်ဆိုရင် အကောင်းဆုံးပါ" ဟု ပတ်ဝန်းကျင်ထိန်းသိမ်းရေးပညာရှင် ဦးခင်မောင်ဝင်းက ပြောကြားသည်။ ။

## နိုင်ငံရေးပါတီမှတ်ပုံတင်ခွင့်များ လာရောက်လျှောက်ထားလျက်ရှိ

**နေပြည်တော် ဇူလိုင် ၂၃**

ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်သည် နိုင်ငံရေးပါတီ မှတ်ပုံတင်ခွင့်လျှောက်ထားချက်များကို စိစစ်ခွင့်ပြုပေးလျက်ရှိရာ ၂၀၁၅ ခုနှစ် ဇူလိုင်လ ၂၃ ရက်နေ့တွင် **မြန်မာနိုင်ငံလုံးဆိုင်ရာ ကမန်အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ပါတီ** နှင့် **ဒိုင်းနက်လူမျိုးများတိုးတက်ရေးပါတီ**တို့က ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်သို့ နိုင်ငံရေးပါတီမှတ်ပုံတင်ခွင့် လာရောက်လျှောက်ထားခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

## ကန့်ကွက်နိုင်ကြောင်း အများသိစေရန် ကြေညာခြင်း

၁။ ရန်ကုန်တိုင်းဒေသကြီး၊ တာမွေမြို့နယ်၊ မအူကုန်း၊ ၄ လွှာ(ဘယ်) ၁၃၉ လမ်း၊ အမှတ်(၂၀)တွင် ပါတီရုံးချုပ်တည်ရှိသော **မြန်မာနိုင်ငံလုံးဆိုင်ရာ ကမန်အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ပါတီ**က နိုင်ငံရေးပါတီများ မှတ်ပုံတင်ခြင်းဥပဒေ ပုဒ်မ ၅ အရ နိုင်ငံရေးပါတီအဖြစ် မှတ်ပုံတင်ခွင့်ပြုရန် ၂၃-၇-၂၀၁၅ ရက်နေ့တွင် လျှောက်ထားလာပါသည်။ ယင်းသို့လျှောက်ထားရာတွင် ပါတီအမည်၊ အလံနှင့် တံဆိပ်တို့ကို ဖော်ပြပါအတိုင်း အသုံးပြုမည်ဖြစ်ကြောင်း တင်ပြလာပါသည်။

၂။ ယင်းအဖွဲ့အစည်းက အသုံးပြုမည့်ပါတီအမည်၊ အလံနှင့် တံဆိပ်တို့ကို ကန့်ကွက်လိုက ယခုကြေညာသည့်နေ့မှစ၍ (၇)ရက်အတွင်း ခိုင်လုံသော အထောက်အထားများဖြင့် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်သို့ လာရောက်ကန့်ကွက်နိုင်ပါကြောင်း၊ နိုင်ငံရေးပါတီများမှတ်ပုံတင်ခြင်း နည်းဥပဒေ ၁၄(ဃ)အရ အများသိစေရန် ကြေညာအပ်ပါသည်။

**မြန်မာနိုင်ငံလုံးဆိုင်ရာ ကမန်အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ပါတီ၏ အလံပုံစံ**



**မြန်မာနိုင်ငံလုံးဆိုင်ရာ ကမန်အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ပါတီ၏ တံဆိပ်ပုံစံ**



**ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်**

## ကန့်ကွက်နိုင်ကြောင်း အများသိစေရန် ကြေညာခြင်း


၁။ ရခိုင်ပြည်နယ်၊ ဘူးသီးတောင်မြို့၊ အမှတ်(၄)(သပြေကုန်း)ရပ်ကွက်၊ မင်းစောမွန်လမ်း၊ အမှတ်(၅၉၃)တွင် ပါတီရုံးချုပ်(ယာယီ)တည်ရှိသော **ဒိုင်းနက်လူမျိုးများတိုးတက်ရေးပါတီ**က နိုင်ငံရေးပါတီများမှတ်ပုံတင်ခြင်း ဥပဒေပုဒ်မ ၅ အရ နိုင်ငံရေးပါတီအဖြစ် မှတ်ပုံတင်ခွင့်ပြုရန် ၂၃-၇-၂၀၁၅ ရက်နေ့တွင် လျှောက်ထားလာပါသည်။ ယင်းသို့လျှောက်ထားရာတွင် ပါတီအမည်၊ အလံနှင့်တံဆိပ်တို့ကို ဖော်ပြပါအတိုင်း အသုံးပြုမည်ဖြစ်ကြောင်း တင်ပြလာပါသည်။

၂။ ယင်းအဖွဲ့အစည်းက အသုံးပြုမည့် ပါတီအမည်၊ အလံနှင့်တံဆိပ်တို့ကို ကန့်ကွက်လိုက ယခုကြေညာသည့် နေ့မှစ၍ (၇)ရက်အတွင်း ခိုင်လုံသော အထောက်အထားများဖြင့် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်သို့ လာရောက်ကန့်ကွက်နိုင်ပါကြောင်း နိုင်ငံရေးပါတီများမှတ်ပုံတင်ခြင်း နည်းဥပဒေ ၁၄(ဃ)အရ အများသိစေရန် ကြေညာအပ်ပါသည်။

**ဒိုင်းနက်လူမျိုးများတိုးတက်ရေးပါတီ၏ အလံပုံစံ**



**ဒိုင်းနက်လူမျိုးများတိုးတက်ရေးပါတီ၏ တံဆိပ်ပုံစံ**



**ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်**

## ပြည်တွင်းရေးရာ

✲ ကျောဖုံးမှ

သက်လတ်ပိုင်းအမျိုးသမီး၏အမည်မှာ မမွန်ဖြစ်ပြီး ၎င်း၏ဘေးတွင် ပါလာသည့်သူမှာ မွေးရာပါဆွံ့အနားမကြားသည့် အသက်(၂၀)အရွယ် အကြီးဆုံးသမီးပင်ဖြစ်သည်။ ဆွံ့အနားမကြားသော်လည်း မိသားစုစားဝတ်နေရေးအတွက် မိခင်နှင့်အတူ ရေရောင်းသည့်အလုပ်ကို ဒိုးတူပေါင်ဖက် ကူညီလုပ်ကိုင်ပေးနေသူလည်း ဖြစ်သည်။

မမွန်တို့မိသားစုတွင် မိသားစုဝင် ငါးဦးရှိပြီး ခင်ပွန်းဖြစ်သူနှင့်မမွန်မှာ ရေရောင်းသည့်အလုပ်ကို လုပ်ကိုင်ရင်းဖြင့် မွေးရာပါဆွံ့အနားမကြားသမီးနှင့် လူမမည်ကလေးနှစ်ဦးကို ရှာဖွေကျွေးမွေးနေသည်။

"မိသားစုစားဝတ်နေရေးအတွက် ရေလှည်းလေးတွန်းလိုက်ရတာလေးနဲ့ စားလိုက်ပေ့ါ။ ကလေးများတော့ အဆင်မပြေပါဘူး"ဟု နေ့စဉ်ဖြတ်သန်းနေရသည့် ဘဝနှင့် ပတ်သက်ပြီး မမွန်ကဆိုသည်။

မမွန်၏အလုပ်မှာ ၎င်းတို့နေထိုင်ရာ (၉၃)ရပ်ကွက်ရှိ ရေစက်ပိုင်ရှင်ထံတွင် လှည်းနှင့်ရေတစ်စည်လျှင် ၃၀၀ ကျပ်ဖြင့် ခေါက်ပြန်ပေးယူ၍ ရေဝယ်ယူမည့် တိုက်ခန်းများထံ ပြန်လည်ရောင်းချရသော လုပ်ငန်းဖြစ်သည်။ ထိုသို့ရောင်းချရာတွင် တိုက်ခန်းအလွှာပေါ် မူတည်၍ ဈေးနှုန်းသတ်မှတ်ထားသည်။

"အပေါ်ဆုံးအထပ်ဆိုရင် တစ်စည်ကို ကျပ် ၁၅၀၀ ယူတယ်။ သုံးလွှာနဲ့လေးလွှာကိုတော့ ကျပ် ၁၃၀၀ ယူတယ်။ မြေညီထပ်ကနေ နှစ်လွှာထိကိုတော့ ကျပ် ၁၀၀၀ ပဲယူတယ်။ အပေါ်ထပ်ဆို ကျွန်မတို့က ရေပုံးနဲ့ ကဲ့ပြီးတော့ တင်ပေးရတာ။ ဒါကြောင့် ဈေးပိုယူတာ" ဟု ရေရောင်းသည့်လုပ်ငန်းနှင့် ပတ်သက်ပြီး မမွန်က ရှင်းပြသည်။

ယုဇနဥယျာဉ်မြို့တော်တွင် မမွန်တို့ကဲ့သို့ ရေရောင်းသည့်သူများ အများအပြားရှိကြသည်။ ယုဇနဥယျာဉ်မြို့တော်၏ သန့်ရှင်းသောအဝီစိရေ မရရှိမှုအပေါ် အခြေခံကာ ရေရောင်းစားသည့် ဈေးကွက်မှာ တဖြည်းဖြည်းတွင်ကျယ်လာခြင်းဖြစ်သည်။

ထိုသို့ စီးပွားပြိုင်ဘက်များ များပြားသည့်အတွက် မမွန်တို့လင်မယားနှစ်ဦးမှာ မိသားစုစားဝတ်နေရေး ပြေလည်စေရန် နေ့စဉ် မနက် ၆ နာရီခွဲမှ ညနေ ၅ နာရီအထိ အသည်းအသန်ရုန်းကန်ပြီး စီးပွားရှာရတော့သည်။ မမွန်တို့အလုပ်မှာ နွေရာသီတွင်ဝင်ငွေအတော်အသင့်ရရှိပြီး ချောင်လည်သော်လည်း မိုးရာသီရောက်ပါက ဈေးဦးမပေါက်သည့်နေ့များပင် ရှိတတ်ကြောင်း ၎င်းက ဆိုသည်။

"နွေဘက်ကျရင် နည်းနည်းအဆင်ပြေတယ်။ တစ်နေ့ကို လေး၊ ငါးထောင်လောက်ရတယ်။ မိုးတွင်းဘက် မိုးရွာတဲ့အခါကျရင် လုံးဝမရောင်းရဘူး။ ရေစည်ကြီး ဒီအတိုင်းပြန်ပါလာတာ။ အဲလိုမျိုး ဝင်ငွေလုံးဝမရတဲ့နေ့တွေလည်းရှိတယ်"ဟု မမွန်က ပြောသည်။

မမွန်တို့မိသားစုမှာ ရန်ကုန်ဇာတိမဟုတ်ကြပါ။ ဧရာဝတီတိုင်းဒေသကြီးမှ ရန်ကုန်သို့ လာရောက်အခြေချနေထိုင်သည်မှာ တစ်နှစ်ကျော်ခန့်သာရှိသေးသည်။ နှစ်ချုပ်ဖြင့် ငှားနေရန် ပိုက်ဆံမရှိသောကြောင့် တစ်လလျှင် ငွေကျပ် နှစ်သောင်းသာပေးရသည့် ကျူးကျော်ရပ်ကွက်မှ အိမ်တစ်လုံးကိုငှားရမ်းနေထိုင်နေရသည်။

မမွန်တို့မိသားစုအနေဖြင့် ၂၀၀၈ ခုနှစ် နာဂစ်မတိုင်မီ ဧရာဝတီတိုင်းဒေသကြီး ကတုံးရာရွာတွင် နေထိုင်ခဲ့ခြင်းဖြစ်ပြီး တံငါလုပ်ငန်းဖြင့် အသက်မွေးဝမ်းကျောင်းပြုခဲ့သူများလည်းဖြစ်သည်။ မြစ်ဝကျွန်းပေါ်တွင် နာဂစ်မုန်တိုင်းဖြစ်ပွားခဲ့ရာ အသက်ဘေးမှ လွတ်မြောက်ခဲ့သော်လည်း ၎င်းတို့ ပိုင်ဆိုင်သည့် ပစ္စည်းဥစ္စာများ ဆုံးရှုံးခဲ့ရသည်။

နာဂစ်မုန်တိုင်းဒဏ်ခံခဲ့ရသည့် ဒေသများကို ပြန်လည်ထူထောင်ရေး ဆောင်ရွက်ပေးခဲ့သော်လည်း မမွန်တို့ရွာအနေဖြင့် အပျက်အစီးသာရှိပြီး လူအသေအပျောက်မရှိခြင်းကြောင့် ပြန်လည်ထူထောင်ရေးတွင် မပါဝင်ခဲ့ကြောင်း ၎င်းကဆိုသည်။

"ရွာကအပျက်အစီးပဲရှိတယ်။ လူတွေက ဘာမှမဖြစ်လို့ ပြန်လည်ထူထောင်ရေးအတွက် ဘာမှမရဘူး။ တစ်ခါတော့ ရလိုက်တယ်။ လူတစ်ယောက်ကို ဆန်ခြောက်ပြည်နဲ့ ဆီတစ်ပိဿာရလိုက်တယ်"ဟု မမွန်က ပြောသည်။

ထိုသို့ အစိုးရ၏ပြန်လည်ထူထောင်ရေးတွင် မပါဝင်ခဲ့သော်လည်း မမွန်တို့မိသားစုအနေဖြင့် မွေးရပ်မြေ၌ ဆက်လက်လုပ်ကိုင်စားသောက်ခဲ့ရာမှ နောက်ဆုံးတွင် အလုပ်အကိုင်ရှားပါးလာမှုကြောင့် ရန်ကုန်မြို့ဆီသို့



**စလေဦးပုညရေးဖွဲ့ထားသည့် ရေသည်မိန်းမဆိုသည်မှာ သူ၏ တစ်ကိုယ်ရေတစ်ကာယဘဝ၌ စားဝတ်နေရေးချို့တဲ့မှုကိုသာ ရေးဖွဲ့ထားခြင်းဖြစ်ပါသည်။ မမွန်ကဲ့သို့ မိသားစုစားဝတ်နေရေးအပြင် သားသမီး၏ပညာရေးကြောင့် ပရိဒေဝမီးတောက်လောင်နေရသူတစ်ယောက်နှင့် နှိုင်းယှဉ်ကြည့်လျှင် ရေသည်မိန်းမ၏ ဘဝကမေးမှိန်သွားသည်မှာ အသေအချာပင်။**

ပြောင်းရွှေ့နေထိုင်လာခဲ့ရသည်။

ရန်ကုန်မြို့သို့ ပြောင်းရွှေ့လာရသည့် မမွန်၏ ရည်ရွယ်ချက်မှာ သားသမီးများ၏ဘဝကို မြှင့်တင်ပေးရန် စိတ်ကူးခဲ့သော်လည်း လက်တွေ့ဘဝတွင်မူ ဆီနဲ့ရေလို ကွာခြားနေခဲ့သည်။

သားသမီးများ၏ ပညာရေးနှင့် ပတ်သက်၍ ရန်ကုန်မြို့ရှိ ကျောင်းတစ်ကျောင်းသို့ သွားရောက်အပ်နှံခဲ့သော်လည်း ယခင်နေခဲ့ဖူးသည့် ကျောင်းထွက်လက်မှတ်ပါမှ ကျောင်းအပ်လက်ခံမည် ဖြစ်သောကြောင့် ဇာတိမြေသို့ ပြန်ရန် လမ်းစရိတ်မရှိသဖြင့် လူမမည်ကလေးနှစ်ယောက်၏ ပညာရေးမှာလည်း ဆွံ့အနေခဲ့ရသည်။

"စားဝတ်နေရေးအတွက် ဒီကိုပြောင်းလာတော့ သားလေးက လေးတန်း၊ အငယ်ဆုံးသမီးလေးက တစ်တန်းနဲ့ ကျောင်းထွက်လိုက်ရတယ်။ ဒီရောက်တော့ ဆက်ထားဖို့ကျောင်းသွားအပ်ပါသေးတယ်။ ကျောင်းအုပ်ဆရာမကြီးက ကျောင်းထွက်လက်မှတ်မရှိလို့တဲ့။ ဟိုဘက်က ကျောင်းထွက်လက်မှတ်ယူဖို့ဆိုတာကလည်း မယူနိုင်ဘူး။ သွားရမှာဝေးတော့ တစ်ခါသွားရင် လေး၊ ငါးသောင်းကုန်တော့ သွားမယူနိုင်ဘူးဖြစ်နေတယ်"ဟု ညှိုးငယ်သောမျက်နှာထားဖြင့် မမွန်က ပြောသည်။

အစိုးရသစ်လက်ထက်တွင် ၂၀၁၁-၂၀၁၂ ပညာသင်နှစ်မှစ၍ အခမဲ့မသင်မနေရ မူလတန်းပညာရေးစနစ်ကို စတင်ဖော်ဆောင်ခဲ့ပြီး ၂၀၁၄-၂၀၁၅ ပညာသင်နှစ်မှစ၍ အခမဲ့အလယ်တန်းပညာရေးအစီအစဉ်ကို တိုးမြှင့်လုပ်ဆောင်ပေးခဲ့သည်။ အစိုးရသစ်အနေဖြင့် အခမဲ့မသင်မနေရ မူလတန်းပညာရေးစနစ်မှ အခမဲ့အလယ်တန်းပညာရေးစနစ်သို့ တိုးမြှင့်လုပ်ဆောင်ခဲ့သော်လည်း အခြေခံလက်လုပ်လက်စားမိဘများ၏ သားသမီးများမှာ စာသင်ကျောင်းပြင်ပတွင် ရှိနေဆဲဖြစ်သည်။

၂၀၁၅-၂၀၁၆ ပညာသင်နှစ်အတွက် ပညာရေးဝန်ကြီးဌာန၏ ထုတ်ပြန်ချက်တွင် ပထမအပိုဒ်၌ ၂၀၁၄ ခုနှစ် လူဦးရေနှင့် အိမ်အကြောင်းအရာသန်းခေါင်စာရင်းကို ၂၀၁၅ခုနှစ် မေ ၂၉ ရက်တွင် ထုတ်ပြန်ခဲ့ပြီးဖြစ်ရာ ယင်းသန်းခေါင်စာရင်းအရ ကျောင်းနေအရွယ် အသက်အပိုင်းအခြား ဦးရေစာရင်းကို မြို့နယ်၊ ရပ်ကွက်၊ ကျေးရွာအလိုက် ကောက်နုတ်ပြုစုပြီး ကျောင်းအပ်ရန်ကျန်ရှိနေသော ကလေးများ တစ်ယောက်တစ်လေ မကျန်စေရဘဲ ကျောင်းအပ်နှံရေးဆောင်ရွက်ရန် ကြေညာခဲ့သော်လည်း ယခုနှစ် ကျောင်းနေအရွယ်ကလေး ၂၀ရာခိုင်နှုန်းကျော်မှာ ကျောင်းမနေနိုင်ကြောင်းသိရသည်။

ထိုကျောင်းမနေနိုင်သည့် ကျောင်းနေအရွယ်ကလေး ၂၀ ရာခိုင်နှုန်းကျော်တွင် မမွန်၏သားနှင့်သမီးလည်း အပါအဝင် ဖြစ်ပေလိမ့်မည်။ အခမဲ့ပညာရေးစနစ်တွင် ပညာရေးဝန်ကြီးဌာနအနေဖြင့် ကျောင်းသုံးဗလာစာအုပ်များနှင့် အဖြူအစိမ်းကျောင်းဝတ်စုံများကို ယခုနှစ်မှစတင်၍ ထောက်ပံ့ပေးလျက်ရှိသည်ကိုလည်း မသိရှိကြောင်း မမွန်က ဆိုသည်။

"ဒီလိုလုပ်ဆောင်နေတာတွေကို အောက်ခြေထိရောက်အောင် လုပ်ပေးစေချင်တယ်။ ပညာပေးအနေနဲ့လည်း လုပ်ပေးစေချင်တယ်။ ခုတော့ ဒီလိုထောက်ပံ့မှုပေးနေတာတွေကို မသိဘူး"ဟု ၎င်းက ပြောသည်။

**စလေဦးပုည စီကုံးရေးသားထားသည့် ရေသည်ပြဇာတ်တွင် ရေသည်မိန်းမသည် အလွန်ဆင်းရဲသောကြောင့် ပဲစေ့တစ်ဝက်၊ ပြောင်းတစ်ဝက်နှင့် ဆန်အနည်းငယ်ပါသော ထမင်းကို ပိလောပင်းချိုဖြင့် ဂလုန်ဆန်အောင် ခြေကန်၍မျှောရကြောင်း အဖြစ်စုတ်ပေ တောင့်ထဘီ၊ အစပ်က တစ်ရာ၊ အဖာက ဗရပျစ်၊ အမှောင်ကျအောင် ညစ်ပါသတဲ့၊ ပဆစ်အိမ်ကို၊ သုံးလွန်းလိမ်ခါးတင်ထိုးလို့၊ ရေအိုးကိုရွက်၊ မူရာတော်နွဲ့နှောင်းနှင့် ရေချိုးရောင်းထွက်တော့မယ်ဆိုပြီး ရေသည်မိန်းမ၏ ဝတ်စားဆင်ယင်မှုနံ့ချာပုံကိုလည်း ရေးဖွဲ့ထားပုံက ဖတ်ရှုရသူအဖို့ ကရုဏာသက်မိလောက်ပါပေသည်။**

သို့သော် စလေဦးပုညရေးဖွဲ့ထားသည့် ရေသည်မိန်းမဆိုသည်မှာ သူ၏ တစ်ကိုယ်ရေတစ်ကာယဘဝ၌ စားဝတ်နေရေးချို့တဲ့မှုကိုသာ ရေးဖွဲ့ထားခြင်းဖြစ်ပါသည်။ မမွန်ကဲ့သို့ မိသားစု စားဝတ်နေရေးအပြင် သားသမီး၏ ပညာရေးကြောင့် ပရိဒေဝမီးတောက်လောင်နေရသူတစ်ယောက်နှင့်နှိုင်းယှဉ်ကြည့်လျှင် ရေသည်မိန်းမ၏ ဘဝက မေးမှိန်သွားသည်မှာ အသေအချာပင်ဖြစ်ပါသည်။

ယနေ့ခေတ်တွင် ကမ္ဘာကြီးသည်ပြားသွားခဲ့ပြီဖြစ်သည်။ ဂလိုဘယ်လိုက်ဇေးရှင်းကြောင့် ကမ္ဘာကြီးမှာ ရွာကြီးတစ်ရွာဖြစ်သွားခဲ့ပြီဖြစ်သည်။ နေ့စဉ်နှင့်အမျှ နည်းပညာအသစ်အဆန်းများသည်လည်း တိုးတက်ပြောင်းလဲလို့လာခဲ့သည်။

ယနေ့ခေတ်သည် ကျောက်ခေတ်မဟုတ်တော့။ ယနေ့ခေတ်သည်ကြေးခေတ်မဟုတ်တော့၊ ယနေ့ခေတ်သည် နည်းပညာဖြင့် ခေတ်မီဖွံ့ဖြိုးတိုးတက်နေသော ခေတ်တစ်ခေတ်သို့ ရောက်ရှိခဲ့ပြီဖြစ်သည်။ နည်းပညာခေတ်ဖြစ်လာခြင်းကြောင့် ကမ္ဘာ့နိုင်ငံကြီးများမှာ ပညာရေးကို အထူးတလည်အလေးထားဆောင်ရွက်လာကြသည့်အပြင် ပညာတတ်များကိုလည်း မွေးထုတ်ပေးလာခဲ့ကြသည်။ အနီးစပ်ဆုံးတရုတ်နိုင်ငံကိုကြည့်လျှင် သိနိုင်ပါပြီ။ တရုတ်နိုင်ငံအနေဖြင့် ကွန်မြူနစ်နိုင်ငံဖြစ်သော်လည်း ပညာတတ်အမြောက်အမြားကို မွေးထုတ်ပေးနိုင်ခြင်းကြောင့် ယနေ့ခေတ် အချိန်အခါတွင် တရုတ်နိုင်ငံသည် ကမ္ဘာ့ထိပ်သီးနိုင်ငံဖြစ်သည့် အမေရိကန်နိုင်ငံနှင့် ပခုံးချင်း ယှဉ်လျှောက်ခွင်လျှာညီနေပြီ ဖြစ်သည်။

သို့ဆိုလျှင် လမ်းပေါ်၌ ရေလှည့်ရောင်းနေသည့် ရေသည်မိန်းမတစ်ယောက်၏စိတ်တွင် ၎င်း၏သားသမီးများကို ပညာတတ်ကြီးဖြစ်စေချင်သောဆန္ဒမှာ ယနေ့ခေတ်အနေအထားနှင့် နှိုင်းယှဉ်ကြည့်လျှင် ထူးဆန်းသည့်ကိစ္စမဟုတ်ကြောင်း တွေ့ရှိရပေမည်။ သို့သော် မြန်မာဆိုရိုးစကားများရှိခဲ့ပေသည်။ "ပျော်ရာမှာ မနေရ တော်ရာမှာနေရ" ဆိုသလို "ဖြစ်ချင်တာထက် ဖြစ်သင့်တာကိုလုပ်" စသည်ဖြင့် မိမိဘဝပေးအခြေအနေအရ စိတ်ကူးနှင့် လက်တွေ့ဘဝတွင် ထပ်တူမကျမှုများမှာလည်း ရှိနေကြပါသည်။

ယခုရေးသားခဲ့သည့် ခေတ်သစ်ရေသည်ပြဇာတ်တွင် အဓိကဇာတ်ရုပ်ဖြစ်သူ မမွန်၏ နောက်ဆုံးပြောစကားကို မိဘတစ်ဦးဖြစ်သည့် သင်သာကြားခဲ့မည်ဆိုလျှင် သေချာပေါက်ကြေကွဲဆို့နင့်သွားပါလိမ့်မည်။

**"သားသမီးတွေရဲ့ ဘဝကိုတော့ မြှင့်တင်ပေးချင်တယ်။ သူများသားသမီးတွေကျောင်းထားသလို ကိုယ့်သားသမီးကိုလည်းထားချင်တယ်။ ဒါပေမယ့် ကိုယ့်ဘဝက မတတ်နိုင်ဘူးလေ။ မတတ်နိုင်တော့ မထားနိုင်တဲ့အဆင့်ရောက်သွားတယ်။ တစ်ခါတလေကျရင် တွေးရင်းမျက်ရည်တောင်ကျမိတယ်"** ဟုသူသတည်း။ ။

# ကရင်ပြည်နယ် ရေဘုတ်ရေလှောင်တမံ အကူရေပိုလွှဲ ထပ်မံတည်ဆောက်

**ဘားအံ ဇူလိုင် ၂၃**

ကရင်ပြည်နယ် ဘားအံခရိုင် လှိုင်းဘွဲ့မြို့နယ် ထီလုံကျေးရွာအနီး ရေဘုတ်ချောင်းနှင့် ကစိုင်းချောင်းကို အခြေပြု တည်ဆောက်ထားသော ရေဘုတ်ရေလှောင်တမံသည် အလျား ပေ ၁၇၇၂၀၊ အမြင့် ၇၁ ပေ၊ ရေသိုလှောင်ပမာဏကေပေ ၃၆၀၀၀ ခန့်ရှိ မြေသားတမံအမျိုးအစားဖြစ်ပြီး ဆည်ရေသောက် လယ်မြေဧရိယာ ၅၄၅၂ ဧကကို အကျိုးပြုနိုင်ရန် ၂၀၀၅ ခုနှစ်မှ စတင်ခဲ့ပြီး ၂၀၁၀ ခုနှစ်တွင် တည်ဆောက်ပြီးစီးခဲ့သည်။

အဆိုပါ ရေလှောင်တမံ၏ ရေသိုလှောင်မှု ရေအမြင့် ၆၃ ပေသို့ ရေရောက်ရှိပါက တမံထိခိုက်မှုမရှိစေရေး၊ရေထုတ်ပေးရန် ရေပိုရေလွှဲကို သံကူကွန်ကရစ်ဖြင့်အကျယ်ပေ ၄၀၊ ရေပိုလွှဲအလျား ၂၇၅ ပေ၊ ရေထုစီးနှုန်း ၁၂၉၃ ကုဗပေ/စက္ကန့်ထည့်သွင်း တည်ဆောက်ထားသော်လည်း ၂၀၁၃ ခုနှစ်ဇွန်လမှ စတင်ကာ မိုးသည်းထန်စွာ အဆက်မပြတ်ရွာသွန်းမှုကြောင့် ကန်ရေပြည့် အမြင့်ဆုံးအမှတ်ထက် ၇၀ ဒသမ ၈ သို့ ရောက်ရှိခဲ့သည်။ အဆိုပါအခြေအနေများတွင် တမံမကျိုးပေါက်စေရန်နှင့် တမံအောက်ပိုင်းရှိ ကျေးရွာများမှ တောင်သူလယ်သမားများ အိုးအိမ်၊အဆောက်အအုံ၊ လယ်ယာများ၊ ရော်ဘာခြံများ ရေနစ်မြုပ်ထိခိုက်မှုမရှိစေရန်၊ထူးကဲစွာရေဝင်ရောက်မှု ရှိလာပါက တမံရေကျော် ကျိုးပေါက်ပျက်စီးမှု မရှိစေရန် အရေးပေါ်အတွက် သံကူကွန်ကရစ်အမျိုးအစား အကျယ်ပေ ၇၀၊ ရေပိုရေလွှဲ အလျား ၃၂၉ ပေရှိ အလိုအလျောက် ရေဖွင့်/ပိတ် ထိန်းသိမ်းစနစ် (AUTOMATIC FALLING SHUTTER) တပ်ဆင်ထားသော အကူရေပိုလွှဲ တစ်ခုကို ထပ်မံတည်ဆောက်လျက်ရှိသည်။

အဆိုပါ အကူရေပိုလွှဲ တည်ဆောက်နေခြင်းကို ကရင်ပြည်နယ် ဝန်ကြီးချုပ် ဦးဇော်မင်းသည် ပြည်နယ် စိုက်/ကြပ်အဖွဲ့ဝင်များ၊ ခရိုင်/ မြို့နယ်တာဝန်ရှိသူများနှင့်အတူ ဇူလိုင် ၂၀ ရက်တွင် လိုက်လံကြည့်ရှုစစ်ဆေးခဲ့ရာ ပြည်နယ်ဆည်မြောင်းဦးစီးဌာန တာဝန်ရှိသူများက အကူရေပိုလွှဲ တည်ဆောက်ရေးဆိုင်ရာများကို ရှင်းလင်းတင်ပြခဲ့ကြကြောင်းနှင့် အကူရေပိုလွှဲ တည်ဆောက်နိုင်ခြင်းကြောင့် တမံရေကျော်ကျိုးပေါက်မှုမရှိနိုင်ဘဲ ရေလှောင်တမံ၏ ခိုင်ခံ့မှုကို ထိန်းသိမ်းနိုင်ပြီး အနီးပတ်ဝန်းကျင် ကျေးရွာများမှ မိုးနှောင်းပိုင်းတွင် စိုက်ပျိုးရေလုံလောက်မှုကို ဖြည့်ဆည်းပေးနိုင်ခြင်း၊ဆည်ရေပေးဝေနိုင်ခြင်း၊ရေတွင်း၊ ရေကန်များနွေရာသီတွင် ရေခန်းခြောက်မှုများကိုလည်းကာကွယ်ပေးနိုင်ခဲ့သည့်အပြင် သီးထပ်သီးညှပ်စိုက်ပျိုး၍ဝင်ငွေတိုးတက်ရရှိပြီး လူမှုဘဝဖွံ့ဖြိုးလာရေးအတွက် ရည်ရွယ်ကြောင်း သိရသည်။

**နေမျိုးလွင်(ပြန်/ဆက်)**

❖

## မှတ်သားဖွယ်ရာ မိုးရေချိန်များ

| | | | |
|---|---|---|---|
| ပူတာအို | ၃ ဒသမ ၉၀ | လက်မ |
| ကျောက်တော် | ၃ ဒသမ ဂ၂ | လက်မ |
| မချမ်းဘော | ၃ ဒသမ ၁၅ | လက်မ |
| ခန္တီး | ၂ ဒသမ ၉၅ | လက်မ |
| ပလက်ဝ | ၂ ဒသမ ၆၀ | လက်မ |
| တောင်ကုတ် | ၂ ဒသမ ၅၂ | လက်မ |
| ညောင်လေးပင် | ၂ ဒသမ ၄၀ | လက်မ |
| သံတွဲ | ၂ ဒသမ ၃၆ | လက်မ |
| မောင်တော | ၂ ဒသမ ၂ဂ | လက်မ |
| ထီးလင်း | ၁ ဒသမ ၇၆ | လက်မ |

ပြည်တွင်းရေးရာ

# &xm;vr;yi;rsm; tm;jyKjyiNy; c&;onrsm; tqiajypm om;vmEia&;ppOaqmi&u

**နေပြည်တော်　ဇူလိုင်　၂၃**

ရထားပို့ဆောင်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးမြင့်သိန်းသည် မြန်မာ့မီးရထားမှ တာဝန်ရှိသူများနှင့်အတူ ဇူလိုင် ၂၂ ရက် မွန်းလွဲ ၁ နာရီက ကန့်ဘလူမှ ကံကြီး-ဇော်ချောင်းကြား ရေတိုက်စားလမ်းပိုင်းသို့ သွားရောက်စစ်ဆေးခဲ့ပြီး **(ယာပုံ)**လိုအပ်သော လုပ်ငန်းသုံးပစ္စည်းများ သယ်ယူ ပို့ဆောင်နေမှု၊ လုပ်သားအင်အားအပြည့်အဝဖြင့် အင်တိုက် အားတိုက် ဆောင်ရွက်နေမှုတို့ကို ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များ ဖြည့်ဆည်းဆောင်ရွက်ပေးလျက်ရှိသည်။

ထို့ပြင် မန္တလေး-မြစ်ကြီးနားခရီးစဉ် ပြတ်တောက်မှုမရှိစေရေး မန္တလေး-မြစ်ကြီးနား အဆန်ခရီးစဉ်တစ်လျှောက်လုံးအတွက် မန္တလေးမှ ကန့်ဘလူသို့ ရထားဖြင့် ပို့ဆောင်ပေးပြီး ကန့်ဘလူ-ကောလင်းကြားတွင် ကုန်းလမ်းပို့ဆောင်ရေးမှ မော်တော်ယာဉ် ငါးစင်းဖြင့် ခရီးသည် တစ်ဦးလျှင် ငွေကျပ် ၁၀၀၀ သာ ကောက်ခံစေပြီး ကူးပြောင်းပို့ဆောင်ပေးရန် စီစဉ်ဆောင်ရွက်ထားရှိသည်။

မန္တလေးမှ အဆန်အထူးရထားသည် နံနက် ၅ နာရီခွဲတွင် ထွက်ခွာပြီး ကန့်ဘလူသို့မွန်းလွဲ ၁ နာရီတွင် ရောက်ရှိမည်ဖြစ်ရာ ကန့်ဘလူမှ ကုန်းလမ်းပို့ဆောင်ရေးယာဉ်များသည် မွန်းလွဲ ၁ နာရီခွဲတွင် ထွက်ခွာပြီး ကောလင်းသို့ ည ၇ နာရီတွင် ရောက်ရှိမည်ဖြစ်သည်။

ကောလင်းမှ အထူးအဆန်ရထားသည် ည ၉ နာရီတွင် ထွက်ခွာပြီး မြစ်ကြီးနားသို့ နောက်နေ့ နံနက် ၁၁ နာရီတွင် ရောက်ရှိမည်ဖြစ်သည်။

ထို့နည်းတူစွာ မြစ်ကြီးနားမှ အထူးအစုန်ရထားသည် မွန်းတည့် ၁၂ နာရီတွင်ထွက်ခွာပြီး ကောလင်းသို့ မွန်းလွဲ ၂ နာရီတွင် ရောက်ရှိမည်ဖြစ်သည်။ ကောလင်းမှ ကုန်းလမ်းပို့ဆောင်ရေးယာဉ်များသည် မွန်းလွဲ ၂ နာရီခွဲတွင်ထွက်ခွာပြီး ကန့်ဘလူသို့ နံနက် ၈ နာရီတွင် ရောက်ရှိမည် ဖြစ်သည်။ ကန့်ဘလူမှ အစုန်အထူးရထားသည် နံနက် ၈ နာရီခွဲတွင် ထွက်ခွာပြီး မန္တလေးသို့ ညနေ ၄ နာရီတွင် ရောက်ရှိမည်ဖြစ်သည်။



ပြုပြင်ရန်လိုအပ်သော ရထားလမ်းပိုင်းအား ပြုပြင်ပေးလျက်ရှိသကဲ့သို့ ခရီးသည်များကိုလည်း မန္တလေး-မြစ်ကြီးနား ခရီးစဉ် ပြတ်တောက်မှုမရှိစေရေးအတွက် ရထားပို့ဆောင်ရေးဝန်ကြီးဌာန အနေဖြင့် စီစဉ်ဆောင်ရွက်ပေးလျက်ရှိပါကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

## သွေးလွန်တုပ်ကွေးရောဂါ ကာကွယ်ရေးဆောင်ရွက်

**ရန်ကုန်　ဇူလိုင်　၂၃**

ရန်ကုန်အနောက်ပိုင်းခရိုင် လှိုင်မြို့နယ် အမှတ်(၉)ရပ်ကွက်၌ သွေးလွန်တုပ်ကွေးရောဂါကြိုတင်ကာကွယ်ရေးလုပ်ငန်းအဖြစ် ဇူလိုင် ၁၅ ရက်က မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးဝင်းသူအောင်၊ မြို့နယ်စည်ပင်သာယာဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ ကျန်းမာရေးဦးစီးဌာနမှ ဝန်ထမ်းများ၊ ရပ်မိရပ်ဖများ၊ အမျိုးသမီးရေးရာအဖွဲ့ဝင်များ၊ မိခင်နှင့်ကလေးစောင့်ရှောက်ရေးအဖွဲ့ဝင်များ၊ အရန်မီးသတ်တပ်ဖွဲ့ဝင်များ စုပေါင်း၍ ဖုံး၊ သွန်၊ လဲ၊ စစ် လုပ်ငန်းများအား ပညာပေးဟောပြောခြင်း၊ ရေကန်များအတွင်း ပိုးလောက်လန်းစားငါးများလွှတ်ခြင်းနှင့် အဘိတ်ဆေးခတ်ခြင်းများပြုလုပ်ခဲ့ကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**

## မြင်းခြံခရိုင်၌ မိုးရွာသွန်းမှုကောင်း

**မြင်းခြံ　ဇူလိုင်　၂၃**

မြင်းခြံခရိုင်တွင် ယခုနှစ်မိုးရွာသွန်းမှုမှာ လေးမြို့နယ်တွင် တောင်သာမြို့နယ်မှလွဲ၍ မြင်းခြံ၊ နွားထိုးကြီးနှင့် ငါန်းဇွန်မြို့နယ်များ၌ မိုးရွာသွန်းမှုကောင်းမွန်နေကြောင်း မြင်းခြံခရိုင် အုပ်ချုပ်ရေးမှူးက ပြောသည်။

ယခုနှစ်မြင်းခြံမြို့နယ်၏ မိုးရွာသွန်းမှုကောင်းမွန်သကဲ့သို့ နွားထိုးကြီး၊ ငါန်းဇွန်မြို့နယ်များ၌လည်း ယမန်နှစ်ကထက်ကောင်းမွန်နေကြောင်း ဆက်ပြောပြသည်။

မိုးမျှော်ရမှုရှိသော်လည်း မိုးဦးရွာသွန်းမှုကောင်းနေ၍ မိုးဦးသီးနှံဖြစ်သော ဆီထွက်သီးနှံအခြေအနေမှာ ယမန်နှစ်ကထက် အဆင်ပြေကောင်းမွန်နေကြောင်း သိရသည်။

**(ဌေးမြင့်မောင်)**

**■မြင်းမူမြို့နယ်မှ**

နေရာများသို့ ပြောင်းရွှေ့ပေးခဲ့ကြသည်။

မူးမြစ်ရေဝင်ရောက်သည့် ကျေးရွာများမှ အိမ်ထောင်စုဝင်များအား ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများနှင့် ပြောင်းရွှေ့ရေးလုပ်ငန်းများကိုအသင့်ဆောင်ရွက်နိုင်ရန်အတွက် မြို့နယ်စိုက်ပျိုးရေးဦးစီးမှူး ဦးလှမိုးကျော် ဦးဆောင်သောအဖွဲ့နှင့် မြို့နယ်စက်မှုလယ်ယာဦးစီးမှူး ဦးကျော်မင်းမင်းထွန်းဦးဆောင်သော အဖွဲ့တို့ဖြင့် မြို့နယ်စီမံခန့်ခွဲမှုကော်မတီကဖွဲ့စည်းဆောင်ရွက်ပေးလျက်ရှိသည်။

ထို့ပြင် မြို့နယ်မွေးမြူရေးနှင့် ကုသရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်မြင့်မြင့်ဌေးနှင့် ဝန်ထမ်းများက ကျွဲ၊ နွား၊ တိရစ္ဆာန်များကို တိရစ္ဆာန်ကျန်းမာရေးစောင့်ရှောက်မှုများပေးလျက်ရှိသည်။

ရေဝင်ရောက်သည့် ကျေးရွာများမှ အိမ်ထောင်စုဝင်များအား မြို့နယ်စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌ ဦးသိန်းဇော်နှင့် မြို့နယ်အဆင့် ဌာနဆိုင်ရာများ၊ အမှတ်(၇၂) သံချပ်ကာစစ်ဆင်ရေးကွပ်ကဲမှုဌာနချုပ်မှ တပ်မတော်သားများ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များ၊ မြန်မာနိုင်ငံမီးသတ်တပ်ဖွဲ့ဝင်များ၊ အရန်မီးသတ်တပ်ဖွဲ့ဝင်များနှင့် မြတ်သုခလူမှုကူညီရေးအသင်းဝင်များကစက်လှေများဖြင့် ပြောင်းရွှေ့ပေးမှုကြောင့် လူနှင့်တိရစ္ဆာန်များပျက်စီးဆုံးရှုံးမှု မရှိကြောင်းသိရသည်။

**(ဖိုးခါး)**

## Zvi 23 &u ( lumoyaw;ae ) aps;ywcse v , , mxuueEi opo;0vaps;Ee;rsm;

| စဉ် | အမျိုးအစား | ထွက်ရှိရာဒေသ | ယူနစ် | ဈေးကွက် | ဈေးနှုန်းကျပ်ပျမ်းမျှ အနိမ့်ဆုံးမှအမြင့်ဆုံး |
|---|---|---|---|---|---|
| ၁ | ပေါ်ဆန်း(ဆန်) | နယ်စုံ(ဖျာပုံ၊ ဒေးဒရဲ၊ မြောင်းမြ၊ ပုသိမ်၊ ရွှေဘို) | တစ်တင်းခွဲ | ဝါးတန်းလမ်းကုန်စည်ဒိုင် | ၃၃၅၀၀ မှ ၄၄၅၀၀ |
| ၂ | ဧယာ/ဧည့်မထ(ဆန်) | | တစ်တင်းခွဲ | ဝါးတန်းလမ်းကုန်စည်ဒိုင် | ၁၇၀၀၀ မှ ၂၀၇၀၀ |
| ၃ | ငစိန်(ဆန်) | | တစ်တင်းခွဲ | ဝါးတန်းလမ်းကုန်စည်ဒိုင် | ၁၉၅၀၀ မှ ၂၁၅၀၀ |
| ၄ | မြီးဒုံး(ဆန်) | | တစ်တင်းခွဲ | ဝါးတန်းလမ်းကုန်စည်ဒိုင် | ၂၇၀၀၀ မှ ၂၈၅၀၀ |
| ၅ | ဆင်းသွယ်လတ်(ဆန်) | | တစ်တင်းခွဲ | ဝါးတန်းလမ်းကုန်စည်ဒိုင် | ၂၁၅၀၀ မှ ၂၂၀၀၀ |
| ၆ | ကောက်ညှင်း(ဆန်) | ဘိုကလေး | တစ်တင်းခွဲ | ဝါးတန်းလမ်းကုန်စည်ဒိုင် | ၁၈၅၀၀ မှ ၂၃၀၀၀ |
| ၇ | မတ်ပဲ (FAQ)(ပဲ) | | တစ်တန် | ဘုရင့်နောင်ကုန်စည်ဒိုင် | ၁၃၂၀၀၀၀ |
| ၈ | ပဲတီစိမ်း(ပဲ) | နယ်စုံ(ပခုက္ကူ၊ရွှေဝါ၊ ဝါးခယ်မ) | တစ်အိတ် | ဘုရင့်နောင်ကုန်စည်ဒိုင် | ၁၁၈၀၀၀ မှ ၁၃၈၀၀၀ |
| ၉ | ထောပတ်(ပဲ) | | တစ်အိတ် | ဘုရင့်နောင်ကုန်စည်ဒိုင် | ၄၅၀၀၀ မှ ၅၅၀၀၀ |
| ၁၀ | ပဲကြီး(ပဲ) | ကုန်း၊ ရွှေကျွန်း | တစ်အိတ် | ဘုရင့်နောင်ကုန်စည်ဒိုင် | ၇၅၀၀၀ မှ ၉၀၀၀၀ |
| ၁၁ | ပြောင်းဆန် | | တစ်အိတ် | ဘုရင့်နောင်ကုန်စည်ဒိုင် | ၂၈၀၀၀ |
| ၁၂ | ဗိုလ်ကိတ်(ပဲ) | | တစ်အိတ် | ဘုရင့်နောင်ကုန်စည်ဒိုင် | ၅၅၀၀၀ မှ ၅၆၀၀၀ |
| ၁၃ | နှမ်းနက် စမုံ(နှမ်း) | | တစ်အိတ် | မန္တလေးကုန်စည်ဒိုင် | ၂၀၇၀၀၀ မှ ၂၀၈၀၀၀ |
| ၁၄ | ကြက်သွန်နီ | ဆိပ်ဖြူ ပျော်ဘွယ် | တစ်ပိဿာ | ဘုရင့်နောင်ကုန်စည်ဒိုင် | ၄၅၀ မှ ၈၅၀ |
| ၁၅ | ကြက်သွန်ဖြူ | ကြူကုတ် | တစ်ပိဿာ | ဘုရင့်နောင်ကုန်စည်ဒိုင် | ၁၉၈၀ မှ ၂၀၂၅ |
| | **လယ်ယာစိုက်ပျိုးရေးနှင့် ဈေးကွက်သတင်းအချက်အလက်အဖွဲ့(AMIT)မှ ပေးပို့သည်။** | | | | |

## jrerm-*syetoi;\ ynm&nx;cEeq *syeEiiavvma&;tptpO - 2015 a&;cs , jci;c&on bupx;cEeorsm;pm&i;xwjye

**ရန်ကုန်　ဇူလိုင်　၂၃**

မြန်မာ-ဂျပန်အသင်း၏ ပညာရည်ထူးချွန်ဆု(ဂျပန်နိုင်ငံလေ့လာရေးအစီအစဉ်- ၂၀၁၅)အတွက် **"၂၀၁၅ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲ"**တွင် ထူးချွန်စွာအောင်မြင်ခဲ့ကြသူများအနက်မှ **"ဘက်စုံထူးချွန်သူ(၂၀)"**အား ရွေးချယ်ပြီးလျှင် ဂျပန်နိုင်ငံသို့ ခုနစ်ညအိပ် ရှစ်ရက်ကြာလေ့လာရေးခရီးစဉ်အား စက်တင်ဘာ ၅ ရက်မှ ၁၃ ရက်အထိ စေလွှတ်သွားမည်ဖြစ်ရာ မြန်မာနိုင်ငံစာစစ်ဦးစီးဌာနမှ ရရှိသောအမှတ်စာရင်းများအရ ဖော်ပြပါပညာရည်ထူးချွန်ဆုအတွက် အဆိုပြုလွှာတင်သွင်းခွင့်ရှိသူ (၉၈)ဦး၏ အမည်စာရင်းအားထုတ်ပြန်၍ ဆက်သွယ်အကြောင်းကြားခဲ့ရာ ၉၂ ဦးထံမှ အဆိုပြုလွှာများကို လက်ခံရရှိခဲ့သည်။

လက်ခံရရှိသော အဆိုပြုလွှာများအား အသင်း၏ ထူးချွန်ကျောင်းသားများ ရွေးချယ်ရေးကော်မတီသည် ပဏာမစိစစ်ပြီး ထူးချွန်ကျောင်းသား ကျောင်းသူ (၆၆)ဦးအား လူတွေ့စစ်ဆေးရန်ခေါ်ယူ၍ ရန်ကုန်၊ နေပြည်တော်နှင့် မန္တလေးတို့တွင် လူတွေ့စစ်ဆေးမှုပြုလုပ်ခဲ့ပါသည်။ အသင်း၏ ထူးချွန်ကျောင်းသားများရွေးချယ်ရေး ကော်မတီသည် အသင်း၏ ချမှတ်ထားသော **"ထူးချွန်ကျောင်းသားများရွေးချယ်ရေး အခြေခံမူများ"**နှင့်အညီ လူတွေ့စစ်ဆေးမှုများ ပြုလုပ်ခဲ့ပြီးနောက် အောက်ဖော်ပြပါ **"ဘက်စုံထူးချွန်သူ(၂၀)"**အား အတည်ပြုရွေးချယ်ခဲ့သည်-

**ပြည်နယ် /တိုင်းဒေသကြီးများအလိုက်**

(၁) မောင်ရဲရင့်အောင်　အထက(နန်းမား)၊ မိုးညှင်း　ကချင်ပြည်နယ်
(၂) မမော်သိုးမြာ　အထက(၁)၊ လွိုင်ကော်မြို့　ကယားပြည်နယ်
(၃) မောင်ခွန်ဇင်ကိုနိုင်　အထက(၃)၊ ဘားအံမြို့　ကရင်ပြည်နယ်
(၄) မောင်သျှန်းပုမ်　အထက(၂)၊ ဖလမ်းမြို့　ချင်းပြည်နယ်
(၅) မဝန်းရတီ　အထက(၁)၊ မုဒုံမြို့　မွန်ပြည်နယ်
(၆) မသဲနုစံ　အထက(၂)၊ စစ်တွေမြို့　ရခိုင်ပြည်နယ်
(၇) မနန်းဖွေးနွံ　ကမ္ဘောဇ(ကပက)၊ အောင်ပန်းမြို့　ရှမ်းပြည်နယ်
(၈) မရွှေရည်လင်းလက်　အထက(၃)၊ ရွှေဘိုမြို့　စစ်ကိုင်းတိုင်းဒေသကြီး
(၉) မရွှေရည်ရတနာ　အထက(၁)၊ မြိတ်မြို့　တနင်္သာရီတိုင်းဒေသကြီး
(၁၀) မောင်ထက်လင်းအောင်　အထက(၃)၊ ပဲခူးမြို့　ပဲခူးတိုင်းဒေသကြီး
(၁၁) မဝင့်ဖူးဖူးအောင်　အထက(၁)၊ မကွေးမြို့　မကွေးတိုင်းဒေသကြီး
(၁၂) မသက်မြတ်နိုး　စီအေအီး(ကပက)၊ ချမ်းအေးသာစံ　မန္တလေးတိုင်းဒေသကြီး
(၁၃) မဆုမွန်　အထက(၁)၊ ဒဂုံ　ရန်ကုန်တိုင်းဒေသကြီး
(၁၄) မခင်သစ်ဆွေ　အထက(၁)၊ ဒေးဒရဲ　ဧရာဝတီတိုင်းဒေသကြီး
(၁၅) မမေဆုမွန်ချို　စီအေအီး(ကပက)၊ဥတ္တရသီရိ　နေပြည်တော်

**သိပ္ပံဘာသာတွဲအမှတ်အများဆုံးမှ**

(၁၆) မသော်သော်ဟန်　အထက(၂) လသာ　ရန်ကုန်တိုင်းဒေသကြီး
(၁၇) မသင်းရန့်သာ　ချယ်ရီရိပ်(ကပက)၊ ရွှေပြည်သာ　ရန်ကုန်တိုင်းဒေသကြီး

**ဝိပ္ပံဘာသာတွဲအမှတ်အများဆုံးမှ**

(၁၈) မချိုသဲထိုက်ထိုက်　အထက(၅)ကမာရွတ်　ရန်ကုန်တိုင်းဒေသကြီး

**ဝိဇ္ဇာဘာသာတွဲအမှတ်အများဆုံးမှ**

(၁၉) မသင်းသင်းဖြိုး　အထက(အိမ်မဲကြီး)၊ အိမ်မဲ　ဧရာဝတီတိုင်းဒေသကြီး
(၂၀) မဝေမာဦး　ပြင်ပဖြေ၊ စေတုတ္တရာ　မကွေးတိုင်းဒေသကြီး

အတည်ပြုရွေးချယ်ခြင်းခံရသည့် ဘက်စုံထူးချွန်ကျောင်းသား ကျောင်းသူများသည် နိုင်ငံကူးလက်မှတ်ပြုလုပ်ရေး၊ ဂျပန် ပြည်ဝင်ဗီဇာလျှောက်ထားရေးကိစ္စများအတွက် မြန်မာ-ဂျပန်အသင်း ရန်ကုန်မြို့သို့ အမြန်ဆုံးဆက်သွယ်ကြရန်နှင့် ဂျပန်နိုင်ငံလေ့လာရေးခရီးစဉ်အတွက် ကြိုတင်ပြင်ဆင်ဖွဲ့စည်း စခန်းသွင်းလေ့ကျင့်ရန် ရန်ကုန်မြို့ မရမ်းကုန်းမြို့နယ် ရွှေနှင်းဆီလမ်းရှိ ကမ္ဘောဇဘဏ်သင်တန်းကျောင်းသို့ ဩဂုတ် ၃၁ ရက် (တနင်္လာနေ့)မွန်းတည့် ၁၂ နာရီအရောက် မပျက်မကွက် သတင်းပို့ကြရန် မြန်မာ-ဂျပန်အသင်းမှ သတင်းထုတ်ပြန်ထားကြောင်း သိရသည်။ **(သတင်းစဉ်)**

# ရှေးဟောင်းဝတ္ထုပစ္စည်းများကာကွယ်ထိန်းသိမ်းရေးဥပဒေပြဋ္ဌာန်း

**ရှေးဟောင်းဝတ္ထုပစ္စည်းများကာကွယ်ထိန်းသိမ်းရေးဥပဒေ**
**(၂၀၁၅ ခုနှစ်၊ ပြည်ထောင်စုလွှတ်တော်ဥပဒေအမှတ် ၄၃။)**
**၁၃၇၇ ခုနှစ်၊ ဒုတိယဝါဆိုလဆန်း ၆ ရက်**
**( ၂၀၁၅ ခုနှစ်၊ ဇူလိုင်လ ၂၂ ရက် )**

ပြည်ထောင်စုလွှတ်တော်သည် ဤဥပဒေကို ပြဋ္ဌာန်းလိုက်သည်။

**အခန်း (၁)**
**အမည်နှင့် အဓိပ္ပာယ်ဖော်ပြချက်**

၁။ ဤဥပဒေကို ရှေးဟောင်းဝတ္ထုပစ္စည်းများ ကာကွယ်ထိန်းသိမ်းရေးဥပဒေဟု ခေါ်တွင်စေရမည်။

၂။ ဤဥပဒေတွင်ပါရှိသော အောက်ပါစကားရပ်များသည် ဖော်ပြပါအတိုင်း အဓိပ္ပာယ်သက်ရောက်စေရမည် -

(က) **ရှေးဟောင်းဝတ္ထုပစ္စည်း**ဆိုသည်မှာ မြေပေါ်တွင်ဖြစ်စေ၊ မြေအောက်တွင် ဖြစ်စေ၊ ရေပေါ်တွင် ဖြစ်စေ၊ ရေအောက်တွင်ဖြစ်စေ နှစ်ပေါင်း ၁၀၀နှင့်အထက် သက်တမ်းရှိသည့် ကျောက်ဖြစ်ရုပ်ကြွင်းများအပါအဝင် လူသားတို့ပြုလုပ်သုံးစွဲခဲ့သော အရာဝတ္ထုပစ္စည်းများကိုဆိုသည်။

(ခ) **မြန်မာ့မူရင်းမဟုတ်သောရှေးဟောင်းဝတ္ထုပစ္စည်း** ဆိုသည်မှာ ပြည်ပနိုင်ငံတစ်ခုခု၌ ပြုလုပ်ခဲ့ပြီး မြန်မာနိုင်ငံသို့ အကြောင်းတစ်ရပ်ရပ်ကြောင့် ရောက်ရှိနေသည့် ရှေးဟောင်းဝတ္ထုပစ္စည်းကို ဆိုသည်။

(ဂ) **ပြတိုက်** ဆိုသည်မှာ အများပြည်သူအကျိုးငှာ ပညာပေးနိုင်သော၊ ယဉ်ကျေးမှုအရ၊ သမိုင်းကြောင်းအရ၊ အနုပညာလက်ရာမြောက်မှုအရ တန်ဖိုးရှိသော ရုပ်ပိုင်းဆိုင်ရာ၊ စိတ်ပိုင်းဆိုင်ရာ အမွေအနှစ်များကို ထိန်းသိမ်းစောင့်ရှောက် လေ့လာသုတေသနပြု၍ အများပြည်သူအား စိတ်ချမ်းမြေ့စွာ လေ့လာသင်ယူနိုင်စေရန်နှင့် ပညာပေးရန်အတွက် ခင်းကျင်းပြသခြင်းလုပ်ငန်းများကို ဆောင်ရွက်ရန် ရည်ရွယ်၍ အစိုးရဌာနအဖွဲ့အစည်း တစ်ခုခုကဖြစ်စေ၊ ဒေသဆိုင်ရာ အုပ်ချုပ်ရေးအဖွဲ့တစ်ခုခုကဖြစ်စေ၊ ပုဂ္ဂလိက ကဖြစ်စေ ဖွင့်လှစ်ထားသော အဆောက်အအုံကို ဆိုသည်။

(ဃ) **ကာကွယ်ထိန်းသိမ်းခြင်း** ဆိုသည်မှာ အစွန့်ရှည်တည်တံ့စေရန် အလို့ငှာ ရှေးဟောင်းဝတ္ထုပစ္စည်းကို ဖုံးအုပ်ကာကွယ်ခြင်း၊ ရှေးမူမပျက် ပြန်လည်ပြုပြင်ခြင်းနှင့် အသစ်ပြန်လည် ပြုပြင်ခြင်း၊ ဆေးကြောသုတ်သင်မွမ်းမံခြင်းနှင့် ဓာတုဗေဒနည်းအပါအဝင် အခြားနည်းလမ်းများဖြင့် ထိန်းသိမ်းဆောင်ရွက်ခြင်းတို့ကို ဆိုသည်။

(င) **ဝန်ကြီးဌာန** ဆိုသည်မှာ ပြည်ထောင်စုအစိုးရ ယဉ်ကျေးမှုဝန်ကြီးဌာနကို ဆိုသည်။

(စ) **ဦးစီးဌာန** ဆိုသည်မှာ ရှေးဟောင်းသုတေသနနှင့် အမျိုးသားပြတိုက်ဦးစီးဌာနကိုဆိုသည်။

(ဆ) **ဦးစီးဌာနကလွှဲအပ်တာဝန်ပေးခြင်းခံရသည့်ဌာန**ဆိုသည်မှာ ပြည်နယ်နှင့် တိုင်းဒေသကြီးများတွင် ဖွင့်လှစ်ထားသော ရှေးဟောင်းသုတေသနနှင့် အမျိုးသားပြတိုက်ဦးစီးဌာန၊ ဌာနခွဲများကို ဆိုသည်။

**အခန်း(၂)**
**ရည်ရွယ်ချက်များ**

၃။ ဤဥပဒေ၏ ရည်ရွယ်ချက်များမှာ အောက်ပါအတိုင်းဖြစ်သည်-

(က) ရှေးဟောင်းဝတ္ထုပစ္စည်းများ အစွန့်ရှည်တည်တံ့စေရေးအတွက် ကာကွယ်ထိန်းသိမ်းခြင်းဆိုင်ရာမူဝါဒကို အကောင်အထည်ဖော်နိုင်ရန်၊

(ခ) သဘာဝဘေးအန္တရာယ်ကြောင့်ဖြစ်စေ၊ လူ့ပယောဂကြောင့်ဖြစ်စေ ရှေးဟောင်းဝတ္ထုပစ္စည်းများ ယိုယွင်းပျက်စီးပျောက်ဆုံးခြင်း မရှိစေရေးအတွက် ကာကွယ်ထိန်းသိမ်းနိုင်ရန်၊

(ဂ) ရှေးဟောင်းဝတ္ထုပစ္စည်းများကို ကာကွယ်ထိန်းသိမ်းခြင်းဖြင့် အမျိုးဂုဏ်၊ ဇာတိဂုဏ် မြင့်မားစေရန်နှင့် မျိုးချစ်စိတ်ဓာတ်ရှင်သန်ခိုင်မာစေရန်၊

(ဃ) အများပြည်သူတို့က ရှေးဟောင်းဝတ္ထုပစ္စည်းများ၏ တန်ဖိုးမြင့်မားမှုကို နားလည်ခံယူနိုင်ကြစေရန်၊

(င) ရှေးဟောင်းဝတ္ထုပစ္စည်းများကို ကာကွယ်ထိန်းသိမ်းခြင်းနှင့် စပ်လျဉ်း၍ နိုင်ငံတော်က သဘောတူလက်ခံထားသော အပြည်ပြည်ဆိုင်ရာ ကွန်ဗင်းရှင်း၊ ဒေသဆိုင်ရာသဘောတူညီချက်များနှင့်အညီ ဆောင်ရွက်ရန်။

**အခန်း(၃)**
**ရှေးဟောင်းဝတ္ထုပစ္စည်းအဖြစ်သတ်မှတ်ခြင်း**

၄။ ပုဒ်မ ၂၊ ပုဒ်မခွဲ(က) ပါအဓိပ္ပာယ်ဖွင့်ဆိုချက်နှင့် ကိုက်ညီသော အောက်ပါဝတ္ထုပစ္စည်းများကို ရှေးဟောင်းဝတ္ထုပစ္စည်းများဟု သတ်မှတ်သည်-

(က) လူနှင့်တိရစ္ဆာန်အမျိုးမျိုးတို့၏ ကျောက်ဖြစ်ရုပ်ကြွင်း၊ ရုပ်အလောင်းနှင့် အရိုးစုများအပါအဝင် သတ္တဗေဒနှင့် ရုက္ခဗေဒဆိုင်ရာ ရုပ်ကြွင်းများ၊

(ခ) ဘုရားဆင်းတု၊ အုတ်ခွက်ဘုရား၊ နံရံဆေးရေးပန်းချီ၊ အဝတ်ပန်းချီ၊ ရုပ်ပုံများ၊ ပြိုကျပျက်စီးသွားပြီးဖြစ်သည့် အပျက်အစီးများ၊ ယုံကြည်ကိုးကွယ်မှုဆိုင်ရာပစ္စည်းများ၊

(ဂ) အများပြည်သူယုံကြည်ကိုးကွယ်ရာ သာသနိက အဆောက်အအုံများ၌ ပုံဖော်မွမ်းမံထားသော အင်္ဂတေပန်းလက်ရာများ အပါအဝင်အနုပညာလက်ရာများ၊

(ဃ) ကျောက်၊ ကြေး၊ သံ သို့မဟုတ် သတ္တုတစ်မျိုးမျိုးဖြင့်သော်လည်းကောင်း၊ တိရစ္ဆာန်၏ အရိုး၊ အစွယ်၊ ဦးချိုဖြင့်သော်လည်းကောင်း၊ သစ်သား သို့မဟုတ် ဝါးဖြင့်သော်လည်းကောင်း ပြုလုပ်ထားသော လက်နက်ကိရိယာများ၊

(င) ရွှေ၊ ငွေ၊ ကြေး၊ သံ သို့မဟုတ် သတ္တုတစ်မျိုးမျိုးဖြင့် သွန်းထားသော ဒင်္ဂါး၊ မြေ သို့မဟုတ် ရွှံ့ဖြင့် ပြုလုပ်ထားသော ဒင်္ဂါးနှင့် ငွေကြေးအဖြစ် အသုံးပြုခဲ့သော ရွှေတိုရွှေစ၊ ငွေတိုငွေစ၊ ရွှေခွက်နှင့်ငွေခွက်များ အပါအဝင်ငွေကြေးအဖြစ် ထုထွင်းသွန်းလောင်းထားသော ဝတ္ထုပစ္စည်းများ၊

(စ) ရွှေ၊ ငွေ၊ ကျောက်၊ ကြေး၊ သံ သို့မဟုတ် သတ္တုတစ်မျိုးမျိုးဖြင့်သော်လည်းကောင်း၊ မြေ၊ ရွှံ့၊ အင်္ဂတေ၊ အုတ်၊ ကျောက်၊ သစ်သားဖြင့်သော်လည်းကောင်း၊ တိရစ္ဆာန်၏ အရိုး၊ အစွယ်၊ ဦးချိုဖြင့်သော်လည်းကောင်း ပြုလုပ်ထားသော ရုပ်တု၊ ဆင်းတုနှင့် ရုပ်လုံးရုပ်ကြွများ အပါအဝင် ထုဆစ်ထားသော ဝတ္ထုပစ္စည်းများ၊

(ဆ) မြန်မာ့မင်းခမ်းတော်ပစ္စည်းနှင့် နန်းတွင်းအသုံးအဆောင်ပစ္စည်းများ၊

(ဇ) ဝေါယာဉ်၊ ထမ်းစင်၊ ရထားနှင့် လှည်းများအပါအဝင် ခရီးသွားယာဉ်များ၊

(ဈ) ကျောက်စာ၊ အုတ်ခဲစာ၊ ခေါင်းလောင်းစာ၊ မင်စာ၊ ရွှေပြားစာ၊ ငွေပြားစာ၊ ကြေးပြားစာ၊ စဉ့်ကွင်းစာ၊ အုတ်ခွက်စာ၊ လက်ရေးစာ၊ သားရေပေါ်တွင်ရေးထားသောစာ၊ ပုံနှိပ်စာ၊ ပေ၊ ပုရပိုက်၊ အက္ခရာ၊ တံဆိပ်တုံးနှင့် တံဆိပ်များအပါအဝင် စာပေဆိုင်ရာ ပစ္စည်းများ၊

(ည) မြန်မာ့ရိုးရာပန်းဆယ်မျိုးတွင် အကျုံးဝင်သော လက်မှုအနုပညာပစ္စည်းများ၊

(ဋ) ဇရပ်အပါအဝင် လူနေအဆောက်အအုံရှိ အနုပညာလက်ရာအဖြစ် ပုံဖော်ထားသော ရုပ်လုံးရုပ်ကြွနှင့် အခြားသစ်ထွင်းလက်ရာများ၊ သတ္တုပုံဖော်လက်ရာပစ္စည်းများ၊ ကျောက်ထွင်း၊ ကျောက်ခြစ်နှင့် မြေထည်များအပါအဝင် အနုပညာလက်ရာပစ္စည်းများ၊

(ဌ) ခေါင်းပေါင်း၊ ဦးသျှောင်၊ ခေါင်းပတ်နှင့် အင်္ကျီအဝတ်အစားများ အပါအဝင် အဝတ်အထည်များ၊

(ဍ) အမျိုးသား၊ အမျိုးသမီး အဆင်တန်ဆာပစ္စည်းများ၊

(ဎ) အလေး၊ တင်းတောင်းနှင့် ချိန်ခွင်များ အပါအဝင် အချိန်အတွယ် အတိုင်းအတာအဖြစ် အသုံးပြုသော ကိရိယာများ၊

(ဏ) ထွန်၊ ထယ်၊ အိုးလက်ခတ်နှင့် ရက်ကန်းလုပ်ငန်းသုံးပစ္စည်းများ အပါအဝင် လူမှုအသုံးအဆောင်ပစ္စည်းများ၊

(တ) မြေအိုး၊ မြေခွက်၊ စဉ့်အိုး၊ စဉ့်ခွက်၊ ကျောက်အိုး၊ ကျောက်ခွက်၊ ကြွေအိုးနှင့်ကြွေခွက်များ၊ ရွှေ၊ ငွေ၊ ကြေး သို့မဟုတ် သတ္တုတစ်မျိုးမျိုးဖြင့် ပြုလုပ်ထားသော အိုး၊ ခွက်ယောက်၊ ပန်းကန်၊ ဇွန်းနှင့် ယွန်းထည်ပစ္စည်းများ အပါအဝင် လူမှုအသုံးအဆောင်ပစ္စည်းများ၊

(ထ) ဗုံ၊ မောင်း၊ ပလွေ၊ နှဲ၊ လင်းကွင်း၊ ကြေးနောင်နှင့် ဆိုင်းဝိုင်းများအပါအဝင် တူရိယာ ပစ္စည်းများ၊

(ဒ) ဆင်၊ မြင်း၊ ကျွဲနှင့် နွားများအပါအဝင် တိရစ္ဆာန်များတွင်ဆင်ယင်သော အဆင်တန်ဆာ ပစ္စည်းများ၊

(ဓ) မြေရုပ်ဒိုးနှင့် ကျောက်ဒိုးများ အပါအဝင် မြန်မာ့ရိုးရာကလေးကစားစရာပစ္စည်းများ၊

(န) ဝန်ကြီးဌာနက ကွင်းဆင်းစစ်ဆေးပြီး ရှေးဟောင်းဝတ္ထုပစ္စည်းအဖြစ် မှတ်တမ်းထားရှိသည့် အခြားအရာဝတ္ထုပစ္စည်းများ။

**အခန်း(၄)**
**ရှေးဟောင်းဝတ္ထုပစ္စည်းများ ကာကွယ်ထိန်းသိမ်းခြင်း၊ အပ်နှံခြင်းနှင့် လက်ခံခြင်း**

၅။ ဝန်ကြီးဌာနသည် အောက်ပါတို့ကို ဆောင်ရွက်ရမည်-

(က) ရှေးဟောင်းဝတ္ထုပစ္စည်းများကို ကာကွယ်ထိန်းသိမ်းခြင်း၊ တူးဖော်ခြင်း၊ ရှာဖွေစုဆောင်းခြင်းနှင့် သုတေသနပြုခြင်း၊

(ခ) ရှေးဟောင်းဝတ္ထုပစ္စည်းများ တရားမဝင်သောနည်းများဖြင့် ပြည်ပသို့ မရောက်ရှိစေရေးနှင့် ပြည်ပသို့တရားမဝင် ရောက်ရှိသွားသော ရှေးဟောင်းဝတ္ထုပစ္စည်းများ ပြန်လည်ရရှိရေးတို့ကို ဆောင်ရွက်ခြင်း၊

(ဂ) ရှေးဟောင်းဝတ္ထုပစ္စည်းများကို ပြည်သူလူထုက ဂုဏ်ယူမြတ်နိုး တန်ဖိုးထားလိုသော စိတ်ဓာတ်နှင့် ကာကွယ်ထိန်းသိမ်းလိုသော စိတ်ဓာတ်များဖြစ်ပေါ်ရန် ပညာပေးခြင်း။

၆။ ဝန်ကြီးဌာနသည် ရှေးဟောင်းဝတ္ထုပစ္စည်းတစ်ခုခုနှင့်စပ်လျဉ်း၍ အစွန့်ရှည်တည်တံ့စေရေးအတွက် အောက်ပါအတိုင်း ဆောင်ရွက်နိုင်သည်-

(က) သက်ဆိုင်ရာဝန်ကြီးဌာနများနှင့် ညှိနှိုင်း၍ ရှေးဟောင်းဝတ္ထုပစ္စည်းများကို ကာကွယ်ထိန်းသိမ်းခြင်း၊

(ခ) ရှေးဟောင်းဝတ္ထုပစ္စည်းတစ်ခုခုကို ပြုပြင်မွမ်းမံရန်နှင့် လုံခြုံစွာထိန်းသိမ်းထားရန် အလို့ငှာ ပိုင်ရှင်၏သဘောတူညီချက်ဖြင့် ရွှေ့ပြောင်းထားရှိခြင်း၊

(ဂ) ပိုင်ရှင် သို့မဟုတ် ထိန်းသိမ်းစောင့်ရှောက်သူမရှိသော ရှေးဟောင်းဝတ္ထုပစ္စည်းတစ်ခုခုကို နိုင်ငံတော်ပိုင်အဖြစ်သတ်မှတ်၍ ကာကွယ်ထိန်းသိမ်းခြင်း၊

(ဃ) ရှေးဟောင်းအမွေအနှစ်ဆိုင်ရာ တန်ဖိုးမြင့်မားသည်ဟု နည်းဥပဒေအရ သတ်မှတ်ထားသော ရှေးဟောင်းဝတ္ထုပစ္စည်းများကို အမျိုးသားပြတိုက်နှင့် ယဉ်ကျေးမှုဝန်ကြီးဌာန ပြတိုက်များတွင် ထိန်းသိမ်းထားရှိခြင်းနှင့် ခင်းကျင်းပြသခြင်း၊

(င) ဒေသဆိုင်ရာ ပြတိုက်များတွင် မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်စေသည့် ရှေးဟောင်းဝတ္ထုပစ္စည်းများကို ပြသနိုင်ရန်ညွှန်ကြားခြင်း၊

(စ) နိုင်ငံတော်အတွင်း ဒေသအသီးသီးမှ တွေ့ရှိရသော ရှေးဟောင်းဝတ္ထုပစ္စည်းများကို ထိန်းသိမ်းထားရှိရန်နှင့် ခင်းကျင်းပြသရန် ဝတ္ထုပစ္စည်းနှင့် နေရာရွေးချယ်မှုကို သက်ဆိုင်ရာ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အစိုးရအဖွဲ့တို့နှင့်ညှိနှိုင်း၍ အတည်ပြုဆုံးဖြတ်ခြင်း။

၇။ ဝန်ကြီးဌာနသည်-

(က) တစ်ဦးဦးက တစ်နည်းနည်းဖြင့် လက်ဝယ်ရရှိသည့် သို့မဟုတ် အမွေဆက်ခံရရှိသည့် ရှေးဟောင်းဝတ္ထုပစ္စည်းကို လာရောက်အပ်နှံပါက နိုင်ငံတော်ပိုင်ပစ္စည်းအဖြစ် သတ်မှတ်လက်ခံ၍ ကာကွယ်ထိန်းသိမ်းထားရှိနိုင်သည်။

(ခ) ပုဒ်မခွဲ (က) အရ အပ်နှံသူအား အကျိုးခံစားခွင့်ရှိသူအဖြစ် သတ်မှတ်၍ ယင်းပစ္စည်းအတွက် ထိုက်တန်သော ကာလတန်ဖိုးအပြင် သမိုင်းယဉ်ကျေးမှုဆိုင်ရာ ထပ်ဆောင်း တန်ဖိုးချီးမြှင့်ငွေကို ပေးအပ်ရမည်။

၈။ (က) ဝန်ကြီးဌာနသည် ရှေးဟောင်းဝတ္ထုပစ္စည်းများကို ထိခိုက်ခြင်း၊ ဆွေးမြေ့ခြင်း၊ ပျက်စီးခြင်း သို့မဟုတ် ရွှေ့ပြောင်းလျှင် ပျက်စီးနိုင်မည့် အန္တရာယ်ရှိသည်ဟု ထင်မြင်ယူဆပါက သက်ဆိုင်ရာ ပိုင်ရှင် သို့မဟုတ် ပိုင်ဆိုင်ခွင့်ရှိသူထံမှ ထိုက်တန်သော ကာလတန်ဖိုးအပြင် သမိုင်းယဉ်ကျေးမှုဆိုင်ရာ ထပ်ဆောင်းတန်ဖိုးချီးမြှင့်၍ လွှဲပြောင်းရယူပြီး ယဉ်ကျေးမှုအမွေအနှစ်အဖြစ် ကာကွယ်ထိန်းသိမ်းခွင့်ရှိသည်။

(ခ) ပုဒ်မခွဲ (က) အရ ဝန်ကြီးဌာန၏ ဆောင်ရွက်နိုင်ခွင့်သည် အောက်ပါ ရှေးဟောင်းဝတ္ထုပစ္စည်းများနှင့် သက်ဆိုင်ခြင်းမရှိစေရ -

(၁) ဘာသာရေးအရ ဝတ်ပြုကိုးကွယ်ရာတွင် လက်ရှိအသုံးပြုနေသော ရှေးဟောင်းဝတ္ထုပစ္စည်း၊

(၂) ပိုင်ရှင်က မိမိ သို့မဟုတ် မိမိ၏ဘိုးဘွားစဉ်ဆက် သို့မဟုတ် မိမိ၏မိသားစုတွင် ပါဝင်သူတစ်ဦးဦးနှင့်ပတ်သက်၍ သင့်လျော်သော အကြောင်းပြချက်ဖြင့် ကိုယ်ပိုင်ထိန်းသိမ်းထားရှိလိုသည့် ရှေးဟောင်းဝတ္ထုပစ္စည်း။

၉။ ဝန်ကြီးဌာနသည် ရှေးဟောင်းဝတ္ထုပစ္စည်းများ ကာကွယ်ထိန်းသိမ်းခြင်း၊ အပ်နှံခြင်း၊ လက်ခံခြင်းများနှင့် စပ်လျဉ်းသည့် လုပ်ငန်းတာဝန်များကို ဦးစီးဌာနသို့ လွှဲအပ်ဆောင်ရွက်စေနိုင်သည်။

**အခန်း(၅)**
**ရှေးဟောင်းဝတ္ထုပစ္စည်းကို စစ်ဆေးခြင်း**

၁၀။ ဦးစီးဌာနသည် -

(က) ဝတ္ထုပစ္စည်းတစ်ခုခုနှင့် စပ်လျဉ်း၍ ရှေးဟောင်းဝတ္ထုပစ္စည်းစစ်မှန်ခြင်း ရှိ မရှိ စိစစ်ရန် လိုအပ်ပါက နည်းဥပဒေအရ ဖွဲ့စည်းသော ရှေးဟောင်းဝတ္ထုပစ္စည်း စစ်ဆေးရေးအဖွဲ့ကို စစ်ဆေးစေပြီး အဆုံးအဖြတ်ပေးရမည်။

(ခ) ပုဒ်မခွဲ (က) အရ ဆောင်ရွက်ရာတွင် အငြင်းပွားမှုထပ်မံပေါ်ပေါက်လျှင် ဝန်ကြီးဌာနက ဖွဲ့စည်းထားသော ပညာရှင်အဖွဲ့သို့ တင်ပြ၍ အဆုံးအဖြတ်ခံယူရမည်။

၁၁။ ရှေးဟောင်းဝတ္ထုပစ္စည်း စစ်မှန်ခြင်း ရှိ မရှိနှင့် စပ်လျဉ်း၍ ပုဒ်မ ၁၀၊ ပုဒ်မ ခွဲ (ခ) အရ ဦးစီးဌာန၏ တင်ပြချက်အပေါ် ဝန်ကြီးဌာန၏ ဆုံးဖြတ်ချက်သည် အပြီးအပြတ်ဖြစ်စေရမည်။

**အခန်း(၆)**
**ရှေးဟောင်းဝတ္ထုပစ္စည်းတွေ့ရှိကြောင်း သတင်းပို့ခြင်း**

၁၂။ ပိုင်ရှင် သို့မဟုတ် ထိန်းသိမ်းစောင့်ရှောက်သူမရှိသော ဝတ္ထုပစ္စည်းတစ်ခုခုကို တွေ့ရှိသူသည် အဆိုပါဝတ္ထုပစ္စည်းများမှာ ရှေးဟောင်းဝတ္ထုပစ္စည်းဖြစ်ကြောင်းသိရှိလျှင် သို့မဟုတ် ယူဆရန် အကြောင်းရှိလျှင် သက်ဆိုင်ရာ ရပ်ကွက်နှင့် ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးရုံးသို့ ဆောလျင်စွာ သတင်းပို့ရမည်။

၁၃။ (က) ပုဒ်မ ၁၂ အရ သတင်းပေးပို့ချက်ကို လက်ခံရရှိလျှင် ရပ်ကွက် သို့မဟုတ် ကျေးရွာ အုပ်စုအုပ်ချုပ်ရေးမှူးသည် အဆိုပါဝတ္ထုပစ္စည်းကို လိုအပ်သလို ထိန်းသိမ်းစောင့်ရှောက်၍ ၁၄ ရက်အတွင်း သက်ဆိုင်ရာ မြို့နယ်အုပ်ချုပ်ရေးရုံးသို့ ဆက်လက်သတင်းပို့ရမည်။ မြို့နယ်အုပ်ချုပ်ရေးမှူးသည် လိုအပ်သည်များကို ချက်ချင်းဆောင်ရွက်၍ သတင်းလက်ခံရရှိသည့် နေ့ရက်မှ ၇ ရက် အတွင်း ဦးစီးဌာနသို့ အကြောင်းကြားရမည်။

(ခ) ဦးစီးဌာနသည် ပုဒ်မခွဲ (က) အရ အကြောင်းကြားချက်ကို ရရှိသည့်အခါ ရှေးဟောင်းဝတ္ထုပစ္စည်း စစ်မှန်ခြင်းရှိ မရှိ စစ်ဆေးခြင်းနှင့် လိုအပ်သလို ထိန်းသိမ်းစောင့်ရှောက်ခြင်း သို့မဟုတ် ထိန်းသိမ်းစောင့်ရှောက်စေခြင်းတို့ကို သတ်မှတ်ချက်များနှင့်အညီ ဆောင်ရွက်ရမည်။

**အခန်း(၇)**
**ရှေးဟောင်းဝတ္ထုပစ္စည်းနှင့်စပ်လျဉ်း၍ ခွင့်ပြုချက် လျှောက်ထားခြင်း**

၁၄။ (က) အောက်ပါတစ်ခုခုကို ဆောင်ရွက်လိုသောဌာန၊ အဖွဲ့အစည်းတစ်ခုခု သို့မဟုတ် ပုဂ္ဂိုလ် တစ်ဦးဦးသည် ခွင့်ပြုချက်ရရှိရန် ဦးစီးဌာန သို့မဟုတ် ဦးစီးဌာနက လွှဲအပ်တာဝန်ပေးခြင်းခံရသည့်ဌာနသို့ သတ်မှတ်ချက်များနှင့်အညီ လျှောက်ထားရမည်-

(၁) ရှေးဟောင်းဝတ္ထုပစ္စည်းကို မြေပေါ်မြေအောက်၊ ရေပေါ်ရေအောက်မှ တူးဖော်ခြင်း သို့မဟုတ် ရှာဖွေခြင်း၊

(၂) နိုင်ငံအချင်းချင်းယဉ်ကျေးမှုဖလှယ်ရေးအစီအစဉ်အရ ပြပွဲတွင် ခင်းကျင်းပြသရန်၊ သုတေသနပြုရန် သို့မဟုတ် ကာကွယ်ထိန်းသိမ်းခြင်းပြုရန် အလို့ငှာ ရှေးဟောင်းဝတ္ထုပစ္စည်းကို ပြည်ပသို့ သယ်ယူခြင်း သို့မဟုတ် ပို့ဆောင်ခြင်း၊

(၃) ရှေးဟောင်းဝတ္ထုပစ္စည်းကို ပြည်တွင်းတွင် တစ်နေရာမှ တစ်နေရာသို့ သယ်ယူခြင်း သို့မဟုတ် ပို့ဆောင်ခြင်း၊

(၄) ဦးစီးဌာန၏ လက်ဝယ်တွင် ထိန်းသိမ်းထားသော ရှေးဟောင်းဝတ္ထုပစ္စည်းများကို

**စာမျက်နှာ ၁၃ သို့**

ဥပဒေ

စာမျက်နှာ ၁၂ မှ

စီးပွားရေးအလို့ငှာ ရှေးဟောင်းဝတ္ထုပစ္စည်း၏ပုံကို ဓာတ်ပုံ၊ ဗီဒီယို သို့မဟုတ် ရုပ်ရှင်ရိုက်ကူးခြင်း၊ မိတ္တူပွားယူခြင်း သို့မဟုတ် ပုံတူပွားခြင်း၊ ပုံတူကူးယူခြင်း။

(ခ) ဦးစီးဌာန သို့မဟုတ် ဦးစီးဌာနက လွှဲအပ်တာဝန်ပေးခြင်းခံရသည့် ဌာနသည် ပုဒ်မခွဲ (က) အရ လျှောက်ထားချက်ကို သတ်မှတ်ချက်များနှင့်အညီစိစစ်ပြီး ခွင့်ပြုချက်ထုတ်ပေးခြင်း သို့မဟုတ် ခွင့်ပြုချက်ထုတ်ပေးရန် ငြင်းပယ်ခြင်း ပြုနိုင်သည်။

**အခန်း (၈)**

**ပြစ်မှုနှင့် ပြစ်ဒဏ်များ**

၁၅။ မည်သူမဆို ရှေးဟောင်းဝတ္ထုပစ္စည်းကို ခွင့်ပြုချက်မရှိဘဲ ပြည်ပသို့ သယ်ယူခြင်း သို့မဟုတ် ပို့ဆောင်ခြင်းပြုကြောင်း ပြစ်မှုထင်ရှားစီရင်ခြင်းခံရလျှင် ထိုသူကို အနည်းဆုံး ငါးနှစ်မှ အများဆုံး တစ်ဆယ်နှစ်အထိ ထောင်ဒဏ်ဖြစ်စေ၊ အနည်းဆုံးကျပ်သိန်းငါးဆယ်မှ အများဆုံးကျပ်သိန်းတစ်ရာ အထိ ငွေဒဏ်ဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံးဖြစ်စေ ချမှတ်ရမည်။ ထို့ပြင် ပြစ်မှုနှင့်အကျုံးဝင်သည့် သက်သေခံ ရှေးဟောင်းဝတ္ထုပစ္စည်းကို နိုင်ငံ့ဘဏ္ဍာအဖြစ် သိမ်းဆည်းရမည်။

၁၆။ မည်သူမဆို ရှေးဟောင်းဝတ္ထုပစ္စည်းကို မူလပုံစံပျက်ယွင်းစေခြင်း၊ ဖျက်ဆီးခြင်း၊ ခွင့်ပြုချက် မရှိဘဲ မြေပေါ်မြေအောက်၊ ရေပေါ်ရေအောက်မှ တူးဖော်ခြင်း သို့မဟုတ် ရှာဖွေခြင်းပြုကြောင်း ပြစ်မှုထင်ရှားစီရင်ခြင်းခံရလျှင် ထိုသူကို အနည်းဆုံး သုံးနှစ်မှ အများဆုံး ခုနစ်နှစ်အထိ ထောင်ဒဏ် ဖြစ်စေ၊ အနည်းဆုံး ကျပ်သိန်းသုံးဆယ်မှ အများဆုံးကျပ်သိန်းငါးဆယ်အထိ ငွေဒဏ်ဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံးဖြစ်စေ ချမှတ်ရမည်။ ထို့ပြင် ပြစ်မှုနှင့်အကျုံးဝင်သည့် သက်သေခံရှေးဟောင်းဝတ္ထုပစ္စည်းကို နိုင်ငံ့ဘဏ္ဍာအဖြစ် သိမ်းဆည်းရမည်။

၁၇။ မည်သူမဆို ရှေးဟောင်းဝတ္ထုပစ္စည်းကို စီးပွားရေးအလို့ငှာ ရောင်းချရန် ရည်ရွယ်ချက်ဖြင့် စုဆောင်းထားရှိခြင်း၊ လက်ဝယ်ထားရှိခြင်း၊ ရောင်းချခြင်း သို့မဟုတ် ဝယ်ယူခြင်းပြုကြောင်း ပြစ်မှုထင်ရှားစီရင်ခြင်းခံရလျှင် ထိုသူကို အနည်းဆုံးနှစ်နှစ်မှ အများဆုံး ငါးနှစ်အထိ ထောင်ဒဏ်ဖြစ်စေ၊ အနည်းဆုံး ကျပ်တစ်ဆယ့်ငါးသိန်းမှ အများဆုံးကျပ်သိန်းသုံးဆယ်အထိ ငွေဒဏ်ဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံးဖြစ်စေချမှတ်ရမည်။ ထို့ပြင် ပြစ်မှုနှင့်အကျုံးဝင်သည့် သက်သေခံ ရှေးဟောင်းဝတ္ထုပစ္စည်းကို နိုင်ငံ့ဘဏ္ဍာအဖြစ် သိမ်းဆည်းရမည်။

၁၈။ မည်သူမဆို ပုဒ်မ ၁၄၊ ပုဒ်မခွဲ (ခ) အရ ခွင့်ပြုချက်မရှိဘဲ အောက်ပါပြုလုပ်မှုတစ်ခုခုကို ကျူးလွန်ကြောင်းပြစ်မှုထင်ရှားစီရင်ခြင်းခံရလျှင် ထိုသူကို အနည်းဆုံးတစ်နှစ်မှ အများဆုံးသုံးနှစ်အထိ ထောင်ဒဏ်ဖြစ်စေ၊ အနည်းဆုံး ကျပ်သုံးသိန်းမှ အများဆုံးကျပ်ငါးသိန်းအထိ ငွေဒဏ်ဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံး ဖြစ်စေချမှတ်ရမည်။ ထို့ပြင် ပြစ်မှုနှင့်အကျုံးဝင်သည့် သက်သေခံရှေးဟောင်း ဝတ္ထုပစ္စည်းကို နိုင်ငံ့ဘဏ္ဍာအဖြစ် သိမ်းဆည်းရမည်-

(က) ရှေးဟောင်းဝတ္ထုပစ္စည်းကို ပြည်တွင်းတစ်နေရာမှ တစ်နေရာသို့ သယ်ယူခြင်း သို့မဟုတ် ပို့ဆောင်ခြင်း၊

(ခ) ဦးစီးဌာန၏လက်ဝယ်တွင် ထိန်းသိမ်းထားရှိသော ရှေးဟောင်းဝတ္ထုပစ္စည်းများကို စီးပွားရေးအလို့ငှာ ရှေးဟောင်းဝတ္ထုပစ္စည်း၏ပုံကို ဓာတ်ပုံ၊ ဗီဒီယို သို့မဟုတ် ရုပ်ရှင် ရိုက်ကူးခြင်း၊ မိတ္တူပွားယူခြင်း သို့မဟုတ် ပုံတူပွားခြင်း၊ ပုံတူကူးယူခြင်း။

၁၉။ မည်သူမဆို ရှေးဟောင်းဝတ္ထုပစ္စည်းနှင့် စပ်လျဉ်း၍ ပုဒ်မ ၁၂ ပါ ပြဋ္ဌာန်းချက်ကို ဖောက်ဖျက်၍ သတင်းပေးပို့ရန် ပျက်ကွက်ကြောင်း ပြစ်မှုထင်ရှားစီရင်ခြင်းခံရလျှင် ထိုသူကို အနည်းဆုံး ခြောက်လမှ အများဆုံး တစ်နှစ်အထိ ထောင်ဒဏ်ဖြစ်စေ၊ အနည်းဆုံး ကျပ်တစ်သိန်းမှ အများဆုံးကျပ်သုံးသိန်းအထိ ငွေဒဏ်ဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံးဖြစ်စေ ချမှတ်ရမည်။

၂၀။ မည်သူမဆို ဤဥပဒေပါ ပြစ်မှုတစ်ခုခုကို ကျူးလွန်ရန်အားထုတ်ခြင်း၊ ပူးပေါင်းကြံစည်ခြင်း သို့မဟုတ် ပြစ်မှုကျူးလွန်ရာတွင် အားပေးကူညီခြင်းပြုကြောင်း ပြစ်မှုထင်ရှားစီရင်ခြင်းခံရလျှင် ထိုသူကို သက်ဆိုင်ရာကျူးလွန်သည့် ပြစ်မှုအတွက် ဤဥပဒေတွင် ပြဋ္ဌာန်းထားသော ပြစ်ဒဏ်ကို ချမှတ်ရမည်။

**အခန်း (၉)**

**အထွေထွေ**

၂၁။ ဝန်ကြီးဌာနသည် ရှေးဟောင်းဝတ္ထုပစ္စည်းနှင့်စပ်လျဉ်း၍ မူလပိုင်ရှင်ရှိသော ယဉ်ကျေးမှု အမွေအနှစ်ပစ္စည်းများကို တရားမဝင်တင်သွင်းမှု၊ တင်ပို့မှုနှင့် လွှဲပြောင်းမှုတားဆီးကာကွယ်ရေး ကွန်ဗင်းရှင်းနှင့်အညီ -

(က) မူလပိုင်ဆိုင်သူဖြစ်ကြောင်း အထောက်အထားခိုင်လုံစွာ တင်ပြတောင်းခံလာသော နိုင်ငံ တစ်ခုခု၊ ဌာန၊ အဖွဲ့အစည်းတစ်ခုခု သို့မဟုတ် ပုဂ္ဂိုလ်တစ်ဦးဦးအား အဆိုပါပစ္စည်းကို ဥပဒေနှင့်အညီ ပြန်လည်လွှဲပြောင်းပေးအပ်နိုင်သည်။

(ခ) မည်သည့်နိုင်ငံ၊ ဌာန၊ အဖွဲ့အစည်း သို့မဟုတ် ပုဂ္ဂိုလ်ကမျှ တင်ပြတောင်းခံခြင်းမရှိလျှင် ယင်းပစ္စည်းကို နိုင်ငံတော်ပိုင်အဖြစ်သိမ်းယူပြီး သင့်လျော်သလို စီမံခန့်ခွဲဆောင်ရွက်နိုင်သည်။

(ဂ) ပြည်ပနိုင်ငံများသို့ ရောက်ရှိနေသည့် မြန်မာ့မူရင်းဖြစ်သော ရှေးဟောင်းဝတ္ထုပစ္စည်းများအား ပြန်လည်တောင်းခံနိုင်သည်။

၂၂။ ဝန်ကြီးဌာနသည် ရှေးဟောင်းဝတ္ထုပစ္စည်းတည်ရှိသည်ဟု ပေါ်ပေါက်သောမြေကို သို့မဟုတ် ထိုမြေ၏ တစ်စိတ်တစ်ဒေသကို တည်ဆဲဥပဒေနှင့်အညီ နိုင်ငံတော်အကျိုးငှာ ထိန်းသိမ်းစောင့်ရှောက်နိုင်ရေးအတွက် သက်ဆိုင်ရာ ဝန်ကြီးဌာန၊ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အစိုးရအဖွဲ့တို့နှင့် ညှိနှိုင်းဆောင်ရွက်ရမည်။

၂၃။ ရှေးဟောင်းဝတ္ထုပစ္စည်းတစ်ခုခု တွေ့ရှိပြီး သတင်းပို့သူ သို့မဟုတ် အပ်နှံသူအား ယင်းပစ္စည်း နှင့်စပ်လျဉ်း၍ ပိုင်ရှင်ဟု မှတ်ယူခြင်းမပြုဘဲ အကျိုးခံစားခွင့်ရှိသူဟုသာ မှတ်ယူရမည်။

၂၄။ ဝန်ကြီးဌာနသည် ရှေးဟောင်းဝတ္ထုပစ္စည်းကို ကာကွယ်ထိန်းသိမ်းခြင်း ပြုနိုင်ရန်ဖြစ်စေ၊ ရှေးဟောင်းဝတ္ထုပစ္စည်းကို ဝယ်ယူရန်ဖြစ်စေ စေတနာအလျောက် လှူဒါန်းသောငွေကို လက်ခံထိန်းသိမ်းပြီး ဘဏ္ဍာရေးစည်းမျဉ်းစည်းကမ်းနှင့်အညီ စီမံခန့်ခွဲနိုင်သည်။

၂၅။ ပုဒ်မ ၁၉ ပါ ပြစ်မှုကို ရဲအရေးယူပိုင်ခွင့်ရှိသော ပြစ်မှုအဖြစ် သတ်မှတ်သည်။

၂၆။ ဤဥပဒေအရ တရားစွဲဆိုတင်ပို့သော ပြစ်မှုတစ်ရပ်ရပ်နှင့် သက်ဆိုင်သည့် သက်သေခံပစ္စည်းသည် တရားရုံးရှေ့သို့တင်ပို့ရန် မလွယ်ကူသော ပစ္စည်းဖြစ်ပါက ယင်းသက်သေခံပစ္စည်းကို တရားရုံးရှေ့သို့ တင်ပို့ရန်မလိုဘဲ မည်ကဲ့သို့ ထိန်းသိမ်းထားကြောင်း အစီရင်ခံစာ သို့မဟုတ် သက်ဆိုင်ရာ အခြားစာရွက်စာတမ်းအထောက်အထားများဖြင့် တင်ပြနိုင်သည်။ ယင်းသို့တင်ပြခြင်းကို တရားရုံးရှေ့သို့ သက်သေခံပစ္စည်းတင်ပြဘိသကဲ့သို့ မှတ်ယူကာ သက်ဆိုင်ရာ တရားရုံးက ဥပဒေနှင့်အညီ စီမံခန့်ခွဲသည့် အမိန့်ချမှတ်ရမည်။

၂၇။ ဤဥပဒေဖြင့် ရုပ်သိမ်းသည့် ၁၉၅၇ ခုနှစ်၊ ရှေးဟောင်းဝတ္ထုပစ္စည်းများအက်ဥပဒေအရ ထုတ်ပြန်ခဲ့သော နည်းဥပဒေများ၊ အမိန့်များနှင့် ညွှန်ကြားချက်များကို ဤဥပဒေနှင့် မဆန့်ကျင်သရွေ့ ဆက်လက်ကျင့်သုံးနိုင်သည်။

၂၈။ ဤဥပဒေပါ ပြဋ္ဌာန်းချက်များကို အကောင်အထည်ဖော်ဆောင်ရွက်ရာတွင်-

(က) ဝန်ကြီးဌာနသည် နည်းဥပဒေ၊ စည်းမျဉ်းနှင့် စည်းကမ်းများကို ပြည်ထောင်စုအစိုးရအဖွဲ့၏ သဘောတူညီချက်ဖြင့် ထုတ်ပြန်နိုင်သည်။

(ခ) ဝန်ကြီးဌာနသည် အမိန့်ကြော်ငြာစာ၊ အမိန့်၊ ညွှန်ကြားချက်နှင့် လုပ်ထုံးလုပ်နည်းများကို လည်းကောင်း၊ ဦးစီးဌာနသည် အမိန့်နှင့် ညွှန်ကြားချက်ကို လည်းကောင်း ထုတ်ပြန်နိုင်သည်။

၂၉။ ၁၉၅၇ ခုနှစ်၊ ရှေးဟောင်းဝတ္ထုပစ္စည်းများအက်ဥပဒေကို ဤဥပဒေဖြင့် ရုပ်သိမ်းလိုက်သည်။

---

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေအရ ကျွန်ုပ်လက်မှတ်ရေးထိုးသည်။

**(ပုံ) သိန်းစိန်**
**နိုင်ငံတော်သမ္မတ**
**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်**

# e,pya'oEiwi;&i;om;vrsK;rsm; zUNzK;w;wua&;Oya'u 'w,tBurjyiqionOya'jy|me;

**နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးဥပဒေကို ဒုတိယအကြိမ်ပြင်ဆင်သည့် ဥပဒေ**
**(၂၀၁၅ ခုနှစ်၊ ပြည်ထောင်စုလွှတ်တော်ဥပဒေအမှတ် ၄၄ ။)**
**၁၃၇၇ ခုနှစ်၊ ဒုတိယဝါဆိုလဆန်း ၆ ရက်**
**(၂၀၁၅ ခုနှစ်၊ ဇူလိုင်လ ၂၂ ရက်)**

**ပြည်ထောင်စုလွှတ်တော်သည် ဤဥပဒေကို ပြဋ္ဌာန်းလိုက်သည်။**

၁။ ဤဥပဒေကို နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးဥပဒေကို ဒုတိယအကြိမ်ပြင်ဆင်သည့် ဥပဒေဟု ခေါ်တွင်စေရမည်။

၂။ နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေး ဥပဒေပုဒ်မ ၂ တွင် ပုဒ်မခွဲ (စ)ကို အောက်ပါအတိုင်းအစားထိုးရမည်-

"(စ) **ဝန်ကြီးဌာန** ဆိုသည်မှာ ပြည်ထောင်စုအစိုးရနယ်စပ်ရေးရာဝန်ကြီးဌာနကို ဆိုသည်။"

၃။ နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးဥပဒေပုဒ်မ ၇ ၏နောက်တွင် ပုဒ်မ ၇-က အဖြစ် အောက်ပါအတိုင်း ဖြည့်စွက်ရမည်-

"၇-က။ လုပ်ငန်းကော်မတီက ဆုံးဖြတ်ခြင်းမပြုနိုင်သော ကိစ္စများပေါ်ပေါက်ပါက ဗဟိုကော်မတီသို့ တင်ပြဆောင်ရွက်ရမည်။"

၄။ နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးဥပဒေပုဒ်မ ၈၊ ပုဒ်မခွဲ (ဆ)၏နောက်တွင် ပုဒ်မခွဲ (ဆ-၁)နှင့် ပုဒ်မခွဲ (ဆ-၂) တို့အဖြစ် အောက်ပါအတိုင်း ဖြည့်စွက်ရမည် -

"(ဆ-၁) တိုင်းရင်းသားလူမျိုးများ၏ သဘောဆန္ဒနှင့်အညီ တိုင်းရင်းသား လူမျိုးရေးရာ ကိစ္စရပ်များကို အလေးထားဆောင်ရွက်ပေးခြင်း၊

(ဆ-၂) ဒေသဖွံ့ဖြိုးရေးကို ပြန်လည်တာဝန်ထမ်းဆောင်နိုင်သည့် လူ့စွမ်းအားအရင်းအမြစ်ကောင်းများ မွေးထုတ်ပေးရန်အတွက် နယ်စပ်ဒေသ တိုင်းရင်းသားလူငယ်များအား အခြေခံနှင့် အဆင့်မြင့်ပညာရပ်များ သင်ကြားပေးရန်စီမံဆောင်ရွက်ခြင်း။"

---

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေအရ ကျွန်ုပ်လက်မှတ်ရေးထိုးသည်။

**(ပုံ) သိန်းစိန်**
**နိုင်ငံတော်သမ္မတ**
**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်**

## MNL trway;NyKiy quvu,ONyKiupm;rn

၂၀၁၅ ရာသီ MNL အမှတ်ပေးပြိုင်ပွဲ ပွဲစဉ် (၁၃)ကို ယခုတစ်ပတ်တွင် ဆက်လက်ကျင်းပမည်ဖြစ်ပြီး အသင်းကြီးများဖြစ်သည့် ရောဝတီနှင့် ရန်ကုန်၊ ရတနာပုံနှင့် ကမ္ဘောဇ၊ တန်းဆင်းအန္တရာယ်ရှိနေသည့် ဇွဲကပင်နှင့် ဟံသာဝတီ၊ နေပြည်တော်နှင့် မနောမြေအသင်းတို့ တွေ့ဆုံလျက်ရှိသည်။

ပွဲစဉ် (၁၃)အဖြစ် ဇူလိုင် ၂၅ ရက်တွင် ကျောက်တိုင်ကွင်း၌ ရောဝတီအသင်းနှင့် ရန်ကုန်အသင်း၊ မုံရွာကွင်းတွင် ဇေယျာရွှေမြေအသင်းနှင့် ရခိုင်အသင်း၊ ပေါင်းလောင်းကွင်းတွင် နေပြည်တော်အသင်းနှင့် မနောမြေအသင်း၊ ဇူလိုင် ၂၆ ရက်တွင် ဗထူးကွင်း၌ ရတနာပုံအသင်းနှင့် ကမ္ဘောဇအသင်း၊ အောင်ဆန်းကွင်း၌ ဇွဲကပင်အသင်းနှင့် ဟံသာဝတီအသင်း၊ သုဝဏ္ဏကွင်း၌ ချင်းယူနိုက်တက်အသင်းနှင့် မကွေးအသင်းတို့ ယှဉ်ပြိုင်ကစားမည်ဖြစ်သည်။ ပွဲစဉ် (၁၂)အပြီးတွင် ရန်ကုန်အသင်းက ၃၆ မှတ်ဖြင့် ပထမ၊ ရောဝတီအသင်းနှင့် မကွေးအသင်းတို့က ၂၅ မှတ်စီ၊ လက်ရှိ ချန်ပီယံရတနာပုံအသင်းက ၂၃ မှတ်၊ ကမ္ဘောဇအသင်းက ၁၉ မှတ်၊ ချင်းယူနိုက်တက်အသင်းက ၁၅ မှတ်၊ နေပြည်တော်အသင်းက ၁၂ မှတ်၊ ဇွဲကပင်အသင်းနှင့် ဇေယျာရွှေမြေအသင်းတို့က ၁၁ မှတ်စီ၊ မနောမြေအသင်းနှင့် ရခိုင်အသင်းတို့က ရှစ်မှတ်စီ၊ ဟံသာဝတီအသင်းက ခုနစ်မှတ်တို့ ရရှိထားသည်။ ပွဲစဉ်(၁၂)အပြီးတွင် ရန်ကုန်အသင်းက စံချိန်သစ်အဖြစ် ၁၂ ပွဲဆက်အနိုင်ရရှိထားပြီး ပွဲစဉ် ၁၂ တွင် နိုင်ပွဲပျောက်ဆုံးခဲ့သည့် ရခိုင်အသင်းနှင့် ဟံသာဝတီအသင်းတို့မှာလည်း တန်းဆင်းဇုန်ထဲသို့ ကျရောက်သွားခဲ့သည်။ ပြိုင်ပွဲဝင် ၁၂ သင်းအနက် ဟံသာဝတီတစ်သင်းသာ နိုင်ပွဲမရရှိသေးခြင်း ဖြစ်သည်။

ရန်ကုန်အသင်းသည် ရတနာပုံ၊ ကမ္ဘောဇ၊ နေပြည်တော်စသည့် အသင်းများကို အဝေးကွင်း၌ အနိုင်ကစားထားပြီး ယခုပွဲတွင်လည်း ရောဝတီအသင်းကို ကျော်ဖြတ်နိုင်ခြင်း ရှိ မရှိ စောင့်ကြည့်ရမည်ဖြစ်သည်။ ရောဝတီအသင်းမှာ ပွဲစဉ် (၁၂)တွင် ဇွဲကပင်အသင်းကို အိမ်ကွင်း၌ ရှုံးနိမ့်ကာ ပထမဆုံးအိမ်ကွင်းရှုံးပွဲနှင့် ရင်ဆိုင်ထားရသောကြောင့် ယခုပွဲတွင် ရလဒ်ကောင်းပြန်ရရန် ကြိုးပမ်းဖွယ်ရှိနေသည်။

**(ရှိုင်းထက်ဇော်)**

**အားကစားမြှင့်တင်**
**စိတ်လန်းရွှင်**
**ဆန့်ကျင်မူးယစ်ဆေး**

## jynwi;ywvna*guo;½ulNyKiy(rEav;)usi;y

**မန္တလေး ဇူလိုင် ၂၃**

မြန်မာနိုင်ငံတွင် ထူးချွန်သော ဂေါက်သီးအားကစားသမားများပေါ်ထွက်လာစေရေးအတွက် ကမ္ဘောဇဘဏ်လီမိတက်မှ အဓိကကူညီပံ့ပိုးသော မြန်မာပြည်တွင်းပတ်လည် ဂေါက်သီးရိုက်ပြိုင်ပွဲစတုတ္ထပွဲစဉ်၏ ဖွင့်ပွဲအခမ်းအနားကို ဇူလိုင် ၂၃ ရက် နံနက်ပိုင်းတွင် မန္တလေးမြို့ရှိ ရေတံခွန်တောင်ဂေါက်ကွင်း၌ ကျင်းပသည်။

ပြိုင်ပွဲဖွင့်ပွဲတွင် သတ်မှတ်ထားသောတီခုံနေရာ၌ ဂေါက်သီးရိုက်အားကစားသမားများ၊ မြန်မာနိုင်ငံဂေါက်သီးအဖွဲ့ချုပ်မှ ဗဟိုအလုပ်မှုဆောင်များ၊ ကမ္ဘောဇဘဏ်လီမိတက်မှ တာဝန်ရှိသူများ အသီးသီးနေရာယူကြပြီး အလယ်ပိုင်းတိုင်းစစ်ဌာနချုပ်တိုင်းမှူး ဗိုလ်ချုပ်စိုးထွန်း၊ မန္တလေးတိုင်းဒေသကြီး စည်ပင်သာယာရေးဝန်ကြီး မန္တလေးမြို့တော်ဝန် ဦးအောင်မောင်း၊ မြန်မာနိုင်ငံဂေါက်သီးအဖွဲ့ချုပ်ဥက္ကဋ္ဌ ဦးကိုကိုအေး၊ ကမ္ဘောဇ Group of Companies မှ Managing Director ဦးထွန်းလင်းတို့က အလှည့်ကျဂေါက်သီးရိုက်၍ ပြိုင်ပွဲအား ဖွင့်လှစ်ပေးကာ ပထမနေ့ (၁၈)ကျင်းပြိုင်ပွဲကို စတင်ကျင်းပသည်။

ပြိုင်ပွဲတွင် Professional အဆင့်(၁၉)ဦး၊ အပျော်တမ်းအဆင့် အမျိုးသား (၉၄)ဦး၊ အပျော်တမ်းအဆင့် အမျိုးသမီး (၂၄)ဦး စုစုပေါင်းအားကစားသမား (၁၅၇)ဦးဝင်ရောက်ယှဉ်ပြိုင်ကြသည်။ **(ဖိုးသော်ဇင်)**

ဆောင်းပါး

# ဘယ်သူကများလို့ ဘယ်သူက မှန်နေကြပါလိမ့်

ခ အေးသန်း (စိန်တုံးကြီး)

လူ့လောကနယ်ပယ်တွင် ကြုံတွေ့လေ့ရှိသည့် စကားနှစ်မျိုးမှာ "အမှား" နှင့် "အမှန်" ပင် ဖြစ်သည်။ ဤစကားနှစ်မျိုးကို လူတော်တော်များများက နေ့စဉ်ကြုံတွေ့ကြသည်။ ဤသို့ပင် လူ့ပတ်ဝန်းကျင်အသိုင်းအဝိုင်းတွင်လည်း "အပေး" နှင့် "အယူ" နှစ်မျိုးမှာလည်း ခေတ်စားနေဆဲပင်ဖြစ်သည်။ အပေးနှင့်အယူကို မည်သည့်အချိန်ကစခဲ့သည်ကို မခန့်မှန်းနိုင်ချေ။ "ပေးသူများရှိသလို ယူသူများရှိနေကြ၍ ပေးနေရပါသည်"ဟု ပြောကြသည်။ "ယူသူများကလည်း ပေးနေကြသူများရှိ၍ ယူနေရပါသည်"ဟု ဆိုလာကြပြန်သည်။ မည်သူ့ကို အပြစ်တင်ရမည်နည်း။ ပေးသူကိုလား၊ ယူသူကိုလား၊ သို့မဟုတ် နှစ်ဦးလုံးကို အပြစ်တင်ကြရမည်လား။ မည်သူကများ၍ မည်သူကမှန်နေကြပါသနည်း။ အဖြေရှာရခက်နေပေသည်။

ရှာမရသည့်အဖြေကို စာရေးသူတွေ့လိုက်ရပါပြီ။ ၉-၆-၂၀၁၅ ရက်က ရန်ကုန်မြို့တော်ခန်းမတွင် ကျင်းပသည့် အဂတိလိုက်စားမှုတိုက်ဖျက်ရေးနှင့် တားဆီးကာကွယ်ရေး ဥပဒေရေးရာ ပညာပေးဟောပြောပွဲသို့ ကိုယ်တိုင်တက်ရောက်ခဲ့ရာ အဆိုပါဆွေးနွေးပွဲတွင် အဂတိလိုက်စားမှု တိုက်ဖျက်ရေးကော်မရှင်အဖွဲ့ဝင် ဒေါက်တာညီညီထွန်းက အဂတိလိုက်စားမှုတိုက်ဖျက်ရေး ဥပဒေကို ၂၀၁၃ ခုနှစ် ဩဂုတ်လ ၇ ရက်တွင် ပြည်ထောင်စုလွှတ်တော်မှ ပြဋ္ဌာန်းခဲ့ပြီး စက်တင်ဘာ ၁၇ ရက်တွင် နိုင်ငံတော်သမ္မတကြီး၏ အမိန့်ကြေညာစာဖြင့် အာဏာတည်ခဲ့ကြောင်း၊ ယင်းဥပဒေတွင် အခန်းပေါင်း ၁၁ ခန်းနှင့် ပုဒ်မပေါင်း ၇၃ ခုပါရှိကြောင်း၊ အခန်း (၁) တွင် အမည်၊ စတင်အာဏာတည်ခြင်း၊ သက်ဆိုင်ခြင်းနှင့် အဓိပ္ပာယ်ဖော်ပြချက်များ၊ အခန်း (၂) တွင် ရည်ရွယ်ချက်၊ အခန်း(၃) တွင် ကော်မရှင်ဖွဲ့စည်းခြင်းတာဝန်နှင့် လုပ်ပိုင်ခွင့်များ၊ အခန်း(၄) တွင် အဂတိလိုက်စားမှုဖြင့် ကြွယ်ဝချမ်းသာလာမှုကြောင့် ပိုင်ဆိုင်သည့်ငွေကြေး ပစ္စည်းများနှင့် စပ်လျဉ်း၍ ပဏာမစိစစ်ရေးအဖွဲ့ ဖွဲ့ခြင်းနှင့် ယင်းလုပ်ငန်းတာဝန်များ၊ အခန်း(၅)တွင် စုံစမ်းစစ်ဆေးရေးအဖွဲ့ ဖွဲ့ခြင်းနှင့် ယင်း၏လုပ်ငန်းတာဝန်များ၊ အခန်း(၆)တွင် ကော်မရှင်ရုံးဖွဲ့စည်းခြင်း၊ အခန်း(၇)တွင် အဂတိလိုက်စားမှုနှင့် စပ်လျဉ်း၍ သတင်းမေးဆောင်ရွက်ခြင်း၊ နိုင်ငံတော်သမ္မတ၊ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ၊ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌနှင့် လွှတ်တော်ကိုယ်စားလှယ်များ ဆောင်ရွက်ခြင်း၊ အခန်း(၈) တွင် လုပ်ပိုင်ခွင့်နှင့် အာဏာရှိသူက ပိုင်ဆိုင်သည့် ငွေကြေးပစ္စည်း၊ ပေးရန်တာဝန်၊ ရပိုင်ခွင့်များနှင့်စပ်လျဉ်း၍ ကြေညာခြင်း၊ အခန်း (၉)တွင် အဂတိလိုက်စားမှုဖြင့် ကြွယ်ဝချမ်းသာလာမှုကြောင့် ရရှိလာသောငွေကြေးနှင့် ပစ္စည်းများကို ပြည်သူ့ဘဏ္ဍာအဖြစ် သိမ်းဆည်းခြင်း၊ အခန်း(၁၀) တွင် ပြစ်မှုပြစ်ဒဏ်များနှင့် အခန်း (၁၁) တွင် အထွေထွေအပိုင်းများကို ဟောပြောဆွေးနွေးခဲ့သဖြင့် အဂတိလိုက်စားမှုနှင့် ပတ်သက်၍ ရှောင်ကြဉ်ရမည့်အချက်တို့ ကို ဗဟုသုတများစွာရရှိခံစားခဲ့ရပေသည်။

ဤသည်သာမက ထိုဆွေးနွေးပွဲတွင် အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်အဖွဲ့ဝင် ဦးသင်းမောင်ကလည်း အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်၏လုပ်ငန်းဆောင်ရွက်ထားရှိမှုအခြေအနေများနှင့် ပတ်သက်၍လည်း "လာဘ်ပေးလာဘ်ယူမှုအရေးယူဆောင်ရွက်ရေးကော်မတီဖွဲ့စည်းခြင်းနှင့် အရေးယူဆောင်ရွက်မှုတွင် ၂၀၁၃ ခုနှစ် ဇန်နဝါရီ ၈ ရက်တွင် နိုင်ငံတော်သမ္မတ၏ အမိန့်ကြော်ငြာစာအမှတ် (၉/၂၀၁၃) ဖြင့် ဖွဲ့စည်းခဲ့သော "လာဘ်ပေးလာဘ်ယူမှု အရေးယူဆောင်ရွက်ရေးကော်မတီ" တွင် ဒုတိယသမ္မတ ဒေါက်တာစိုင်းမောက်ခမ်းက ဥက္ကဋ္ဌအဖြစ်ဆောင်ရွက်၍ အဖွဲ့ဝင်ကိုးဦးဖြင့် လာဘ်ပေးလာဘ်ယူမှုကိစ္စများကို အရေးယူဆောင်ရွက်ခဲ့ကြောင်း၊ ပြည်ထဲရေးဝန်ကြီးဌာနအနေဖြင့်လည်း နစ်နာသူမည်သူမဆို တိုက်ရိုက်တိုင်ကြားနိုင်ကြောင်း၊ နေ့စဉ်ထုတ်နိုင်ငံပိုင်သတင်းစာများတွင် သတင်းကြေညာချက်ထုတ်ပြန်ပြီးနောက် တိုင်ကြားစာ တရားမမှု ၁၈ စောင်၊ စီမံခန့်ခွဲမှု ၉၃ စောင်၊ လူမှုရေးနှစ်စောင်၊ မှုခင်း ၄၇ စောင်နှင့် လာဘ်ပေးလာဘ်ယူမှု ၅၂ စောင်၊ စုစုပေါင်း ၂၁၂ စောင်တို့ကို လက်ခံရယူခဲ့ပြီး တိုင်ကြားစာအပေါ် လာဘ်ပေးလာဘ်ယူမှု အရေးယူဆောင်ရွက်ရေးကော်မတီ၏ ကြီးကြပ်မှုဖြင့် အပြစ်ရှိသူများကို နိုင်ငံ့ဝန်ထမ်းဥပဒေအရ အရေးယူဆောင်ရွက်ခြင်းတွင် ၃၆၂ ဦး၊ ဌာနပြောင်းရွှေ့ခြင်း ၆၉ ဦး၊ အငြိမ်းစားပေးခြင်း ၁၈ ဦးနှင့် ထောင်ဒဏ်တစ်ဦး စုစုပေါင်း ၄၅၀ တို့ကို အရေးယူနိုင်ခဲ့ကြောင်း ဆွေးနွေးဟောပြောပို့ချခဲ့သဖြင့် လိုက်နာရမည့်အချက်များ၊ မှတ်သားသင့်သည့် အချက်များကို ရရှိခံစားခဲ့ရပေသည်။

စာရေးသူအနေဖြင့် ဤအခမ်းအနားသို့ တက်ရောက်ခဲ့ခြင်းကြောင့်နိုင်ငံ့ဝန်ထမ်းများအနေဖြင့် မိမိတို့၏ လုပ်ပိုင်ခွင့်၊ အာဏာ၊ ရာထူးအရှိန်အဝါတို့ရှိ အလွဲသုံးစားပြုလုပ်ပြီး တစ်စုံတစ်ရာကိုပြုလုပ်ရန် ဥပဒေနှင့်အညီပြုလုပ်ခြင်းမှ ရှောင်ကြဉ်ရန် တစ်ဦးတစ်ယောက်အား ဥပဒေနှင့်အညီ ရသင့်ရထိုက်သော အခွင့်အရေးပေးရေး (သို့မဟုတ်) ဥပဒေနှင့်အညီ ရထိုက်သောအခွင့်အရေးကို မမှန်မကန် ပိတ်ပင်ရန်သော်လည်းကောင်း၊ သက်ဆိုင်သူတစ်ဦးတစ်ယောက်ထံမှ တံစိုးလက်ဆောင်ကို မိမိအတွက်သော်လည်းကောင်း၊ လက်ခံခြင်း၊ ရယူခြင်း၊ ရယူရန်အားထုတ်ကမ်းလှမ်းခြင်း၊ ကတိပြုခြင်း (သို့မဟုတ်) တစ်နည်းအားဖြင့် ဆွေးနွေးခြင်းကို တိုက်ရိုက်ဖြစ်စေ၊ သွယ်ဝိုက်၍ဖြစ်စေ ပြုလုပ်ခြင်းတို့သည် "လာဘ်ပေးလာဘ်ယူခြင်း" တို့ပင်ဖြစ်ကြောင်း၊ လာဘ်ပေးလာဘ်ယူမှုများ ရှိနေခြင်းကြောင့်၊ နိုင်ငံ့ဝန်ထမ်းအချို့ အရေးယူအပြစ်ပေးခြင်းများခံနေရကြောင်း၊ လာဘ်ပေးလာဘ်ယူမှုများကြောင့် ဌာနဆိုင်ရာလုပ်ငန်းများတွင် အဆင်ပြေချောမွေ့နေသည်ဟု အယူအဆအမှားများကို ဆက်လက်ကျင့်သုံးနေကြသဖြင့် ဌာနတွင် အချို့ဝန်ထမ်းများ အကျင့်ပျက်ခြစားမှုများရှိလာသည်ကို တွေ့နေရသဖြင့် မိမိတို့လုပ်ငန်းအောင်မြင်မှုရရှိရေးအတွက် နည်းမှန်လမ်းမှန်များဖြင့်သာ ကျင့်သုံးဆောင်ရွက်သွားသင့်ကြောင်းတို့ကို "အဂတိလိုက်စားမှု တိုက်ဖျက်ရေးနှင့် တားဆီးကာကွယ်ရေး အသိပညာပေးဟောပြောပွဲ" မှ ရရှိလိုက်သော သင်ခန်းစာများပင်ဖြစ်တော့သည်။

သို့ပါ၍ အဂတိလိုက်စားမှုတိုက်ဖျက်ရေးနှင့် တားဆီးကာကွယ်ရေးတို့အတွက် ဝန်ထမ်းထုအတွင်း လာဘ်ပေးလာဘ်ယူမှု အထူးရှောင်ကြဉ်ကြပြီး အမှားနှင့်အမှန်ကို ခွဲခြားစိတ်ဖြာကာ မိမိက ပေးသူမဖြစ်သလို ယူသူလည်း မဖြစ်ကြစေဖို့ မိမိတို့၏ အကျင့်စာရိတ္တမဏ္ဍိုင် ယိမ်းယိုင်ပြိုလဲမသွားစေဖို့ အစဉ်အလာကောင်းများကို စောင့်ထိန်းသွားကြပါလျှင် ဘယ်သူကများလို့ ဘယ်သူကမှန်နေကြသည်ကို အဖြေရှာရန် မခက်တော့ပါ ။

# ယောဒေသတွင် မြန်မာ့လက်မှုပညာ ရိုးရာလက်ရက်ကန်းလုပ်ငန်းကို အမြတ်နည်းသော်လည်း ဆက်လက်လုပ်ကိုင်လျက်ရှိ

ဂန့်ဂေါ ဇူလိုင် ၂၃

ဂန့်ဂေါခရိုင် ဂန့်ဂေါမြို့နယ်တွင် မြန်မာ့လက်မှုပညာရပ်တစ်မျိုးဖြစ်သော ရက်ကန်းလုပ်ငန်းကို အမြတ်အစွန်းနည်းပါးသော်လည်း မိရိုးဖလာ မိသားစုတစ်ပိုင်တစ်နိုင်လုပ်ငန်းအဖြစ် ဆက်လက်လုပ်ကိုင်လျက်ရှိပြီး ရိုးရာရက်ကန်းလုပ်ငန်းများ တိမ်ကောပပျောက်သွားမည်မဟုတ်ကြောင်း ဒေသခံများက ပြောပြသည်။

မြစ်သာမြစ်ဖျားဒေသ၊ ယောဒေသဟု အမည်နာမအမျိုးမျိုးခေါ်တွင်သော ဂန့်ဂေါမြို့နယ်သည် နာမည်ကျော် ယောထဘီ၊ ယောပုဆိုးနှင့် ယောရက်ကန်းထည်အမျိုးမျိုး ထွက်ရှိရာဒေသဖြစ်ပြီး ရှုံးရှီကျေးရွာ၊ ပျားကျေးရွာ၊ အနောက်ဂန့်ဂေါကျေးရွာနှင့် မြို့ပေါ်ရပ်ကွက်အချို့တွင် အဓိကလုပ်ကိုင်ကြသည်။

ရှေးအခါက ယောဒေသကျေးရွာများမှ အမျိုးသမီးတိုင်းလိုလိုပင် ဗိုင်းငင်၊ ဝါဖတ်၊ ရက်ကန်းစင်အတတ်ပညာကို ထူးချွန်စွာတတ်မြောက်ကြသည့်အပြင် ရိုးရာလက်ရက်ကန်းနှင့်ပတ်သက်သော နှတ်၊ ထွာ၊ ရစ်၊ ချား၊ တည်းလုံး၊ လက်ခတ်ချည်ဝင်၊ ချည်ခင်များကိုလည်း ဘုရားပွဲဈေးကွက်များတွင် နေရာယူထားသည်ကို တွေ့ရသည်။

သို့သော် ယခုအခါ ရက်ကန်းလုပ်ငန်းမှာ အမြတ်အစွန်းနည်းပါးသောကြောင့် ရက်ကန်းပညာကို လက်ဆင့်ကမ်းသင်ယူမှုနှင့် လုပ်ကိုင်သူနည်းပါးမှုများ ကြုံတွေ့လာရကြောင်း ရှုံးရှီကျေးရွာမှ ရက်ကန်းလုပ်ငန်းလုပ်ကိုင်နေသူတစ်ဦးက ပြောပြသည်။

"ဒီမှာက ရက်ကန်းလုပ်ငန်းကို တစ်ဦးချင်း တစ်ပိုင်တစ်နိုင်လုပ်ကိုင်ကြတာဆိုတော့ ဈေးကွက်ထဲကို အထည်ပစ္စည်းတွေ တိုက်ရိုက်ပို့နိုင်ဖို့က မလွယ်ဘူး။ ကုန်သည်တွေနဲ့ ချိတ်ဆက်ပြီး တစ်ဆင့်ခံလုပ်ကိုင်ကြရတာ။ တိုက်ရိုက်ဈေးကွက်ထဲ ဖြန့်နိုင်မယ်ဆိုရင်တော့ အမြတ်အစွန်းပိုရနိုင်တာပေါ့။ ဒါပေမယ့် ရက်ကန်းလုပ်ငန်းရှင်တွေအများစုက ငွေကြေးအရင်းအနှီးပြည့်စုံမှုလည်း မရှိကြဘူး။

"လုံချည်တစ်ကွင်းကို ငွေကျပ် ၁၅၀၀ လောက်ပဲ လုပ်အားခရတယ်။ တစ်ကွင်းကိုတစ်နေကုန်ရက်လုပ်ရတယ်။ ရက်ကန်းလုပ်ငန်းကို စိတ်ကုန် ကျောခိုင်းသွားသူတွေလည်းအများကြီးရှိတယ်။

ဒါပေမယ့် မိရိုးဖလာလုပ်ငန်းကို တစ်ပိုင်တစ်နိုင်အဖြစ် ဆက်လက်လုပ်ကိုင်သူတွေ၊ မြန်မာမှုအထည်တွေကို မြတ်မြတ်နိုးနိုးဝတ်ဆင်သူတွေရှိနေသ၍ ရိုးရာလက်ရက်ကန်းကတော့ တိမ်ကောပျောက်ကွယ်သွားမှာမဟုတ်ပါဘူး" ဟု ၎င်းက ဆက်လက်ပြောပြသည်။

ကျော်စွာ(မကွေး)



# စစ်ကိုင်းတိုင်းဒေသကြီး ယင်းမာပင်ခရိုင်အတွင်းရှိ ဆီးစိုက်တောင်သူများ အရှုံးပေါ်သဖြင့် အတက်ဈေးမျှော်လင့်လျက်ရှိ

မုံရွာ ဇူလိုင် ၂၃

စစ်ကိုင်းတိုင်းဒေသကြီး ယင်းမာပင်ခရိုင်အတွင်းရှိ ယင်းမာပင်မြို့နယ်နှင့် ကနီမြို့နယ်အတွင်းရှိ ကျေးရွာများတွင် ဆီးပုလဲသီးကို အများစိုက်ပျိုး၍ ဆီးသီးခြောက်အဖြစ် နေလှန်းကာ မုံရွာမြို့ရှိ ပွဲရုံများသို့ တင်ပို့ရောင်းချလျက်ရှိကြောင်း သိရသည်။

ဆီးသီးရောင်းချမှုအခြေအနေနဲ့ပတ်သက်ပြီး ယင်းမာပင်မြို့နယ်အတွင်းရှိ ညောင်ကိုင်း(အရှေ့)ရွာမှ ဆီးစိုက်တောင်သူတစ်ဦးက "ဒီနှစ် ဆီးရာသီမှာ ကျွန်တော်တို့တောင်သူတွေအတွက် တွက်ခြေမကိုက်ဘူး။ စောစောပိုင်းပေါ်ခါစ ချက်ချင်းနေလှန်းရောင်းတဲ့သူတွေကမှ ကျပ် ၁၀၀ ဈေးလောက်မီလိုက်သေးတယ်။ ကျွန်တော်တို့က အတက်ဈေးမျှော်ပြီး မရောင်းဘဲ လှောင်ထားလိုက်တာ။ အခုကျပ် ၇၀ ဈေးပဲရှိတော့တယ်။ အခုနေထုတ်ရောင်းမယ်ဆိုရင် ကားခက ပွဲရုံအရောက် ကျပ် ၂၀ ဆိုတော့ ဒီနှစ်တော့ အမြတ်မရှိတော့ဘူး။ ကျွန်တော်တို့က ဆီးတစ်ရာသီဆို ဆီးပင်ရှင်းခ၊ ဆီးကောက်ခစတဲ့ လုပ်အားခတွေက အရင်ကြိုပြီးကုန်ထားပြီးပြီ။ အခုချိန်မှာမှ ဈေးကောင်းမရရင် နောင်နှစ်ဆက်လှောင်ထားလည်း ဈေးကောင်းမရတော့ဘူး။

"တချို့ဆို လွန်ခဲ့တဲ့ တစ်နှစ်၊ နှစ်နှစ်လောက်က ဆီးသီးတွေကို မရောင်းဘဲ လှောင်ထားတဲ့သူတွေကိုရှိတယ်။ သူတို့ဆို မရောင်းရတဲ့အပြင် ကိုယ့်လယ်ထဲမှာကိုယ်ပြန်ပြီး မြေဩဇာအဖြစ် ပြန်ချမယ်ဆိုရင် အလုပ်သမားခပါ ထပ်ပြီးကုန်ရဦးမယ်။ ဒီနှစ်တော့ ကျွန်တော်တို့ ဆီးစိုက်တောင်သူတွေ အရှုံးပေါ်တဲ့နှစ်ဖြစ်ပါတယ်" ဟု ပြောပြခဲ့သည်။

အဆိုပါ ဆီးသီးခြောက်များကို အချို့ပွဲစားများက ကျေးရွာများအရောက် လာရောက် ဝယ်ယူကြသော်လည်း ယခုနှစ် ဆီးသီးဈေးမကောင်းသဖြင့် အရောင်းအဝယ်ပါးကာ ပြည်ပဝယ်လက် အဝယ်နည်းသဖြင့် ယခုလို ဈေးနှုန်းများ ကျဆင်းရခြင်းဖြစ်ကြောင်း သိရသည်။

မင်းဆက်နိုင်(မုံရွာ)

# မုံရွာမြို့နယ်ရှိ ရပ်ကွက်၊ ကျေးရွာများတွင် ရေဝင်ကြိုတင်ကာကွယ်ရေး ဆောင်ရွက်

မုံရွာ ဇူလိုင် ၂၃

မုံရွာမြို့နယ်အတွင်းရှိ အိုးဘိုတောင်ရပ်ကွက် စစ်ပင်ရပ်နှင့် ကော်လပြ၊ ကျွဲရဲတောင်၊ ကျွဲရဲမြောက်၊ ရှင်ငါးဆယ်၊ ကြီးကုန်း၊ ညောင်ခြေထောက်၊ သပြေတော၊ ပလ္လင်ကုန်း၊ ခံတောကျေးရွာများရှိ နေအိမ်များတွင် ဘုတလင်မြို့နယ် စတဲချောင်းမှတဆင့် ရေများဝင်ရောက်လာကြောင်း သိရသည်။

စစ်ကိုင်းတိုင်းဒေသကြီးအစိုးရအဖွဲ့၏ ဦးဆောင်မှုဖြင့် မုံရွာခရိုင်၊ မြို့နယ် စီမံခန့်ခွဲမှုကော်မတီဝင်များ၊ ဌာနဆိုင်ရာများ၊ ရပ်ကွက်၊ ကျေးရွာ အုပ်ချုပ်ရေးမှူးများ၊ လူမှုရေးအသင်းအဖွဲ့ဝင်များ၊ တပ်မတော်သားများ ပူးပေါင်း၍ ရေဝင်ရောက်သည့် နေအိမ်များမှ အိမ်ထောင်စုဝင်များကို ဘေးလွတ်ရာသို့ ပြောင်းရွှေ့ပေးခြင်း၊ ရေစိမ့်ဝင်သည့်နေရာများသို့ သဲအိတ်များချထားခြင်း၊ မြေဖို့ခြင်း လုပ်ငန်းများကို ဇူလိုင် ၁၉ ရက်မှ ၂၀ ရက်အထိ ဆောင်ရွက်ပေးလျက်ရှိသည်။

ရေဝင်ရောက်သည့် ကျေးရွာများတွင် ကျန်းမာရေးအတွက် ယာယီဆေးခန်းများ ဖွင့်လှစ်ပေး၍ ကျန်းမာရေးစောင့်ရှောက်မှုများ ဆောင်ရွက်ပေးခြင်း၊ ရေကင်းလုံခြုံရေး ချထားဆောင်ရွက်ပေးခဲ့ပြီး ဇူလိုင် ၂၁ ရက် တွင် လမ်းဘေးဝဲယာရှိ ရေဝင်ရောက်သည့်နေရာများတွင် ရေကျမှုမှာ ၆ လက်မထိ ကျဆင်းသွားကြောင်း သိရသည်။

အောင်ဆွေ(မုံရွာ)

# လူကုန်ကူးမှု အသိပညာပေးဆွေးနွေးခြင်း၊ ပညာပေးလက်ကမ်းစာစောင်များ ဖြန့်ဝေခြင်းနှင့် စတေကာများကပ်ခြင်းဆောင်ရွက်

ချင်းရွှေဟော် ဇူလိုင် ၂၃

ပြည်သူလူထုအတွင်း လူကုန်ကူးမှု အသိပညာဗဟုသုတတိုးပွားလာစေရေးနှင့် လူကုန်ကူးမှုတားဆီးကာကွယ်ရေးလုပ်ငန်းများတွင် ပူးပေါင်းဆောင်ရွက်နိုင်စေရန်၊ နယ်စပ်ထွက်ပေါက်များမှတစ်ဆင့် တစ်ဖက်နိုင်ငံသို့ သွားရောက်အလုပ်လုပ်ကိုင်နေသည့် အလုပ်သမားများနှင့် ဒေသခံပြည်သူများ လူကုန်ကူးမခံရစေရေးနှင့် ခေါင်းပုံဖြတ်မှု မခံရစေရေးအတွက် လားရှိုးမြို့မှ ချင်းရွှေဟော်၊လောက်ကိုင်မြို့များသို့ ပြေးဆွဲနေသည့် ခရီးသည်တင်မော်တော်ယာဉ်များပေါ်ပါ ခရီးသွားပြည်သူများအား လူကုန်ကူးမှု အသိပညာပေးဆွေးနွေးခြင်း၊ ပညာပေးလက်ကမ်းစာစောင်များ ဖြန့်ဝေခြင်းနှင့် ပြေးဆွဲနေသော မော်တော်ယာဉ်များတွင် လူကုန်ကူးမှုနှင့်ပတ်သက်၍ မသင်္ကာဖွယ်တွေ့ရှိပါက သတင်းပေးပို့နိုင်သည့် ဖုန်းနံပါတ်နှင့် စတေကာများကပ်ခြင်းကိုလူကုန်ကူးမှုတားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့၊ အမှတ်(၁၇) တပ်ဖွဲ့စု၊ တပ်ဖွဲ့စိတ် (၂) ချင်းရွှေဟော်မှ တပ်ဖွဲ့ဝင်များသည် ဇူလိုင် ၂၀ ရက်က ချင်းရွှေဟော်မြို့၊ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရုံးရှေ့ ချင်းရွှေဟော်-လောက်ကိုင်လမ်းဆုံတွင် ပူးပေါင်းစစ်ဆေးရေးအဖွဲ့များနှင့်အတူ ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

မြို့နယ်(ပြန်/ဆက်)

*သတင်းစာဆရာ စာရေးဆရာကြီး နတ်မောက်ထွန်းရှိန်၏ ရှားပါးနေသော ဝင်းတွေနဲ့တည်ခဲ့သည့် မင်းနေပြည်စာအုပ်ကို စာဖတ်ပရိသတ်များအတွက် ကြေးမုံမှ အပတ်စဉ် အခန်းဆက်ဖော်ပြသွားမည်ဖြစ်သည်။ (ကြေးမုံ)*

# ဝင်းတွေနဲ့တည်ခဲ့သည့်မင်းနေပြည်

**နတ်မောက်ထွန်းရှိန်**

**ယခင်အပတ်မှအဆက်**

ဝန်ထောက် ပုပ္ပါးမြို့စား မဟာမင်းလှထင်ကျော် ကြီးကြပ်သည့် အရှေ့မြောက်စွန် မိတ်တံခါးကို 'ကုလား' ဟူသော မိတ်ဘက်နံသင့်အရ ဘုန်းတန်ခိုးတော် လွှန်လွှန်ကဲကဲ ကြီးကျယ်မည်ဟူသော သုတိမင်္ဂလာ ဩဘာနိမိတ်ကိုယူ၍ "လွန်ကဲ"တံခါးဟု သမုတ်တော်မူသည်။

မကွေးမြို့စားဝန်ကြီး သတိုးမင်းကြီး မဟာမင်းလှသီဟသူကြီးကြပ်သည့် အရှေ့မျက်နှာအလယ် "တူရဇ္ဇ" ခါတ်တံခါးကို အံတောဟု ခါတ်ဘက်နံသင့်အရ မြို့ဦးမြို့ထိပ်ဟူသော တည်ရာဌာနကို အစွဲပြု၍ "ဦးထိပ်" တံခါးဟု သမုတ်တော်မူသည်။ (နန်းတော် အရှေ့ တံခါးပေါက်)

ဝန်ထောက် ခန်းပတ်မြို့စား မဟာမင်းလှသီဟသူ ကြီးကြပ်သည့် အရှေ့မျက်နှာ တောင်အစွန်မိတ်တံခါးကို "ဆွေသား"ဟူသော မိတ်ဘက်နံသင့်အရ ဇမ္ဗူဒီပါယူဇာနာ တစ်သောင်းလုံးကို ညွတ်ရုံးဆိုက်ရမည်ဟူသော သုတိမင်္ဂလာ ဩဘာနိမိတ်ကိုယူ၍ "တောင်းညွတ်"တံခါးဟု သမုတ်တော်မူသည်။

တောင်မျက်နှာ အရှေ့စွန် ဝန်ထောက်ဖောင်ဝန်းမြို့ သစ်မြို့စား မဟာမင်းထင်သီဟသူ ကြီးကြပ်သည့် မိတ်တံခါးကို "ကုလား"ဟူသော မိတ်ဘက်နံသင့်အရ ဇမ္ဗူဒီပါယူဇနာတစ်သောင်းလုံးကို ညွတ်ရုန်းစိုက်ရမည်ဟူသော သုတိမင်္ဂလာဩဘာနိမိတ်ကိုယူ၍ "သောင်ညွတ်"တံခါးဟု သမုတ်တော်မူသည်။ (ယခု မင်္ဂလာ တံခါး)

လောင်းရှည်မြို့စား အတွင်းဝန်မင်းကြီး မဟာစည်သူကြီးကြပ်သည့် တောက်မျက်နှာအလယ် "ကောလိ"ခါတ်တံခါးကို "ဂဗ္ဗေ"ဟူသော ခါတ်သက်နံသင့်အရ ဘုန်းတန်ခိုးတော် လွှမ်းရမည်ဟူသော သုတိမင်္ဂလာ ဩဘာနိမိတ်ကိုယူ၍ "ကျော်မိုး"တံခါးဟု သမုတ်သည်။

ဗန်မော်တွင်းဝန် မင်းကြီးမဟာမင်းလှစည်သူ ကြီးကြပ်သည့် တောင်မျက်နှာအနောက်စွန်း မိတ်တံခါးကို "နောင်ရင်း"ဟူသော မိတ်ဘက်နံသင့်အရ ရန်အပေါင်းကို နှိမ်နင်းမည်ဟူသော သုတိမင်္ဂလာ ဩဘာနိမိတ်ကိုယူ၍ "ရန်နှင်"တံခါးဟု သမုတ်တော်မူသည်။ အနောက်မျက်နှာတောင်စွန်း သစ်တောဝန် မင်းကျော်မင်းလှစည်သူ ကြီးကြပ်သည့် မိတ်တံခါးကို ဂဗ္ဗေဟူသော ခါတ်ဘက်နံသင့် အက္ခရာကိုယူ၍ တစ်နည်းအားဖြင့် ၎င်းတံတားသည် သေသောသူတို့ကို ထုတ်ဆောင်ရာ အမင်္ဂလာတံခါးဖြစ်၍ ၎င်းတံခါးမှဝင်ထွက်သွားလာ မကြာမကြာ ကြုံတွေ့ရသောသူများသည် မရဏသတိကမ္မဋ္ဌာန်းကို မှန်ကြေးမုံပြင်ကဲ့သို့ အာရုံပြု ရှုကြကုန်လော့ဟု သတိပေးသော အထိမ်းအမှတ်အဖြစ် ကြေးမုံတံခါး ဟု သမုတ်တော်မူသည်။ (ယခု အာဋဝီတံခါးဟုခေါ်သည်။ အမရပူရတွင်လည်း ကြေးမုံတံခါးရှိသည်။)

မြတောင်မြို့စား သေနတ်ဝန်ကြီး သတိုးမင်းကြီး မဟာမင်းလှကျော်သူ ကြီးကြပ်သည့် အနောက်မျက်နှာစာ အလယ် "ပါပ"ခါတ်တံခါးကို "စရေ"ဟူသော ခါတ်ဘက်နံသင့်အရ ရွှေမြို့ရေနန်း ဥဒါန်းခေါ်တွင် အစဉ်အရှည် တည်တံ့အံ့သော သုတိမင်္ဂလာ ဩဘာနိမိတ်ကိုယူ၍ "စည်းရှည်"တံခါးဟု သမုတ်တော်မူသည်။ (ယခု ၁၉ လမ်း၊ စက်ရှင်တံတား နေရာဖြစ်သည်။)

အတွင်းဝန် ရေနံချောင်းမြို့စား မင်းကြီး မဟာမင်းကျော်ခေါင်ကြီးကြပ်သည့် အနောက်မျက်နှာ မြောက်စွန်း မိတ်တံခါးကို "နောင်ရင်း"ဟူသော မိတ်ဘက်နံသင့်အရ ကျော်စောထင်ရှားမည်ဟူသော သုတိမင်္ဂလာဩဘာနိမိတ်ကိုယူ၍ "ထင်ရှား"တံခါးဟု သမုတ်တော်မူသည်။

မြောက်မျက်နှာအနောက်စွန်း ပင်းတလဲမြို့ ပုဂံမြို့ဝန် မင်းကြီး မဟာမင်းခေါင်ကြီးကြပ်သည့် မိတ်တံခါးကို "ဆွေသား"ဟူသော မိတ်ဘက်နံသင့်အရ စည်ပင်သာယာမည်ဟူသော သုတိမင်္ဂလာ ဩဘာနိမိတ်ကိုယူ၍ "စည်သာ"တံခါးဟု သမုတ်တော်မူသည်။

ပုခန်းကြီးမြို့စား ဝန်ကြီးသတိုးမင်းကြီး မဟာမင်းလှစည်သူ ကြီးကြပ်သည့် မြောက်မျက်နှာအလယ် "အမြိတ္တ" ခါတ်တံခါးကို "ဝံသေ"ဟူသော ခါတ်နံသင့်အရ "လေးသိန်း"တံခါးဟု သမုတ်တော်မူသည်။ (ယခု နန်းမြို့မြောက် အထွက်တံခါး)

ကင်းဝန် မဟာမင်းလှဇေယျသူ ကြီးကြပ်သည့် မြောက်မျက်နှာ အရှေ့စွန်း မိတ်တံခါးကို "အောင်ပ"ဟူသော မိတ်ဘက်နံသင့်အရနှင့် မန္တလေးတောင်ဦး တောင်ခြေအနီးမှာ တည်ရှိနေသည်ကို ပေါ်လွင်ထင်ရှားစေခြင်းငှာ "မန်းဦး"တံခါးဟု သမုတ်တော်မူသည်။ တံခါး (၁၂) ရပ် အမည်တော်တို့ကိုလည်း တံခါးပေါက်တစ်ခုတစ်ခု၏ အဝင် လက်ဝဲ၊ အထွက် လက်ယာကျသော မီးကာ အုတ်တံတိုင်းကြီးများအနီး၌ အုတ်ပလ္လင်သုံးဆင့်ခံ၍ မော်ကွန်းစိုက်ထူသည်။ အုတ်ပလ္လင်အဖြူ လူနှစ်ဖက်ခန့်ရှိ ကျွန်းတိုင် နီနီကြီးများ၏ထိပ်မှ အနီခံမော်ကွန်း ရွက်ပေါ်တွင် ရွှေစာလုံးကြီးများဖြင့် သက္ကရာဇ် ၁၂၂၁ ခု၊ ကဆုန်လပြည့်ကျော် ၆ ရက်နေ့၊ ညဥ့် ၃ ချက်တီးကျော် (၇)ရက်၊ တနင်္လာနေ့အဝင် (၄)နာရီ (၂)ပါဒ် အချိန်တည် ရတနာပုံ၏ ရွှေမြို့တော်ကြီး ဦးထိပ်တံခါး စသည်ဖြင့် စေ့ငအောင် ကမ္ပည်းမော်ကွန်း စိုက်ထူထားသည်။

ရွှေမြို့တော်ကြီး ခါတ်တံခါးလေးရပ်၊ မိတ်တံခါး (၈) ရပ်၊ ရွှေမြို့တော်ကြီးလေးထောင့် သူရဲခိုအောက်တို့၌ အင်း၊ ယတြာ အဆောင်အနှံများ ရှေးအစဉ်အလာနှင့် အညီ ပြုလုပ်ဆောင်ရွက်မြှုပ်နှံထားများသည်ကို မြို့တည်နန်းတည် စာတမ်းများ၌ ဖတ်ရှုလေ့လာရသည်။ တံခါး (၁၂)ရပ် အဝင်လက်ဝဲ၊ အထွက်လက်ယာထူရန် တိုက်အောက်ကျောက်သေတ္တာနှင့် ထည့်သွင်းမြှုပ်နှံခြင်း ဖြစ်သည်။

ခါတ်တံခါး၊ မိတ်တံခါး၊ ရွက်ကာ၊ တုရိုဏ်တိုင် မြို့တော်လေးထောင့်များမှာ ကျောက်သေတ္တာ၊ ကျောက်မြူတာ၊ ရသေ့ရုပ်၊ နတ်ရုတ်ထားမည့် အခါတော်ရောက်သည့်နေ့ မှူးတော်၊ မတ်တော်၊ မင်းညီမင်းသားတို့ ဆင့်ဆိုသည့် အတိုင်း ဆောင်ရွက်ရ၏။ ရွှေမြို့တော်ကြီး လေးထောင့်တို့တွင်လည်း အင်းများမြှုပ်နှံလျက် နတ်ရုပ် နတ်ကွန်းများ ထားရှိ၏။ ကျောက်သေတ္တာနှင့် သောဋ္ဌသ အဖုံးအထဲ (၁၃၆)သင်္ချာဂါထာအင်းကို ခါတ်ခြောက်ပါး အင်းပြားတွင်ရေး၏။ အင်းနှံသည့်အပေါ် ရွှေမြို့တော် အရှေ့မြောက်ထောင့်(ကုန္ဒနတ်)၊ အရှေ့တောင်ထောင့် (သောမနတ်)၊ အနောက်တော်ထောင့်(ဝရုဏနတ်)၊ အနောက်မြောက်ထောင့်(ဘာရဒွါဇနတ်)လေးပါးကို ဗောင်းသရဖူဆောင်းတန်ဆာဆင်၊ ထက်ဝယ်ဖွဲ့ လက်ယာလက် သန်လျက်ထမ်း၊ လက်ဝဲလက်ချဟန်၊ (ဓမ္မခဏ်ပါ)၊ ပမာဏ (၁၂)သစ်ခန့် ကြေးစင်သွန်းလုပ်၍ အုတ်ဂူတည်ပြီးလျှင် ကျောက်သေတ္တာနှင့် ထားရ၏။

ရွှေမြို့တော် တံခါးလေးရပ်တွင်လည်း အရှေ့မျက်နှာ အလယ် သူရဇ္ဇခါတ်တံခါးအဝင် ပြင်လက်ယာဘက်မြို့ရိုးအနီး၌(ငတောင်မြင့် နတ်ဘီလူး)၊ တောင်မျက်နှာ အလယ်(ကောလိနတ်ဘီလူး)၊ အနောက်မျက်နှာ အလယ် ပါပခါတ်တံခါးအဝင် ပြင်လက်ယာဘက်မြို့ရိုးအနီး၌ (တောင်ကျဉ်နတ်ဘီလူး)၊ မြောက်မျက်နှာအလယ် အမြိတ္တ ခါတ်တံခါးအဝင် ပြင်လက်ယာဘက် မြို့ရိုးအနီး၌ (တောင်ပြုန်း နတ်ဘီလူး)လေးဦးတို့ကို လက်ယာဒူးထောက်၊ လက်ဝဲဒူးချ၊ လက်ယာလက် ဆောက်ပုတ်ဆွဲ၊ အရပ်ခုံပါ ပမာဏ တစ်တောင်၊ တစ်မိုက်ခန့် ကျောက်ဖြူကို ထုလုပ်ရ၏။

**ဆက်လက်ဖော်ပြပါမည်။**

**[ဆရာနတ်မောက်ထွန်းရှိန်၏ (၂၀၀၁ ခုနှစ် အမျိုးသား စာပေဆု-သုတပဒေသာဝိဇ္ဇာ) ဝင်းတွေနဲ့တည်ခဲ့သည့် မင်းနေပြည် စာအုပ်မှ အခေါ်အဝေါ်နှင့် အသုံးအနှုန်းများ၊ စာလုံးပေါင်းသတ်ပုံနှင့် သဒ္ဒါအထားအသိုများကို မူရင်း အတိုင်းဖော်ပြခြင်းဖြစ်ပါသည်။]**




ဗဟုသုတ

# ကုန်းဘောင်မင်းဆက် နောက်ဆုံးစံမြန်းခဲ့သည့် နန်းမြို့တော်

à မင်းထက်အောင်(မန်းကိုယ်ပွား)



မင်းတုန်းမင်းတရားကြီးသည် မန္တလေးရတနာပုံ ရွှေမြို့တော်ကြီးကို သက္ကရာဇ် ၁၂၂၀ ခုနှစ်မှ စတင်တည်ထောင်ခဲ့ရာ ယခု ၁၃၇၇ ခုနှစ်တွင် ၁၅၆ နှစ်တိုင်တိုင် ရှိခဲ့ပေသည်။ မန္တလေးမြို့တော်ကြီးကို ရတနာပုံ၊ ရတနာဘုမ္မိ၊ မန္တလေးဟူ၍ သုံးမယ်ရခေါ်ဆိုကြပြီး မင်းတုန်းမင်းကြီး၏ နန်းမြို့ကို လေးကျွန်းအောင်မြေဟု အမည်ပေးခဲ့၏။ နန်းမြို့၏ အလယ်ဗဟိုတွင် တည်ရှိခဲ့သော နန်းတော်ကြီးကို မြနန်းစံကျော် ရွှေနန်းတော်ကြီးဟု အမည်သမုတ်ခဲ့ပါသည်။

မင်းတုန်းမင်းတရားကြီးသည် နန်းမြို့ကို မြို့ရိုး၊ တံတိုင်း၊ ကျုံးတို့နှင့်တကွ တည်ဆောက်ခဲ့ခြင်းဖြစ်ပြီး နန်းမြို့ကို သာသနာ နှစ် ၂၄၀၀ အထိမ်းအမှတ်အဖြစ် တာ ၆၀၀ ထားရှိပြီး လေးဘက်လေးတန် စတုရန်းပုံ သဏ္ဌာန် တည်ဆောက်ထားပါသည်။ အုတ်မြို့ရိုးအမြင့်မှာ မြေပြင်မှ ၂၇ ပေ မြင့်ပြီး မြို့ရိုးထိပ်တွင် ၆ ပေ အကျယ် အုတ်ခင်းလမ်းနှင့်တကွ တစ်ဖက်လျှောမြေမြို့ရိုးရှိပါသည်။ မြို့ရိုးတစ်ဖက်စီတွင် တံခါးသုံးပေါက်စီထားရှိပြီးမြို့ရိုးပတ်လည်တွင် တံခါး ၁၂ ပေါက်ရှိပါသည်။

နန်းမြို့၏ အလယ်ဗဟိုတွင်ရှိသော မြနန်းစံကျော်ရွှေနန်းတော်ကြီးကို အရှေ့၊ အနောက် အကျယ်ဆုံးနေရာတွင် ၁၀၀၄ ပေ၊ တောင်မြောက် ၅၇၄ ပေရှိပြီး ၆ပေ ၉လက်မ မြင့်သော အုတ်ခုံအထက်တွင် တည်ဆောက်ထားသည်။ မြေနန်းဆောင်၊ ရွှေနန်းပြသာဒ်၊ ဗျဲတိုက်၊ ဇေတဝန်ဆောင်၊ လေသာဆောင်၊ ညီလာခံ၊ စနုဆောင်၊ ရွှေတိုက်၊ မှန်နန်းတော်ကြီး၊ အနောက်ပွဲတက် ဇေတဝန်ဆောင် စသည်ဖြင့် အဆောင်ပေါင်း ၁၆၆ ဆောင်ဖြင့် ဖွဲ့စည်းထားပြီး နန်းတော်ကို ၁၂ ပေခန့်အမြင့်ရှိ သစ်လုံးများ စီတန်းထားသောသစ်တပ်ဖြင့် ကာရံထားပါသည်။ နန်းတော်ဝန်းကျင်တွင် ဗဟိုရ်စင်၊ စွယ်တော်စင်၊ ဒင်္ဂါးစက်ရုံ၊ မှန်စီကျောင်း၊ နွေရာသီစံနန်းတော်၊ မြောက်ဥယျာဉ်တော်၊ လွှတ်တော်နှင့် သချိုင်းတော်စသည်တို့ကို တွေ့မြင်နိုင်ပါသည်။

မန္တလေးရတနာပုံ ရွှေမြို့တော်သမိုင်းသည် ယနေ့ခေတ်တွင် အလှမ်း မဝေးသေးပါသဖြင့် ကုန်းဘောင်ဆက် မြန်မာမင်းများဖြစ်သည့် မင်းတုန်းမင်းနှင့် သီပေါမင်းတို့ နောက်ဆုံး နန်းစံသွားရာ ရွှေနန်းတော်အဆောက်အအုံများ နန်းတော်အဆောင် ၁၀၀ ကျော်တို့အား ရှေးမူမပျက် ပြန်လည်တည်ဆောက်ထားခဲ့သည်ကို တွေ့မြင်လေ့လာကြခြင်းဖြင့် ရှေးမြန်မာလူမျိုးတို့သည် ကိုယ့်ထီးကိုယ့်နန်းနှင့် နေထိုင်စိုးစံခဲ့ကြသည်ကို မှန်းမျှော်ကြည့်ရှုနိုင်ကြမည်ဖြစ်သည်။

## သတင်းတိုများ

### အသင်းဖွဲ့စည်းခြင်းအခမ်းအနားကျင်းပ

ဝိုင်းမော်မြို့နယ် မဒိန်ကျေးရွာအုပ်စု မနော်ဖြူစိုက်ပျိုးရေးနှင့်အထွေထွေ ရောင်းဝယ်ရေးလုပ်ငန်းသမဝါယမအသင်းလီမိတက် ဖွဲ့စည်းခြင်း အခမ်းအနားကို ဇူလိုင် ၁၈ ရက် နံနက် ၁၀ နာရီက အဆိုပါကျေးရွာအုပ်ချုပ်ရေးမှူးရုံး၌ ကျင်းပခဲ့သည်။ အခမ်းအနားတွင် မြို့နယ်သမဝါယမဦးစီးဌာန ဦးစီးအရာရှိ ဦးကြည်လင်နှင့် မြို့နယ်သမဝါယမအသင်းစုဥက္ကဋ္ဌ ဦးစန်းနိုင်တို့က သမဝါယမဥပဒေ၊ နည်းဥပဒေနှင့် အသင်းဖွဲ့စည်းရေး လုပ်ငန်းဆိုင်ရာများကို ရှင်းလင်းပြောကြားပြီး ဥက္ကဋ္ဌ ဒေါ်ခေါ်ဝမ်၊ အတွင်းရေးမှူး ဒေါ်လုဘူတို့ပါဝင်သော ဒါရိုက်တာအဖွဲ့ကို ရွေးချယ်ကြသည်။ ထို့နောက် မြို့နယ်သမဝါယမဦးစီးဌာန ဦးစီးအရာရှိနှင့်အဖွဲ့သည် ဝိုင်းမော်မြို့ အမှတ်(၄)ရပ်ကွက်၌ ပွင့်တက်နှင့် ရွှေပင်ရွှေသီး စိုက်ပျိုးရေးနှင့်အထွေထွေရောင်းဝယ်ရေးလုပ်ငန်း သမဝါယမအသင်းလီမိတက်တို့ကို ဆက်လက်ဖွဲ့စည်းပေးခဲ့ကြောင်း သိရသည်။ (၄၉၉)

### ဘုန်းတော်ကြီးသင်ပညာရေးကျောင်းသို့စာရေးကိရိယာ ထောက်ပံ့လှူဒါန်း

ရှမ်းပြည်နယ် (တောင်ပိုင်း)၊လင်းခေးခရိုင်၊မိုးနဲမြို့နယ်၌ဘုန်းတော်ကြီးသင်ပညာရေးကျောင်းတွင် ပထမတန်းမှ စတုတ္ထတန်းအထိတက်ရောက် ပညာသင်ကြားနေသော ကျောင်းသား ၇၉ ဦးအတွက် စာအုပ် ၂၂ ဒါဇင်၊ ပေတံ ၅၈ ချောင်း၊ ခဲတံ ၁၉ ဒါဇင်ကို မြို့နယ်မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းနှင့် အမျိုးသမီးရေးရာအဖွဲ့တို့က ဇူလိုင် ၂၁ ရက် မွန်းလွဲ ၁ နာရီက လွယ်မြေရပ်ကွက် ဝိဇ္ဇာရိယ်ဘုန်းတော်ကြီးကျောင်းမွှာရုံသို့ သွားရောက်ထောက်ပံ့လှူဒါန်းခဲ့ကြောင်းသိရသည်။ ဆက်လက်၍ မြို့နယ်မိခင်နှင့် ကလေးစောင့်ရှောက်ရေးအသင်းဥက္ကဋ္ဌ ဒေါ်ခင်ဆွေယု ၊ မြို့နယ်အမျိုးသမီးရေးရာအဖွဲ့ အတွင်းရေးမှူး ဒေါ်နန်းမေသောင်းခင်တို့က စာအုပ်၊ ပေတံ၊ ခဲတံများကို ကျောင်းသားများသို့ ပေးအပ်ခဲ့ကြောင်းသိရသည်။

မြို့နယ်(ပြန်/ဆက်)

# မိုးပွင့်(အထူး)စီမံချက် နိုင်ငံသား စိစစ်ရေးကတ်ပြားကွင်းဆင်းဆောင်ရွက်

**ငဖဲ ဇူလိုင် ၂၃**

မကွေးတိုင်းဒေသကြီး ငဖဲမြို့နယ် သာယာကုန်းကျေးရွာအုပ်စုအတွင်းရှိ ကျေးရွာ(၄)ရွာမှ အကြောင်းအမျိုးမျိုးကြောင့်နိုင်ငံသားစိစစ်ရေးကတ်ပြား ပြုလုပ်ရန် ကျန်ရှိနေသူများအား မိုးပွင့် (အထူး)စီမံချက်အရ မြို့နယ်လူဝင်မှု ကြီးကြပ်ရေးနှင့် အမျိုးသားမှတ်ပုံတင်ရေးဦးစီးဌာနဦးစီးမှူးနှင့် ဝန်ထမ်းများက သာယာကုန်း ကျေးရွာအုပ်ချုပ်ရေးမှူးရုံးတွင် ဇူလိုင် ၁၅ ရက်က ကွင်းဆင်းဆောင်ရွက်ရာ မင်းဘူးခရိုင်လဝကဦးစီးဌာနမှူး ဦးကျော်ဌေးက မိုးပွင့်(အထူး) စီမံချက် နိုင်ငံသားစိစစ်ရေးကတ်ပြားလုပ်ငန်းနှင့်ပတ်သက်၍ ဒေသခံကျေးရွာ ပြည်သူများ သိရှိသင့်သည်များကို ရှင်းလင်းပြောကြားခဲ့သည်။

ထိုသို့ဆောင်ရွက်ရာတွင် သာယာကုန်းကျေးရွာအုပ်စုအတွင်းမှ အသက်(၁၈)နှစ်ပြည့်ပြီး နိုင်ငံသားစိစစ်ရေးကတ်ပြား မပြုလုပ်ရသေးသူများအား စိစစ်ဆောင်ရွက်ခဲ့ခြင်းဖြစ်ပြီး ပြုလုပ်ရန်ကျန်ရှိနေသူ(၆၄)ဦးအား နေ့ချင်းပြီး ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

**သန်းနိုင်ဦး(ငဖဲ)**

# ညောင်ဦးမြို့နယ်တွင် အထူးအထွက်တိုးပုလဲသွယ်စပ်မျိုးစပါး ကွင်းသရုပ်ပြပွဲကျင်းပ

**ညောင်ဦး ဇူလိုင် ၂၃**

ညောင်ဦးခရိုင် ညောင်ဦးမြို့နယ်တွင် အထူးအထွက်တိုး ပုလဲသွယ်စပ်မျိုးစပါး ကွင်းသရုပ်ပြပွဲနှင့် စံကွက်ရိတ်သိမ်းပွဲကို ဇူလိုင် ၂၁ ရက် နံနက် ၈ နာရီက ညောင်ဦးမြို့နယ် လက်ပံခြေပေါ်ကျေးရွာအုပ်စု ကွင်းအမှတ် ၁၃၂၅၊ ဦးပိုင် ၈/၄ ရှိ တောင်သူဦးဝင်းနိုင်၏ လယ်မြေတွင် ကျင်းပခဲ့သည်။

မန္တလေးတိုင်းဒေသကြီး လယ်ယာစိုက်ပျိုးရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန တိုင်းဦးစီးမှူး၊ ဦးလှမြင့်အောင် (ညွှန်ကြားရေးမှူး)တက်ရောက်၍ လက်ပံခြေပေါ် မြစ်ရေတင်စနစ်ဖြင့် လယ်ယာစိုက်ပျိုးသည့် တောင်သူများအား မနော်သုခ၊ ဆင်းသုခကဲ့သို့ စပါးမျိုးစိုက်ပျိုးခြင်းထက် အထူးအထွက်တိုးပုလဲသွယ်စပ်မျိုးစပါးကိုပြောင်းလဲစိုက်ပျိုးခြင်းဖြင့် တစ်ဧကစပါးထွက်ရှိမှု အခြေအနေများနှင့် ဝင်ငွေပိုရရှိမှု အခြေအနေများကို နှိုင်းယှဉ်၍ စပါးအထွက်နှုန်းကောင်း မွန်သည့် ပုလဲသွယ်စပ်မျိုးကို စိုက်ပျိုးသင့် ကြောင်း၊ ထိုကဲ့သို့ စပါးစိုက်ပျိုးပြီးပါကလည်း အခြားသီးနှံများစိုက်ပျိုးရာတွင် မိမိတို့တောင်သူတွေအတွက် ဒေသနဲ့ ကိုက်ညီပြီး ဝင်ငွေပိုမိုရရှိစေနိုင်မည့် သက်တမ်းတိုသည့် သီးနှံများအား စိုက်ပျိုးသင့်ကြောင်း တောင်သူပညာပေး တစ်ရပ်ဖြင့် ရှင်းလင်းပြောကြားခဲ့သည်။

ထို့နောက် တောင်သူဦးဝင်းနိုင်၏ ပုလဲသွယ်အထူးအထွက်တိုးစပါးကို စံကွက်ရိတ်သိမ်းယူခဲ့ရာ တစ်ဧကလျှင် စပါးတင်း ၁၈၃ ခန့် ထွက်ရှိခဲ့ကြောင်း သိရသည်။

အဆိုပါ ပုလဲသွယ် အထူးအထွက်တိုး စပါးကွင်းသရုပ်ပြပွဲနှင့် စံကွက်ရိတ်သိမ်းပွဲသို့ တိုင်းဒေသကြီး စိုက်ပျိုးရေးဦးစီးမှူး၊ ဦးလှမြင့်အောင်(ညွှန်ကြားရေးမှူး)နှင့် ခရိုင်စိုက်ပျိုးရေးဦးစီးမှူး၊ ဦးဌေးနိုင်၊ မြို့နယ်ဦးစီးမှူး၊ ဒေါ်ခင်ဌေးရီနှင့် ဝန်ထမ်းများ၊ ညောင်ဦးခရိုင် အထွေထွေအုပ်ချုပ်ရေးမှူး၊ ဦးတင်ထူးမောင်၊ ခေတ္တမြို့နယ်အုပ်ချုပ်ရေးမှူး၊ ဦးသိန်းလွင်နှင့် ဌာနဆိုင်ရာဝန်ထမ်းများ၊ လက်ပံခြေပေါ်၊ သူကောင်းတည်၊ အထက်ညဉ့်၊ အောက်ညဉ့်ကျေးရွာများမှ ဒေသခံတောင်သူများ စိတ်ဝင်စားစွာတက် ရောက်ကြည့်ရှုအားပေးခဲ့ကြကြောင်း သိရသည်။

**ရဲဝင်းနိုင်(IPRD)**

❑



# ကလေးဝမြို့ ရွှေမုဋ္ဌောလမ်းကို ကိုယ့်အားကိုယ်ကိုး ကွန်ကရစ်လမ်းခင်း

**ကလေးဝ ဇူလိုင် ၂၃**

ကလေးခရိုင် ကလေးဝမြို့ ချင်းတွင်းမြစ်နှင့် မြစ်သာမြစ်ဆုံရာ သဘော်ဆိပ်ကမ်းသို့ သွားရာလမ်းဖြစ်သော ရွှေမုဋ္ဌောလမ်းမအား ကိုယ့်အားကိုယ်ကိုးဖြင့် အရှည်ပေ ၁၅၀၀၊ အကျယ် ၁၃ ပေ၊ ထု ၉ လက်မဖြင့် ကွန်ကရစ်လမ်းခင်းခြင်းလုပ်ငန်းကို ဇူလိုင် ၁ ရက်က စတင်ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

လက်ရှိအချိန်တွင် အဆိုပါလမ်း၏ အရှည်ပေ ၁၅၀၀၊ အကျယ် ၆ ပေ ၆ လက်မ၊ ထု ၉ လက်မ ကွန်ကရစ်လမ်းခင်းခြင်းလုပ်ငန်းအား ပြီးစီးပြီဖြစ်၍ လုပ်ငန်းအားလုံးဆောင်ရွက်မှုများကို အမြန်ပြီးစီးနိုင်ရန် ကလေးခရိုင်စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌ ဦးမောင်ထူးသည် မြို့နယ်စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌ ဦးခင်မောင်လွင်၊ မြို့နယ်ဖွံ့ဖြိုးတိုးတက်ရေးနှင့် အထောက်ကူပြုကော်မတီဥက္ကဋ္ဌ၊ သက်ဆိုင်ရာတာဝန်ရှိသူများနှင့်အတူ ဇူလိုင် ၂၁ ရက်တွင် ကွင်းဆင်းကြည့်ရှုစစ်ဆေးသည်။

သဘော်ဆိပ်ကမ်းသို့သွားရာ ရွှေမုဋ္ဌောလမ်းမအား ကွန်ကရစ်ခင်းခြင်းလုပ်ငန်းဆောင်ရွက်မှုပြီးစီးပါက ယာဉ်ကြီး၊ ယာဉ်ငယ်များ၏ ဆိပ်ကမ်းကုန်စည်ပို့ဆောင်သယ်ယူမှုနှင့် ရေကြောင်းခရီးဖြင့် ခရီးသွားပြည်သူများ၏ သွားလာရေးတို့တွင် များစွာအဆင်ပြေလာမည်ဖြစ်သည်။ **ဂျိုးနက်**

# မိုးနဲမြို့နယ်တွင်မြန်မာ့တိုင်းရင်းဆေးပညာဖြင့် ကျောင်းကျန်းမာရေး ဆောင်ရွက်ပေး

**မိုးနဲ ဇူလိုင် ၂၃**

ရှမ်းပြည်နယ်(တောင်ပိုင်း) မိုးနဲမြို့နယ် တိုင်းရင်းဆေးပညာဦးစီးဌာနသည် မြန်မာ့တိုင်းရင်းဆေးပညာဖြင့် ဒေသခံပြည်သူလူထုများနှင့် ကျောင်းသားလူငယ်များ၏ ကျန်းမာရေးစောင့်ရှောက်မှုများအား အခါအားလျော်စွာ ဆောင်ရွက်ပေးလျက်ရှိရာ ကျောင်းကျန်းမာရေးလှုပ်ရှားမှုတစ်ရပ်အနေဖြင့် မြို့နယ်တိုင်းရင်းဆေးမှူး ဒေါ်ခင်သန္တာဝင်းနှင့် ဝန်ထမ်းများ၊ မိခင်နှင့်ကလေးစောင့်ရှောက်မှုကြီးကြပ်ရေးအဖွဲ့ ဆရာမကြီးဒေါ်နော်ကပေါ်စေးနှင့် တာဝန်ရှိသူများသည် ဇူလိုင် ၂၁ ရက် နံနက် ၉ နာရီက ဥယျာဉ်ရပ်ကွက်ရှိ အခြေခံပညာမူလတန်းကျောင်းသို့ရောက်ရှိပြီး ကျောင်းသား၊ ကျောင်းသူ ၁၀၁ ဦး၏ ကျန်းမာရေးနှင့် လိုအပ်သည့်အကူအညီများ ပံ့ပိုးပေးခဲ့ကြောင်း သိရသည်။

**မျိုးညွန့်ရွှေ (မိုးနဲ)**



# ပခုက္ကူခရိုင် ပုံကျစျေးသည်များအား ထောက်ပံ့ကြေးများ ပေးအပ်

**မြိုင် ဇူလိုင် ၂၃**

မကွေးတိုင်းဒေသကြီး ပခုက္ကူခရိုင် မြိုင်မြို့ စည်ပင်သာယာရေးရုံးခန်း၌ ပုံကျစျေးသည်များအား ထောက်ပံ့ကြေး ပေးအပ်ပွဲအခမ်းအနားကို ဇူလိုင် ၂၀ ရက်က ကျင်းပခဲ့သည်။

အဆိုပါပေးအပ်ပွဲသို့ တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ဦးစောဝင်းက အဖွင့်အမှာစကားပြောကြားပြီး မြို့နယ်စည်ပင်သာယာရေးကော်မတီဥက္ကဋ္ဌ ဦးအောင်သန်းနှင့်အဖွဲ့ဝင်များ စည်ပင်သာယာရေးအဖွဲ့အမှုဆောင်အရာရှိ ဦးဟန်မြင့်တို့က ပုံကျစျေးသူ၊ စျေးသားများအား တစ်ဦးလျှင် ကျပ် ၅၀၀၀ နှုန်းဖြင့် ၁၅၅ ဦးတို့အား ပေးအပ်ခဲ့သည်။

**စိန်မြိုင်(မြိုင်)**

# တောထိုင်ဓလေ့ကင်းစင်ရေးကို စီမံချက်ဖြင့်ဆောင်ရွက်မည်

**ပန်းတနော် ဇူလိုင် ၂၃**

ပန်းတနော်မြို့နယ်အတွင်းရှိ ဒေသခံများအား တွေ့ကရာမစင်စွန့်ပစ်သည့်အလေ့အကျင့်နှင့် တောထိုင်ဓလေ့ကင်းစင်ရေးနှင့် တစ်ကိုယ်ရေသန့်ရှင်းရေးများကို ဦးတည်ဆောင်ရွက်နေကြောင်း လူထုဦးဆောင်သော အလုံးစုံသန့်ရှင်းရေးလုပ်ငန်းစီမံချက် (CLTS) မြို့နယ်အဆင့် အသိပေးရှင်းလင်းတင်ပြခြင်း အခမ်းအနားတွင် စီမံချက်လုပ်ငန်းနှင့်ပတ်သက်၍ စီမံချက်အဖွဲ့ခေါင်းဆောင် ဦးချစ်လှိုင်က ပြောကြားခဲ့သည်။

ယင်းအပြင် ၎င်းကဆက်လက်ပြီး သန့်ရှင်းသော၊ ကျန်းမာရေးနှင့်ညီညွတ်သော ပတ်ဝန်းကျင်ကောင်းဖြစ်ပေါ်စေရေး လုထုနှင့် စီမံချက်ဝန်ထမ်းများပူးပေါင်းအဖြေရှာဖော်ထုတ်ပြီး ညှိနှိုင်းဆောင်ရွက်သွားမည့်အစီအစဉ်များကို ရှင်းလင်းတင်ပြကာ အဖွဲ့အစည်းအသီးသီးမှ ပူးပေါင်းကူညီဆောင်ရွက်ကြပါရန် ဆွေးနွေးခဲ့သည်။

ဧရာဝတီတိုင်းဒေသကြီး ပန်းတနော်မြို့နယ်ကျန်းမာရေးဦးစီးဌာန အစည်းအဝေးခန်းမတွင် မြန်မာနိုင်ငံ ကျန်းမာရေးမှူးအသင်း (Myanmar Health Assistant Assosiation) နှင့် ကမ္ဘာ့ကုလသမဂ္ဂ ကလေးများရန်ပုံငွေအဖွဲ့ (UNICEF) တို့ပူးပေါင်းဆောင်ရွက်မည့် လူထုဦးဆောင်သော အလုံးစုံသန့်ရှင်းရေးလုပ်ငန်းစီမံချက် (CLTS) မြို့နယ်အဆင့် အသိပေးရှင်းလင်းတင်ပြခြင်း အခမ်းအနားကို ဇူလိုင် ၂၀ ရက် နံနက် ၁၀ နာရီက ကျင်းပခဲ့သည်။

အခမ်းအနားတွင် မြို့နယ်ပညာရေးမှူး ဦးစဝ်ဒိုင်းနီရယ်နှင့် မြို့နယ်ကျန်းမာရေးဦးစီးမှူး ဒေါက်တာနေမင်းမျိုးထွန်းတို့က အဖွင့်အမှာစကားပြောကြားပြီး မြန်မာနိုင်ငံကျန်းမာရေးမှူးအသင်းအတွင်းရေးမှူး ဦးစိုးအောင်က အသင်းမှဆောင်ရွက်နေသော စီမံချက်များအကြောင်းကို ဆွေးနွေးပြောကြားခဲ့သည်။

အဆိုပါစီမံချက်ကို ပန်းတနော်မြို့နယ်တွင် ၂၀၁၂ ခုနှစ်၌ ကျေးရွာ ၁၆ ရွာ၊ ၂၀၁၄ ခုနှစ်၌ ကျေးရွာ ၄၂ ရွာနှင့် ယခု ၂၀၁၅ ခုနှစ်တွင် ကျေးရွာ ၅၂ ရွာတို့အား ရှစ်လကြာ ကွင်းဆင်းဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။ **(၁၆၆)**

# မြစိမ်းရောင်ကျေးရွာစီမံကိန်း၊ စီမံခန့်ခွဲမှုဆိုင်ရာ ဆရာဖြစ်သင်တန်း(၄/၂၀၁၅)ကျင်းပ

**တောင်ကြီး ဇူလိုင် ၂၃**

ရှမ်းပြည်နယ်(တောင်ပိုင်း)နှင့် ကယားပြည်နယ်တို့ပူးပေါင်း၍ မွေးမြူရေးလုပ်ငန်းနှင့် ကျေးလက်ဒေသ ဖွံ့ဖြိုးရေးဝန်ကြီးဌာန ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြစိမ်းရောင်ကျေးရွာစီမံကိန်း၊ စီမံခန့်ခွဲမှုဆိုင်ရာ ဆရာဖြစ်သင်တန်း (၄/၂၀၁၅) ဖွင့်ပွဲကို ဇူလိုင် ၂၀ ရက် နံနက် ၉ နာရီက တောင်ကြီးမြို့ မြို့တော်ခန်းမ၌ကျင်းပရာတွင် ရှမ်းပြည်နယ်စိုက်ပျိုးရေးနှင့်မွေးမြူရေးဝန်ကြီး ဦးစိုင်းဆာလူ တက်ရောက်ခဲ့သည်။

အစီအစဉ်အရ ဝန်ကြီးဦးစိုင်းဆာလူက မဟာဗျူဟာမူဘောင်ပါ လုပ်ငန်းစဉ်များအနက် လုပ်ငန်းစဉ်တစ်ခုဖြစ်တဲ့ ကျေးလက်နေဆင်းရဲသားပြည်သူများ အလုပ်အကိုင်အခွင့်အလမ်းများ၊ မိသားစုဝင်ငွေတိုးပွားစေရန် ရည်မှန်း၍ ၂၀၁၄-၂၀၁၅ ဘဏ္ဍာရေးနှစ်မှစတင်၍ မြစိမ်းရောင်ကျေးရွာစီမံကိန်းကို အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိကြောင်း ပြောကြားခဲ့သည်။

ယင်းအပြင် ၂၀၁၄-၂၀၁၅ ဘဏ္ဍာရေးနှစ်တွင် နေပြည်တော်ကောင်စီနယ်မြေနှင့် ပြည်နယ်၊ တိုင်းဒေသကြီး ၁၄ ခုတို့တွင် ခရိုင် ၇၀၊ မြို့နယ် ၂၈၂ မြို့နယ်ရှိ ကျေးရွာပေါင်း ၁၄၅၀ ရွာမှာ ဆောင်ရွက်ခဲ့ပြီး ၂၀၁၅-၂၀၁၆ ဘဏ္ဍာရေးနှစ်တွင် ကျေးရွာပေါင်း ၃၀၀၀ မှာ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ၎င်းကဆက်လက်ပြောသည်။

ရှမ်းပြည်နယ်မှာ ၂၀၁၄-၂၀၁၅ ဘဏ္ဍာရေးနှစ်တွင် ကျေးရွာပေါင်း ၂၉၇ ရွာ ဆောင်ရွက်ခဲ့ပြီး ၂၀၁၅-၂၀၁၆ ဘဏ္ဍာရေးနှစ်မှာ ကျေးရွာပေါင်း ၅၅၀ ရွာ၊ စုစုပေါင်း ၈၄၈ ရွာမှာ ဆောင်ရွက်သွားမည်ဖြစ်သည်။

သင်တန်းသားများအနေဖြင့်လည်း သင်တန်းပြီးဆုံးပါက မိမိတို့သက်ဆိုင်ရာနယ်မြေအတွင်းရှိ ခရိုင်၊ မြို့နယ်နှင့် ကျေးရွာများတွင် ဆင့်ပွားသင်တန်းများ ထပ်မံပို့ချခြင်း၊ ကျေးရွာသူ၊ ကျေးရွာသားများအား စီမံကိန်းအကြောင်း သိရှိစေရန် ကျယ်ကျယ်ပြန့်ပြန့် ရှင်းလင်းဆွေးနွေးခြင်း၊ လည်ပတ်ရန်ပုံငွေလုပ်ငန်းစဉ်များအပေါ် အကောင်အထည်ဖော် ဆောင်ရွက်မှုလုပ်ငန်းများ ကွင်းဆင်းစစ်ဆေးခြင်းတို့ကို ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်သည့်အတွက် ယခုပို့ချသင်ကြားသည့် သင်ခန်းစာများနှင့် ဗဟုသုတများအား စိတ်ပါဝင်စားစွာ သင်ယူစေလိုကြောင်း ဝန်ကြီးက ထပ်လောင်းပြောကြားခဲ့သည်။

မြစိမ်းရောင်ကျေးရွာစီမံကိန်း စီမံခန့်ခွဲမှုဆရာဖြစ်သင်တန်းတွင် ပို့ချမည့်သင်ခန်းစာများမှာ ကျေးလက်ဒေသဖွံ့ဖြိုးရေး မဟာဗျူဟာမူဘောင်နှင့် မြစိမ်းရောင်ကျေးရွာစီမံကိန်း နောက်ခံသမိုင်း၊ ကော်မတီအဆင့်ဆင့်ဖွဲ့စည်းခြင်းနှင့် လုပ်ငန်းတာဝန်များ၊ ချေးငွေအဆိုပြုလွှာများ စိစစ်အကဲဖြတ်ခြင်းတို့ကို သင်ခန်းစာခေါင်းစဉ်အဖြစ် ပို့ချပေးသွားမည်ဖြစ်ကြောင်း၊ သင်တန်းသား၊ သင်တန်းသူ ၁၆၂ ဦးရှိပြီး စုစုပေါင်း ၁၇၀ ဦး တက်ရောက်ခဲ့ကြကြောင်း သိရသည်။ **စိုင်းသန်းကျော်(တောင်ကြီး)**

# တောင်သူများအား မိုးစပါးစိုက်ပျိုးစရိတ်ချေးငွေ ထုတ်ချေး



**တနင်္သာရီ ဇူလိုင် ၂၃**

တနင်္သာရီတိုင်းဒေသကြီး မြိတ်ခရိုင် မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ် ဒုတိယကြီးကြပ်ရေးမှူး ဦးတင်မောင်သိန်းနှင့် ဝန်ထမ်းများမှ တနင်္သာရီမြို့နယ်အတွင်းရှိ ရပ်ကွက်၊ ကျေးရွာအုပ်စု ၁၅ အုပ်စုအတွင်းမှ တောင်သူပေါင်း ၁၉၈၇ ဦးတို့၏ အနည်းဆုံး လယ်မြေ ဝ ဒသမ ၅ ဧကမှစ၍ မိုးစပါး စိုက်ပျိုးစရိတ်ချေးငွေများကို တောင်သူများ၏ စားနပ်ရိက္ခာဖူလုံစေရေး၊ ကျေးလက်နေတောင်သူများ ဝင်ငွေနှင့် လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်ရေးနှင့် မြန်မာ့လယ်ယာထွက်ကုန်များ ဈေးကွက်ယှဉ်ပြိုင်နိုင်မှုရှိစေရေး ရည်ရွယ်လျက် ဇူလိုင် ၁၃ ရက် နံနက် ၉ နာရီမှစ၍ တနင်္သာရီမြို့နယ်ခန်းမအတွင်း သတ်မှတ်စည်းကမ်းချက်များနှင့်အညီ တစ်ဧကလျှင် ကျပ်တစ်သိန်းနှုန်းဖြင့် ဧကပေါင်း ၁၁၇၀၈ ဧကအတွက် မိုးရာသီစိုက်ပျိုးစရိတ်ချေးငွေများကို တောင်သူများထံ ဇူလိုင် ၂၅ ရက်အထိ ထုတ်ချေးပေးမည်ဖြစ်ကြောင်း သိရသည်။ **ထိန်ဝင်း(ပြန်ဆက်)**

# ကျုံပျော်မြို့တွင် ကွန်ကရစ်လမ်းခင်းခြင်းလုပ်ငန်း ပြီးစီး

**ကျုံပျော် ဇူလိုင် ၂၃**

ဧရာဝတီတိုင်းဒေသကြီး ကျုံပျော်မြို့နယ်စည်ပင်သာယာရေးအဖွဲ့က မြဝတီရပ်ကွက်အတွင်းရှိ ရှစ်မြောင့်ချိုးဘုရားလမ်းနှင့် ပါမောက္ခဦးအေးမောင်လမ်းတို့အား ဆက်သွယ်၍ ကွန်ကရစ်လမ်းခင်းခြင်းလုပ်ငန်းကို ဇူလိုင်ပထမပတ်အတွင်းကစတင်ခဲ့ရာ ယခုအခါ ဆောင်ရွက်မှုပြီးစီးပြီဖြစ်ကြောင်း သိရသည်။

အဆိုပါလမ်းသည် မြို့မဈေးနှင့်ထိစပ်လျက်ရှိသောကြောင့် လူများသွားလာအသုံးပြုမှုများပြားပြီး ယခင်က ကတ္တရာလမ်းပိုင်းများပျက်စီးမှုရှိခဲ့သောကြောင့် သွားလာရေးအတွက် ခက်ခဲမှုများရှိခဲ့ရာမှ ယခုကဲ့သို့ ကွန်ကရစ်လမ်းအဖြစ် အဆင့်မြှင့်တင်ဆောင်ရွက်လိုက်သည့်အတွက် ယခုအခါ လူများအဆင်ပြေစွာဖြင့် သွားလာအသုံးပြုနိုင်ပြီဖြစ်ရာ မကြာမီ မော်တော်ယာဉ်များပါ ဖြတ်သန်းသွားလာနိုင်တော့မည်ဖြစ်ကြောင်း သိရသည်။ **နေဝင်းမြင့်(ပြန်/ဆက်)**

# ရေးမြို့ရှေးဟောင်းကျုံးတော်ကြီးဘေး ချုံနွယ်ထူထပ်၍ရှင်းလင်းရန်လို



**ရေး ဇူလိုင် ၂၃**

မွန်ပြည်နယ် ရေးမြို့၏ဂုဏ်ကျက်သရေဆောင်လည်းဖြစ် အထင်ကရအချက်အချာကျ လူစည်ကားရာနေရာတစ်ခုဖြစ်သော ရေးမြို့ ရှေးဟောင်းကျုံးတော်ကြီး၏ အပေါ်ကျုံးဘေးပတ်ဝန်းကျင်နေရာဘေးတစ်လျှောက်လုံးတွင် သစ်ပင်ချုံနွယ်များထူထပ်စွာ တဖြည်းဖြည်းကြီးထွားများပြားလာလျက်ရှိနေ၍ မရှင်းမလင်းဖြစ်နေသော သစ်ပင်ချုံနွယ်ပိတ်ပေါင်းများကို ပတ်ဝန်းကျင်သာယာလှပစေရေးအတွက် ဆောင်ရွက်စေချင်ကြောင်း ယင်းဒေသခံများက ပြောသည်။

အဆိုပါ ကျုံးဘေးပတ်ဝန်းကျင်တွင် သာသနာ ၂၅၀၀ စေတီဘုရားသို့ အနယ်နယ်အရပ်ရပ်မှ ဘုရားဖူးဧည့်သည်များ လာရောက်ဖူးမြော်ကြည်ညိုနေကြသည့်အပြင် ငါးစာကျွေး ကောင်းမှုကုသိုလ်ပြုနေကြသည့်နေရာလည်းဖြစ်၊ အပန်းဖြေနေရာလည်းဖြစ်သည်။

ယင်းအပြင် မနက်/ညနေ လမ်းလျှောက်နေသူများ လေ့ကျင့်ခန်းပြုလုပ်နေသူများ ရှိနေကြသည့်အပြင် နိုင်ငံခြားခရီးသွားများလည်း လာရောက်လေ့လာ အပန်းဖြေနားခိုရာနေရာလည်းဖြစ်ပြီး အဆိုပါကျုံးတော်ကြီးသည် နေ့စဉ်နှင့်အမျှ အပန်းဖြေလာနေကြသူ များပြားလာသည်ကို တွေ့ရသည်။

ယင်းကြောင့် မြို့၏ဂုဏ်ကိုမြှင့်တင်နိုင်ရန်အတွက် မရှင်းမလင်းဖြစ်နေသော သစ်ပင်ချုံနွယ်ပိတ်ပေါင်းများကို ပတ်ဝန်းကျင်အတွက် သာယာလှပနေသောမြင်ကွင်းများဖြစ် စိတ်ကြည်နူးလန်းဆန်း အပန်းဖြေနေရာကောင်းလေးတစ်ခုအား အစဉ်ထိန်းသိမ်းကာကွယ်စောင့်ရှောက်နိုင်ကြရန်အတွက် သက်ဆိုင်ရာတာဝန်ရှိသူများနှင့် တက်ကြွလှုပ်ရှားနေသော လူငယ်လူရွယ်များ၊ လူမှုရေး၌ စိတ်ပါဝင်စားသူများနှင့် ပူးပေါင်းဆောင်ရွက် အကောင်အထည်ဖော်စေချင်ကြသော ဒေသခံ မြို့ခံအများအပြားက ဆန္ဒများရှိနေကြကြောင်း သိရသည်။ **ထွန်းထွန်း(ရေး)**

# မွန်ပြည်နယ်ပေါင်မြို့နယ် ဇင်းကျိုက်မြို့တွင် ပတ်ဝန်းကျင်ဆိုင်ရာ အသိပညာပေး ဟောပြောပွဲကျင်းပ

**ပေါင် ဇူလိုင် ၂၃**

မွန်ပြည်နယ် ပေါင်မြို့နယ် ဇင်းကျိုက်မြို့ အ.ထ.က (ဇင်းကျိုက်) နှင့် အ.ထ.က (မုတ္တမ) ကျောင်းများတွင် မွန်ပြည်နယ် ပတ်ဝန်းကျင်ထိန်းသိမ်းရေးကြီးကြပ်မှုကော်မတီ မှကြီးမှူး၍ ပတ်ဝန်းကျင်ဆိုင်ရာ အသိပညာပေး ဟောပြောပွဲအခမ်းအနားကို ဇူလိုင် ၂၁ ရက်က ကျင်းပခဲ့သည်။ အခမ်းအနားတွင် ပြည်နယ်သစ်တော၊ သတ္တုဝန်ကြီး ဦးဝင်းမော်ဦးက အဖွင့်အမှာစကားပြောကြားပြီး ပြည်နယ်ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူး ဒေါ်မိုင်အက်စတာက ပတ်ဝန်းကျင်ဆိုင်ရာသိကောင်းစရာများကို ရှင်းလင်းပြောကြားခဲ့သည်။

ဟောပြောပွဲတွင် ပြည်နယ်စိုက်ပျိုးရေးဦးစီးဌာနမှ လက်ထောက်ညွှန်ကြားရေးမှူး ဦးအောင်ဇော်နိုင်က ပိုးသတ်ဆေးစနစ်တကျသုံးစွဲခြင်းဖြင့် ဘေးအန္တရာယ်ကင်းရှင်းရေးနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး အကြောင်းကိုလည်းကောင်း၊ ပေါင်မြို့နယ်ကျန်းမာရေးဦးစီးဌာနမှ ကျန်းမာရေးမှူး (၁) ဦးကျော်ဆန်းက သွေးလွန်တုပ်ကွေး အကြောင်း သိကောင်းစရာများကို ဟောပြောခဲ့သည်။

ယင်းအပြင် ပြည်နယ်စည်ပင်သာယာရေးအဖွဲ့မှ လက်ထောက်အင်ဂျင်နီယာ ဒေါ်သိမ့်သူဇာက စွန့်ပစ်ပစ္စည်းစီမံခန့်ခွဲခြင်းဆိုင်ရာ အသိပညာပေးကိုလည်းကောင်း၊ ပေါင်မြို့နယ် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ မြို့နယ်ဦးစီးမှူး ဒေါ်စိုးစိုးအေးက စာပေဖတ်ရှုခြင်း၏ အကျိုးကျေးဇူးများကိုလည်းကောင်းဆက်လက်ဟောပြောခဲ့သည်။

ယင်းနောက် ပြည်နယ်ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာနမှ ဒုတိယဦးစီးမှူး ဒေါ်စန်းစန်းနွယ်က သဘာဝပတ်ဝန်းကျင်နှင့် ကြွပ်ကြွပ်အိတ်အကြောင်း အသိပညာပေးကိုလည်းကောင်း၊ ပြည်နယ်ကုန်သွယ်မှုမြှင့်တင်ရေးနှင့် စားသုံးသူရေးရာဦးစီးဌာနမှ လက်ထောက်ညွှန်ကြားရေးမှူး ဦးခင်အောင်သွင်မှ စားသုံးသူအသိပညာပေး သိကောင်းစရာများကိုအသီးသီးဟောပြောခဲ့သည်။

ဟောပြောပွဲသို့ ကျောင်းသား၊ ကျောင်းသူနှင့် ဆရာ၊ ဆရာမ ၁၅၀၀ ခန့်နှင့် ဌာနဆိုင်ရာဝန်ထမ်းများ တက်ရောက်ခဲ့ကြောင်း သိရသည်။ **မြို့နယ်(ပြန်/ဆက်)**

# ၂၀၁၅-၂၀၁၆ ဘဏ္ဍာရေးနှစ် မြစိမ်းရောင်စီမံကိန်း အောင်မြင်ရေးလုပ်ငန်းများ ကြီးကြပ်ဆောင်ရွက်

**ကျုံပျော် ဇူလိုင် ၂၃**

ဧရာဝတီတိုင်း ဒေသကြီး ကျုံပျော်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ၂၀၁၅-၂၀၁၆ ဘဏ္ဍာရေးနှစ်အတွက် ကျေးရွာကိုးရွာတွင် မြစိမ်းရောင်စီမံကိန်းလုပ်ငန်းအား အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိပြီး လုပ်ငန်းများအောင်မြင်ရေးအတွက် ကွင်းဆင်းကြီးကြပ် ဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

အဆိုပါကျေးရွာကိုးရွာတွင် မြစိမ်းရောင်စီမံကိန်းကို ၂၀၁၄-၂၀၁၅ ဘဏ္ဍာနှစ်မှ စတင်ခဲ့ခြင်းဖြစ်ပြီး အသင်းသားများ၏ တစ်ပိုင်တစ်နိုင်ဆောင်ရွက်ထားသော စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ရေလုပ်ငန်းများ အောင်မြင်ရေး ဆောင်ရွက်ခြင်း၊ လစ်လပ်နေသော ကျေးရွာကြီးကြပ်မှုကော်မတီဝင်များ အသစ်ရွေးချယ်ခြင်း၊ စာရင်းဇယားများစစ်ဆေးခြင်းနှင့် လိုအပ်ချက်များ ဖြည့်ဆည်းဆောင်ရွက်ခြင်းတို့ကို ကျေးလက်ဦးစီးမှူး ဦးစန်းယုလှိုင်နှင့် ဝန်ထမ်းများက ကွင်းဆင်း၍ ကြီးကြပ်ဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။ **နေဝင်းမြင့်**

# ယာဉ်/လမ်းစည်းကမ်း ထိန်းသိမ်းရေးဆောင်ရွက်

**မအူပင် ဇူလိုင် ၂၃**

ဧရာဝတီတိုင်းဒေသကြီး မအူပင်မြို့နယ်တွင် ဇူလိုင် ၂၀ ရက် နံနက် ၈ နာရီက မြို့နယ်ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းထိန်းသိမ်းရေးကော်မတီက ကျောင်းသား၊ ကျောင်းသူများ ခရီးသွားပြည်သူများ ယာဉ်အန္တရာယ်ကင်းရှင်းစေရေးအတွက် လှည့်လည်စစ်ဆေးခဲ့သည်။ နည်းပညာတက္ကသိုလ်၊ မအူပင်တက္ကသိုလ် ကြိုပို့လုပ်သည့်ကားများ၊ ထော်လာဂျီသုံးဘီးများ၊ ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းများ လိုက်နာဆောက်ရွက်ရေး ကျောင်းသား၊ ကျောင်းသူများ စိတ်အေးချမ်းစွာ သွားလာနိုင်ရေးအတွက် စနစ်တကျမောင်းနှင်ရမည်ဖြစ်ကြောင်း ကော်မတီမှ တာဝန်ရှိသူတစ်ဦးက ပြောသည်။

မြို့တွင်းသို့ဝင်ရောက်သော ထော်လာဂျီများ စည်းကမ်းနှင့်အညီ မောင်းနှင်ရမည်ဖြစ်ကြောင်း၊ မော်တော်ဆိုင်များလည်း သတ်မှတ်ချက်များနှင့်အညီ စနစ်တကျမောင်းနှင်စေရေးအတွက် ကော်မတီက စစ်ဆေးပညာပေးခဲ့ပြီး သတ်မှတ်ကာလကျော်လွန်၍ စည်းကမ်းပျက်ကွက်ပါက အရေးယူဆောင်ရွက်သွားမည်ဖြစ်ကြောင်း ၎င်းကထပ်လောင်းပြောသည်။ **ပန်းလှိုင်မေ(ပြန်/ဆက်)**

# ကလေးခရိုင် ကလေးဝမြို့၏ ချင်းတွင်းမြစ်ရေမြင့်တက်မှု ကွင်းဆင်းကြည့်ရှု

**ကလေးဝ ဇူလိုင် ၂၃**

ကလေးခရိုင် ကလေးဝမြို့၏ ချင်းတွင်းမြစ်ရေမြင့်တက်မှုကို ကလေးခရိုင်စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌ ဦးမောင်ထူးသည် မြို့နယ်စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌ ဦးခင်မောင်လွင်၊ မြို့နယ် ဖွံ့ဖြိုးတိုးတက်ရေးနှင့် အထောက်အကူပြုကော်မတီဥက္ကဋ္ဌ၊ သက်ဆိုင်ရာ တာဝန်ရှိသူများနှင့်အတူ ဇူလိုင် ၂၁ ရက်က ကွင်းဆင်းကြည့်ရှုစစ်ဆေးခဲ့သည်။

ကလေးဝမြို့ ချင်းတွင်းမြစ်ရေ၏ စိုးရိမ်ရေအမှတ်သည် ၁၅၅၀ စင်တီမီတာဖြစ်ပြီး ယခုအချိန်တွင် ချင်းတွင်းမြစ်ရေသည် ၁၂၄၂ စင်တီမီတာသို့ ရောက်ရှိလာပြီဖြစ်သဖြင့် ကလေးဝမြို့မှ အစုန်အဆန် ပြေးဆွဲနေသော ရေယာဉ်လိုင်းမှ အမြန်ယာဉ်များ မော်တော်များ ဂရုစိုက်မောင်းနှင်ကြရန်နှင့် ရေယာဉ်တိုင်းတွင် အသက်ကယ်ဘောကွင်းများ၊ အင်္ကျီများ လုံလောက်စွာထားရှိကြရန် တာဝန်ရှိသူတို့က လိုက်နာဆောင်ရွက်ကြရန် ကလေးခရိုင် စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌကမှာကြားခဲ့ကြောင်း သိရသည်။

**ဂျိုးနက်**



# ကလေးဝမြို့နယ်၌ကျောင်းနေအရွယ်ကလေးငယ်များအား အာဟာရတိုက်ကျွေး

**ကလေးဝ ဇူလိုင် ၂၃**

စစ်ကိုင်းတိုင်းဒေသကြီး ကလေးခရိုင် မွေးမြူရေးနှင့်ကုသရေးဦးစီးဌာနမှ ကျောင်းနေအရွယ် ကလေးသူငယ်များ ဉာဏ်ရည်ထက်မြက်ဖွံ့ဖြိုးတိုးတက်စေရေးနှင့် ကျန်းမာသန်စွမ်းသောလူငယ်၊ လူရွယ်များ ဖြစ်လာစေရေးရည်ရွယ်၍ အာဟာရဖြည့်နွားနို့၊ ကြက်ဥတိုက်ကျွေးခြင်းနှင့် သင်ထောက်ကူပစ္စည်းများကူညီပံ့ပိုးခြင်းကို ဇူလိုင် ၁၉ ရက် နံနက် ၁၀ နာရီခွဲက ကလေးဝမြို့ အမှတ်(၃) အခြေခံ ပညာမူလတန်းကျောင်း၌ ကျင်းပခဲ့သည်။

ဆက်လက်၍ ကျောင်းသား၊ ကျောင်းသူကလေးငယ် ၂၅၁ ဦးတို့အား ကလေးမြို့ Myanmar C.P ကုမ္ပဏီမန်နေဂျာနှင့် စွဲမြဲကြက်စာဆိုင်မှ ဦးဇော်မျိုးမင်းတို့က အာဟာရပြည့်ဝသော နွားနို့၊ ကြက်ဥများ တိုက်ကျွေးခြင်းနှင့် ကျောင်းသုံး စာရေးကိရိယာများဖြစ်သည့် ဗလာစာအုပ် ၄၇ ဒါဇင်နှင့် ခဲတံ ၄၇ ဒါဇင်၊ ခဲဖျက် ၂၅၁ ခုတို့ ကူညီထောက်ပံ့ပေးခဲ့သည်။

အဆိုပါ အခမ်းအနားသို့ မြို့နယ်စီမံခန့်ခွဲမှုကော်မတီအဖွဲ့ဝင်များ၊ မြို့နယ်ကော်မရှင်အဖွဲ့ဝင်များ၊ မြို့နယ်ဖွံ့ဖြိုးတိုးတက်ရေးအထောက်အကူပြုကော်မတီဝင်များ၊ မြို့နယ်ကျန်းမာရေးဌာနမှ တာဝန်ရှိသူများ၊ ကျောင်းအကျိုးတော်ဆောင်များနှင့် ကျောင်းဆရာ၊ ဆရာမများ၊ကျောင်းသား၊ကျောင်းသူများ စုစုပေါင်း ၂၇၉ ဦး တက်ရောက်ခဲ့ကြကြောင်း သိရသည်။

**ချင်းတွင်းသား(ပြန်/ဆက်)**

# ကျေးရွာများဆိုလာမီးလင်းရေးနှင့် ရေရရှိရေးများဆောင်ရွက်

**ကျုံပျော် ဇူလိုင် ၂၃**

ဧရာဝတီတိုင်းဒေသကြီး ကျုံပျော်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ၂၀၁၅-၂၀၁၆ ဘဏ္ဍာရေးနှစ်အတွင်း ကျေးရွာများအတွက် ဆိုလာမီးလင်းရေးနှင့် ရေရရှိရေးလုပ်ငန်းများကို ဆောင်ရွက်ပေးလျက်ရှိကြောင်းသိရသည်။

အဆိုပါ ဆောင်ရွက်မှုများကို မြို့နယ်ဖွံ့ဖြိုးရေးနှင့်အထောက်အကူပြုကော်မတီဥက္ကဋ္ဌ ဦးမြင့်ဆွေ၊ ကျေးလက်ဦးစီးမှူး ဦးစန်းယုလှိုင်နှင့် ဝန်ထမ်းများက ကွင်းဆင်းကြီးကြပ်ဆောင်ရွက်မှုများ ပြုလုပ်ပေးလျက်ရှိကြောင်း သိရသည်။

ကျေးရွာများတွင်ဆိုလာစနစ် မီးလင်းရေးအတွက် ကွဲမျှော်ကွင်း၊ ညောင်ဝိုင်း၊ ညောင်လန်နှင့် ပေါင်းစုကြီးစသည့် ရွာလေးရွာတို့တွင် ဆောင်ရွက်ပေးလျက်ရှိသည်။

ထို့အပြင် ကျုံပျော်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ရေရရှိရေးအတွက် တစ်ရွာ တစ်လုံးစီဖြင့်စက်ရေတွင်း ၁၃ တွင်းကို ကျေးရွာ ၁၃ ရွာတွင် ဆောင်ရွက်ပေးလျက်ရှိရာ ဒေသခံပြည်သူများအထူးနှစ်သက်လျက်ရှိကြောင်း သိရသည်။

**နေဝင်းမြင့် (ပြန်/ဆက်)**

# ဧရာဝတီတိုင်းဒေသကြီးမှ စေတနာ့ဝန်ထမ်းလူငယ်များနှင့်ညှိနှိုင်းအစည်းအဝေးကျင်းပ

**ပုသိမ် ဇူလိုင် ၂၃**

ဧရာဝတီတိုင်းဒေသကြီး ပုသိမ်မြို့တွင် လူမှုဝန်ထမ်းကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနနှင့် UNDP၊ UNICEF၊ UN Volunteers အဖွဲ့တို့ပူးပေါင်းစီစဉ်သော အမျိုးသားအဆင့် သဘာဝဘေးလျော့ပါးရေး စေတနာ့ဝန်ထမ်းလူငယ်များ အစီအမံမဟာဗျူဟာ ရေးဆွဲရေးနှင့် စပ်လျဉ်း၍ ဧရာဝတီတိုင်းဒေသကြီးအတွင်းရှိ စေတနာ့ဝန်ထမ်းလူငယ်များနှင့်ညှိနှိုင်းအစည်းအဝေးကို ဇူလိုင် ၂၁ ရက် နံနက် ၉နာရီခွဲကပုသိမ်မြို့ရှိ ဆရာဝန်အသင်းခန်းမ၌ ကျင်းပခဲ့သည်။

အဆိုပါအခမ်းအနားသို့ တိုင်း ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေး ဦးစီးဌာန တိုင်းဦးစီးမှူးဦးသန်းစိုး၊ တိုင်းလူမှုဝန်ထမ်းဦးစီးဌာနတိုင်းဦးစီးမှူး ဒေါ်ခင်မေနု၊ UNDP မှ တာဝန်ရှိသူများ၊ တိုင်းဒေသကြီးအတွင်းရှိ ၂၅ မြို့နယ်မှ စေတနာ့ဝန်ထမ်းလူငယ်များ တက်ရောက်ကြသည်။

ဆက်လက်၍ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေး ဦးစီးဌာန (နေပြည်တော်)မှ ဦးစီးမှူးဒေါ်အေးနန္ဒာဝင်းက သဘာဝဘေးလျော့ပါးရေးစေတနာ့လူငယ်များ အစီအစဉ်ဖြစ်ပေါ်လာပုံ၊ လက်ရှိဆောင်ရွက်နေသော လုပ်ငန်းများနှင့်စပ်လျဉ်း၍ ရှင်းလင်းတင်ပြဆွေးနွေးသည်။

International Consultant မှ Ms. Asri Wijayantim က မြန်မာနိုင်ငံ သဘာဝဘေးလျော့ပါးရေး စေတနာ့ဝန်ထမ်း လူငယ်များအစီအစဉ်အပေါ် မျှော်မှန်းချက်များနှင့်စပ်လျဉ်း၍ ဆွေးနွေးတင်ပြသည်။

**မောင်မောင်မြင့်(ပြန်/ဆက်)**

# သထုံမြို့နယ် မိုးကောင်းကျေးရွာတွင် စာကြည့်တိုက်ပညာဆင့်ပွားသင်တန်းပို့ချ

**သထုံ ဇူလိုင် ၂၃**

သထုံမြို့နယ် မိုးကောင်းကျေးရွာ မိုးကောင်းတိုက်ကျောင်း၌ သထုံခရိုင်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးဌာနမှကြီးမှူး၍ ဇူလိုင် ၂၂ ရက် နံနက် ၁၀ နာရီအချိန်တွင် စာကြည့်တိုက်များရေရှည် တည်တံ့ခိုင်မြဲစေရေးအတွက် စာကြည့်တိုက်ပညာဆင့်ပွားသင်တန်းကို သထုံမြို့နယ်အတွင်းရှိ ကျေးရွာ စာကြည့်တိုက်မှူးများအား သထုံခရိုင်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးမှူး ဒေါ်ခင်လေးနွယ်၊ ပြည်နယ်ဦးစီးမှူး ဒေါ်သူဇာအောင်နှင့် ဝန်ထမ်းများက သင်တန်းပို့ချခဲ့သည်။

**ခွန်(ဝင်းပ)**

ပေါ်ပြူလာစတား Travel & Services

ဗုဒ္ဓဂယာခရီးစဉ်
သံဝေဇနီယ(၄)ဌာန၊ အဝိဇဟိတ(၄)ဌာန
နယူးဒေလီ၊တာ့ဂျ်မဟာ
၁၄ည၊၁၅ရက် ခရီးစဉ်

| | |
|---|---|
| အောက်တိုဘာ | -၅၊ ၂၆ |
| နိုဝင်ဘာ | -၁၅၊ ၂၉ |
| ဇန်နဝါရီ | -၂၅ |
| ဖေဖော်ဝါရီ | -၁၀၊ ၂၄ |
| မတ် | -၂၊ ၁၆ |

ပြည်တွင်းခရီးစဉ်
တောင်ကြီးခရီးစဉ်- ၁.၆ သိန်း Oct-27
ပြင်ဦးလွင်ခရီးစဉ်- ၁.၅ သိန်း Nov-25
၄ည/၅ရက်ခရီးစဉ်: Packages, Scania Bus, 3Stars Hotel, Restaurant
Ph: 01 2301866, 09-5129134, 09-786516520, 09-785022452




日本語能力試験
JLPT

ဒီဇင်ဘာလ ၆ ရက် ၂၀၁၅ တွင် ရန်ကုန်မြို့၌ ကျင်းပမည့်
ဂျပန်ဘာသာအရည်အချင်းစစ် စာမေးပွဲ(JLPT-2015)
စာမေးပွဲ လျှောက်လွှာများ စတင်လက်ခံခြင်း

၁။ လျှောက်လွှာလက်ခံခြင်း (ရန်ကုန်)
လျှောက်လွှာလက်ခံမည့်ကာလ - 10.8.2015 ~ 23.8.2015 ( 9:30AM ~ 4:30 PM , Monday to Sunday)
နေရာ - Myanmar Association of Japan Alumni
MAJA Centre
အခန်းအမှတ် G-21,G-22, ၂လွှာ၊ တိုက်(စီ)ပုလဲကွန်ဒို၊ကမ္ဘာအေးဘုရားလမ်း၊ဗဟန်းမြို့နယ်၊ ရန်ကုန်။
ဖုန်း - 09 8612151

၂။ လျှောက်လွှာလက်ခံခြင်း ( မန္တလေး )
လျှောက်လွှာလက်ခံမည့်ကာလ - 26.8.2015 ~ 29.3.2015 ( 8:00AM ~ 6:00 PM )
နေရာ - - HITO Center
၁၂ လမ်းနှင့် ၈၀ လမ်းထောင့် ၊ မန္တလေးမြို့။ ဖုန်း - 02 31762
စာမေးပွဲကြေးများကို အသေးစိတ်စုံစမ်းမေးမြန်းနိုင်ပါသည်။

သုံးရာသီ ဝမ္မဒါန
ဝါဆိုသင်္ကန်းကပ်အလှူ ၃၀-၇-၂၀၁၅
ပုဂံ၊ ပုပ္ပါး၊ စွယ်တော်လေးဆူ၊ ပခုက္ကူ
သင်္ကန်းပေး၊ ထမင်းကျွေး - ၄၀၀၀၀ိ
မန္တလေး-ပြင်ဦးလွင်-တောင်ပြုံး(Aug-24)
တစ်ဦးထမင်းကျွေး - ၄၀၀၀၀ိ
420144148, 421153797

SEVEN ဝ
မြေကွက်ရောင်းဝယ်ရေး
Ph: 09 - 33 333 511,
09-33 333 514, 09-33 333 644

ဗဟိုဝန်ထမ်းတက္ကသိုလ်၊ အောင်ဆန်း(၁၂) နှစ်ပတ်လည် တွေ့ဆုံပွဲနှင့် ဝါဆိုသင်္ကန်းကပ်လှူပွဲအခမ်းအနား ဖိတ်ကြားလွှာ

၂၀၁၅ခုနှစ်၊ ဩဂုတ်လ (၂၃)ရက်တွင် ကျရောက်မည့် ဗဟိုဝန်ထမ်းတက္ကသိုလ်၊ အောင်ဆန်း(၁၂)၏ (၃၁)ကြိမ်မြောက် နှစ်ပတ်လည် တွေ့ဆုံပွဲနှင့် ဝါဆိုသင်္ကန်း ဆက်ကပ်လှူဒါန်းပွဲကို ၂၃-၈-၂၀၁၅ရက် နံနက် ၈း၀၀နာရီမှ ၁၃း၀၀နာရီထိ ၊ ရွှေဟိုက်ဘုရားအရှေ့ဘက်၊ ကြားတောရလမ်း၊ တိပိဋကနိကာယကျောင်း၊ ဓမ္မာရုံ၌ ကျင်းပပြုလုပ်မည်ဖြစ်သဖြင့် မိမိတို့၏ ဇနီး၊ ခင်ပွန်းများနှင့်အတူ တက်ရောက်လှူဒါန်း ပေးနိုင်ပါရန် သတိတရ၊ အမှတ်တရဖိတ်ကြားပါသည်။

ဆက်သွယ်ရန်-ဦးတင်မြင့်(မကွေး)ဖုန်း-၀၉-၅၃၄၁၁၄၂
-ဦးခင်ဝင်း(ဗိုလ်တထောင်)ဖုန်း-၀၉-၃၁၅၄၇၄၃၇
-ဦးရဲလှ(စမ်းချောင်း)ဖုန်း-၀၉-၅၀၆၅၃၈၀
-ဦးမျိုးချစ်(လှိုင်)ဖုန်း- ၀၉-၅၂၀၃၁၇၅

ကြော်ငြာ


myanmar national airlines
New international route from Yangon to Singapore starting 17th August.
Fly round trip from US$239
Be among the first to fly our new Myanmar National Airlines international service to Singapore. Flights depart from Mandalay, Thandwe and Bagan, via Yangon with exclusive, one-time check-in and immigration clearance at your point of departure.
Book now, contact our hotline on: 01 378 603 or call centre on: 01 377 840 - 843 or 09 254219651 or online: www.flymna.com
myanmar
Sun Far Travel & Tours Tel. 01 243993
Columbus Travels Tel. 01 229245, 01 378535
Nice Fare Travel Tel. 01 255699, 01 255897
Seven Diamond Express Tel. 01 392974, 01 392975
Like us on Myanmar National Airlines
Journey of a lifetime

မဇ္ဈိမဒေသ
စာစဉ်(၁၇)

ဖေ့စ်ဘုတ်မှာ ပြတ်တောင်း ပြတ်တောင်း
ကြားနေရတဲ့အသံများထက် ပိုပြီးသံစုံပြည့်ဝပြီးတဲ့
ဂျာနယ်မဂ္ဂဇင်းများထဲက...



မဇ္ဈိမဒေသရှင်ဝိရိယ(တောင်စွန်း)
သေခြင်းကင်းတဲ့
အလှတရားနှင့်
မဇ္ဈိမဒေသရှိအသံများ

တန်ဖိုး
ကျပ်၃၀၀၀

ထွက်ပြီ

ဖြန့်ချိရေး-ရာပြည့်စာအုပ်ဆိုင်၊အမှတ်၂၂၆(၁)၊ပန်းဆိုးတန်းအထက်၊ရန်ကုန်မြို့။ ဖုန်း-၀၁-၃၇၅၉၅၂၊၀၁-၂၄၃၃၅၁
ပင်ရင်း - နယူးဒေး မဇ္ဈိမစာပေ ၊ အမှတ်(၁၄၁)၊လမ်း(၅၀)ထက်၊ ပုဇွန်တောင်မြို့နယ်၊ရန်ကုန်မြို့။
ဖုန်း- ၀၉-၇၃၁ ၀၃၆ ၃၄၊ ၀၉-၇၃၀၂၆၆ ၇၄



အာရှနဂါး
Asia Dragon ကျိုက်ထီးရိုး
ချောင်းသာ / ငွေဆောင်
Ph : 703790, 09-861-9008
707062, 09-861-7770



ဗုဒ္ဓဘာသာဖတ်စာ-၁
ဉပဒေဦးစိန်လှိုင်
ဖုန်း - ၀၁-၆၄၄၃၂၆ ဖုန်း- ၀၁-၆၄၃၇၇၃
ငါးပါးသီလကိုစောင့်ထိန်းအောင် မမွေစက်နဲ့လုပ်မရရင် အာဏာစက်နဲ့လုပ်ကြမလား
ဗုဒ္ဓဘာသာဖတ်စာ-၁ကို ဖတ်ကြည့်ပါလား။



## "Apply Management Group Certificate Course" @ WISE College

စီးပွါးရေးစီမံခန့်ခွဲမှုဘာသာရပ်များကို အချိန်တိုအတွင်းမှာ သင်ရိုးညွှန်းတမ်း စုံလင်စွာဖြင့် တက်ရောက်လိုသူများအတွက် WISE College တွင် Apply Management Group Certificate Course အား ဖွင့်လှစ်သင်ကြားပေးသွားပါမည်။

Management Certificate Course Subjects များမှာ -

1. Certificate in Business Management
2. Certificate in Marketing Management
3. Certificate in Human Resources Management
4. Certificate in Customer Services for Business Management
5. Certificate in Business Communication


သင်တန်းမှာ တစ်ပတ်လျှင် ၅ ရက်ဖြင့် (၃)လ ကြာမြင့်မည် ဖြစ်ပါသည်။ သင်တန်းအား ဩဂုတ်လ (၁၇)ရက်နေ့တွင် စတင်ဖွင့်လှစ်မည်ဖြစ်ပြီး သင်တန်းချိန်မှာ ညနေ (၅း၃၀)နာရီမှ (၇း၃၀)နာရီအထိ ဖြစ်ပါသည်။ နိုင်ငံတကာအတွေ့အကြုံရှိသော အရည်အသွေးပြည့်ဝသည့် ပါမောက္ခများနှင့် တွဲဖက်ပါမောက္ခများမှ အဆိုပါသင်တန်းတွင် သင်ကြားပို့ချပေးမည်ဖြစ်ပါသည်။

သင်တန်းပြီးဆုံးအောင်မြင်သူများသည် Group Certificate နှင့်တကွ Certificate (၅)ခုကို သီးခြားစီရရှိပါမည်။ ထို့အပြင် International Management/Local Management Diploma Course များကိုလည်း ဆက်လက်တက်ရောက်နိုင်ရန်စီစဉ်ထားပါသည်။

WISE College, No.1009(A/B), 10th Floor, Yuzana Tower, Shwe Gone Dine, Bahan Tsp.
Ph : 01-556183. 09-255723388. 09-421154862



MIC
Myanmar Imperial College



MIC New Campus

တက္ကသိုလ်ဝင်တန်း ဖြေဆိုပြီးသူများအတွက်

- Diploma in Business (HND)
- Diploma in Advertising & Branding (HND)
- Diploma in Hospitality & Tourism (HND)
- Bachelor of Business & Management
- Bachelor of Marketing Management

MBA | DBA

+ ဗြိတိန်နိုင်ငံ Northampton University မှ တိုက်ရိုက်ပေးအပ်သော နိုင်ငံတကာ အသိအမှတ်ပြု Diploma နှင့် Bachelor Qualifications
+ ပြည်တွင်းပြည်ပမှ Professors၊ Lecturers နှင့် အတွေ့အကြုံရှိ စီးပွားရေး ပညာရှင်များ
+ နိုင်ငံတကာအဆင့်မီ တက္ကသိုလ်ကျောင်းဝင်း

09 732 10001 / 09 4211 00222
No. 62 (C), Inya Road, Kamayut Tsp, Yangon, Myanmar.

Enroll Now!








## မြန်မာအင်ဂျင်နီယာများအတွက် "Project Management အကြောင်းသိကောင်းစရာများ"



Speaker Profile
Ms Lakshmi T.
PROGRAMME LEADER
Post Graduate Programmes

- မြန်မာနိုင်ငံမှ အင်ဂျင်နီယာဘွဲ့ရများ၊ IT ဘွဲ့ရများ၊ အင်ဂျင်နီယာနယ်ပယ်အသီးသီးရှိ ပရော်ဖက်ရှင်များတွင် Project Manager တစ်ဦးအဖြစ် အသက်မွေးဝမ်းကျောင်းပြုနိုင်သော MSc Project Management အကြောင်း၊
- Project Management ဘာသာရပ်၏ ရရှိနိုင်သည့် အလုပ်အကိုင် အခွင့်အလမ်းကောင်းများ၊
- အင်္ဂလန် London South Bank University ၏ MBA ကို Partial Scholarship ဖြင့် သင်ယူနိုင်မည့် အခွင့်အလမ်းများ၊

ဝင်ကြေး
(၆)လ အခမဲ့
နေထိုင်ခွင့်

CROWN EDUCATION Yangon - Myanmar
AUSTON

Date : 1 Aug (Sat) - 2015
Time : 10:00 am to 1:00 pm
Venue : CROWN Education Center

Call Us : 01 527 838 - 09 730 40 688 - 09 732 732 77



ခြံကွက်များ ပိုင်ရှင်ကိုယ်တိုင်
ရောင်းရန်ရှိသည်
လှည်းကူးမြို့ပေါ်ရပ်ကွက် ပဲခူး-ရန်ကုန်
လမ်းမကြီးအနီး ပေ(၄၀×၆၀)
ဈေးနှုန်း-သိန်း-၈၀-၁၅၀-၂၀၀
ဖုန်း-၀၉-၄၄၈၀၁၂၂၅၁၊
၀၉-၄၂၁၁၆၁၁၉၈၊
၀၉-၂၅၂၂၇၈၉၄၅



မြေကွက်ရောင်းမည်
မ/ဒဂုံ ၄၈(U10)၊60'x80' 1500L
မ/ဒဂုံ ၄၈(U10)၊120'x80' 3000L
ရွှေ/ဒဂုံ ၃ရပ်ကွက်)၊40'x60' 550L
Ph: 095183872



ကားရောင်းမည်
(၁) 9J-12---MITSUBISHI PAJERO
V- 46 -၂စီး(၁၇၅)သိန်း
၂/ 9J-12---MITSUBISHI GRAND Chroit
ထိုင်ခုံသုံးတန်း။ ၁စီး (၁၁၅)သိန်း
ဖုန်း-၀၉-၂၆၀၄၈၆၄၃၂၀၉-၇၃၀၆၀၁၉၆

ကြော်ငြာ


## Mingalar Cinemas

www.facebook.com/mingalarcinemas
Mingalar Cinemas facebook

| | | | | | |
|---|---|---|---|---|---|
| သမ္မတ ၀၁-၂၄၈၉၈၂ ၀၁-၂၄၈၉၈၃ | သွင် ၀၁-၃၇၂၉၈၄ ၀၉၇၃၂၇၅၅၈၀ | မင်္ဂလာ(၁) ၀၁-၂၄၃၀၅၇ ၀၁-၂၄၃၀၅၅ | မင်္ဂလာ(၂) ၀၉၇၃၂၅၃၀၉၀ ၀၉၇၃၂၅၃၀၉၂ | ရွှေဆောင် ၀၁-၂၅၂၁၀၃ ၀၁-၃၈၈၀၃၄ ၀၁-၃၇၀၇၈၇ | နေပြည်တော် ၀၁-၂၅၀၂၇၇ ၀၁-၂၅၁၂၈၈ |
| မင်္ဂလာစံပြ ၀၉၂၆၀၀၈၇၀၁၅ ၀၉၂၆၀၀၈၇၀၁၆ ၀၁ ၂၉၀၃၁၆၅ | Top Royal ၀၉၄၂၁၁၀၆၂၉၀ ၀၉၄၂၀၁၀၆၂၉၂ | ဝင်းလိုက်(မန္တလေး) ၀၂-၃၉၁၀၂၅ ၀၂-၆၀၂၅၀ | မြို့မ(မန္တလေး) ၀၂-၃၉၀၁၆ ၀၂-၃၉၀၃၇ | မင်္ဂလာဒိုင်းမွန်း(မန္တလေး) ၀၉၄၀၂၅၆၅၆၄၁ ၀၉၄၀၂၅၆၅၆၄၂ | မင်္ဂလာထွန်းသိရိ(ပြည်) ၀၉၇၉၉၁၁၀၈၇၅၁ ၀၉၇၉၉၁၁၀၈၇၅၂ |

### ဤအရာကိုအချစ်ဟုခေါ်သလား
ရန်ကုန် - သမ္မတ၊ သွင်၊ မင်္ဂလာ(၁)၊ မင်္ဂလာစံပြ
မန္တလေး - ဝင်းလိုက်
ပြည် - မင်္ဂလာထွန်းသီရိ

### TERMINATOR GENISYS(3D)
ရန်ကုန် - နေပြည်တော်(၁)
မင်္ဂလာ(၂)၊ မင်္ဂလာစံပြ
မန္တလေး - မင်္ဂလာဒိုင်းမွန်း
ပြည် - မင်္ဂလာထွန်းသီရိ

### MINIONS(3D)
ရန်ကုန် - ရွှေဆောင် (၁)
မင်္ဂလာစံပြ၊ Top Royal
မန္တလေး
မြို့မ၊ မင်္ဂလာဒိုင်းမွန်း
ပြည်
မင်္ဂလာထွန်းသီရိ

### UNFRIENDED
ရန်ကုန် - ရွှေဆောင်(၂)
မန္တလေး - မင်္ဂလာဒိုင်းမွန်း

### KEEP RUNNING SIR,YES SIR!
ရန်ကုန်
နေပြည်တော်(၂)

### JURASSIC WORLD (3D)
ရန်ကုန် - နေပြည်တော်(၃)

၂၄ . ၇ . ၂၀၁၅ ရက်မှ စတင်ပြသမည့်ဇာတ်ကားသစ်များ
ပွဲချိန်သတ်မှတ် - ၁၀း၀၀ နာရီ၊ ၁၂း၃၀ နာရီ၊ ၃း၃၀ နာရီ၊ ၆း၃၀ နာရီ၊ ၉း၃၀ နာရီ




















**ရှင်ပြုသူ‌စော အကျိုးဆောင်**

| | | | |
|---|---|---|---|
| ပြည်လမ်းမ | 12 ဧက | မြေ | ရောင်း |
| ပြည်လမ်းမ | 50 x 100 | 2RC | ရောင်း |
| ရွှေဂုံတိုင်လမ်းမ | 50 x 100 | မြေ | ရောင်း |
| ဘုရင့်နောင်လမ်းမ | 25 x 70 | 5RC | 30000 သိန်း |
| ဝေဇယန္တာလမ်းမ | 35 x 60 | မြေ ∠ | 13000 သိန်း |
| ဦးချစ်မောင်လမ်းမ | 20 x 40 | မြေ | 7000 သိန်း |
| ကမ္ဘာအေးဘုရားလမ်း | 52 x 75 | မြေ | 13000 သိန်း |
| အင်းယားကန်စပ်(ထိပ်တန်း) | 100 x 100 | မြေ | ရောင်း |

မြို့နယ်စုံရှိ အိမ်၊ခြံ၊မြေများ ရောင်း၊ဝယ်၊ငှားရမ်း အပ်နှံနိုင်ပါသည်။
09 500 7745, 09 79 500 7745, 09 78 500 7745






FAME **DiabeHerb®**
Natural hypoglycemic agent
ဆီးချိုကျဆေး
TMR 008219 (0717)
၂/၂၀၁၂ တဆထလ/တိုး(၀၆၅၇)
ISO 9001 : 2008
ISO 14001 : 2004
OHSAS 18001 : 2007
GMP Certified
Organic Certified

FAME **JavaHerb®**
Anti-diabetic
သိကြားမကိုင်ဆေး
TMR 008205 (1115)
၂/၂၀၁၂ တဆထလ/တိုး(၀၆၅၇)
ISO 9001 : 2008
ISO 14001 : 2004
OHSAS 18001 : 2007
GMP Certified
Organic Certified

HONDA | NCX

DYNAMIC SPORT New WAVE 100

# မိုးရာသီကို ကြိုဆို လိုက်ပါတယ်

မိုးရာသီ အထူး ဈေးလျှော့ရောင်းပွဲတော်

~~1,090,000~~

1,050,000

Honda Wave 100.
မြန်မာတစ်နိုင်ငံလုံးရှိ Honda NCX
ကိုယ်စားလှယ်အရောင်း
ဆိုင်များတွင် ရရှိနိုင်ပါပြီ။

**NCX MYANMAR CO., LTD.**
အမှတ်(၄၃၊၄၄၊၄၅)၊ အခန်းအမှတ် **(A-002)**၊ အင်းလမ်းနှင့် မျှော်မလင်းကြား၊
ကြည့်မြင်တိုင်ကမ်းနားလမ်း၊ သီရိမင်္ဂလာဈေးဟောင်းရှေ့၊ ရန်ကုန်မြို့။
☎ ၀၉ ၂၅၀ ၁၁၁၂၅၅

**NCX MYANMAR** ဆိုင်ခွဲ • ရန်ကုန် ဖုန်း - (၀၁) ၅၀၈၄၇၈၊ ၀၉ ၂၅၀၁၁၁၂၅၅
• မန္တလေး ဖုန်း - ၀၉ ၄၀၂၆၀၆၆၄၀၊ ၀၉ ၂၅၉၁၀၀၅၉၉ • တောင်ကြီး ဖုန်း - ၀၉ ၄၀၂၆၂၉၉၅
• ပဲခူး ဖုန်း - (၀၅၂) ၂၃၂၆၅၊ ၀၉ ၄၀၂၅၀၇၀၃၃ • မော်လမြိုင် ဖုန်း - (၀၅၇) ၂၃၂၅၉၊ ၀၉ ၂၅၀၁၁၁၇၅၀
• ပြည် ဖုန်း - (၀၅၃) ၂၄၁၀၇ • ပုသိမ် ဖုန်း - (၀၄၂) ၂၉၀၆၇





BRAND'S
လူတိုင်းဝင်ရောက်လေ့လာနိုင်တဲ့ ဘရင်းစက်ရုံက
ရာနှုန်းပြည့်ငှက်သိုက်အစစ်များနဲ့ထုတ်လုပ်နေတာဖြစ်ကြောင်း သက်သေပြ
ကျွန်မကတော့ BRAND'S ငှက်သိုက်ရဲ့ အမှတ်တံဆိပ်ကိုယ်စားပြုသံတမန်တစ်ယောက်ဖြစ်တဲ့အပြင် မြန်မာနိုင်ငံရဲ့ မီဒီယာကိုယ်စားလှယ်တစ်ယောက်အနေနဲ့ ဘရင်းကုမ္ပဏီရဲ့ဖိတ်ကြားခံရတဲ့ မြန်မာမီဒီယာအဖွဲ့ကိုဦးဆောင်ပြီး "ထိုင်းနိုင်ငံ" ဘရင်းစက်ရုံမှာ BRAND'S ငှက်သိုက်တွေကိုဘယ်လိုထုတ်လုပ်နေတယ်ဆိုတာကို သွားရောက်လေ့လာခွင့်ရခဲ့ပါတယ်။
"FTIR (Fourier Transform Infrared Spectroscopy)"
GMP, ISO 14001, ISO 22000, FSSC 22000, OHSAS 18001
MONDE SELECTION INTERNATIONAL GOLD AWARD
FTIR
၁၀၀% ငှက်သိုက်စစ်စစ်မှ ထုတ်လုပ်ထားသော ဘရင်းငှက်သိုက်ရည်
ကျန်းမာ လှပ... နုပျို ထာဝရ
"နုပျိုလှပစွာနေထိုင်နိုင်ခြင်းဟာ
ဘရင်းငှက်သိုက်ရည်ကြောင့်ပါ။ ဘရင်းငှက်သိုက်ရည်တစ်ခုတည်းကသာ
၁၀၀% ငှက်သိုက်စစ်စစ်ကို အရည်အသွေး စမ်းသပ်စက်ကြီးများဖြင့်စစ်ဆေးထုတ်လုပ်ထားပါတယ်။
ဒါကြောင့် ဘရင်းကိုပဲ ကျွန်မရွေးချယ်ပါတယ်။ ဘရင်းဟာ ကျန်းမာလှပထာဝရနုပျိုနေတဲ့
ကျွန်မဘဝရဲ့အလှပဆုံး လျှို့ဝှက်ချက်တစ်ခုပါပဲရှင်။"
100%
PROVEN BY FTIR
BRAND'S
Genuine Bird's
Nước Yến Thiên
SINCE 1961
MONDE SELECTION
GOLD AWARD
MONDE SELECTION INTERNATIONAL GOLD AWARD 2013


ဖုန်းခေါ်ဆိုခ အနည်းဆုံး
၂၀ကျပ်/မိနစ်
အခုပဲ ငွေဖြည့်ပြီး တစ်မိနစ် ၂၀ကျပ်နဲ့
ပြည်တွင်းဖုန်းအားလုံးကို ခေါ်ဆိုလိုက်ပါ။
ooredoo
ကြည့်လင်ပြတ်သားတဲ့ အသံနှင့်
အခုပဲ ဖလန်းဖလန်းကို ရယူစို့

# အထူးဂုဏ်ယူဝမ်းမြောက်ခြင်း

ဦးအောင်မြင့်သိန်း+ဒေါ်ယဉ်ပို့ (မြကြာဖြူချည်ချောလုံချည်)တို့၏သမီးထွေး **မဆုမွန်** ခုံအမှတ် (ဆဒဂ -၃၄၉)အ. ထ. က(၁)ဒဂုံသည် ၂၀၁၄-၂၀၁၅ ပညာသင်နှစ် တက္ကသိုလ်ဝင်တန်း စာမေးပွဲကြီးတွင် (၆)ဘာသာဂုဏ်ထူး အမှတ်ပေါင်း (၅၅၇)မှတ်ဖြင့် မြန်မာတစ်နိုင်ငံလုံးတွင် ဒုတိယအမှတ်အများဆုံးဖြင့် ထူးချွန်စွာအောင်မြင်ခဲ့ပါသဖြင့် မိသားစုနှင့်အတူ ဝမ်းမြောက်စွာ ချီးကျူးဂုဏ်ပြုအပ်ပါသည်။

**XING XING (ကွန်ပျူတာပန်းထိုးမိသားစု)**






# လော်ခီးလာညီလာခံ၌ တိုင်းရင်းသားလက်နက်ကိုင်ခေါင်းဆောင်များ အဆိုတင်သွင်းထားသည့် အချက် ၁၃ ချက်လုံး ဒုတိယနေ့အစည်းအဝေးတွင် ဆွေးနွေးနိုင်

သတင်း စာမျက်နှာ ➤ ၆

## ယနေ့မာတိကာ

သဘာဝဘေးကို ကြံ့ကြံ့ခံကျော်လွှား
စာမျက်နှာ ➤ ၂

ရှေးဟောင်းဝတ္ထုပစ္စည်းများ ကာကွယ်ထိန်းသိမ်းရေး ဥပဒေပြဋ္ဌာန်း
စာမျက်နှာ ➤ ၁၂

နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေး ဥပဒေကို ဒုတိယအကြိမ် ပြင်ဆင်သည့်ဥပဒေ ပြဋ္ဌာန်း
စာမျက်နှာ ➤ ၁၃

# မြင်းမူမြို့နယ်အတွင်းရှိ မူးမြစ်ရေဝင်ရောက်သည့် ကျေးရွာများတွင် ပြည်သူများ ကျန်းမာရေးကူညီစောင့်ရှောက်



**မြင်းမူ ဇူလိုင် ၂၃**

စစ်ကိုင်းတိုင်းဒေသကြီး မြင်းမူမြို့နယ် မူးမြစ်ရေဝင်ရောက်သည့် ကျေးရွာများတွင် အိမ်ထောင်စုဝင်များအား ပြောင်းရွှေ့ရေးနှင့် ကျွဲ၊ နွား၊ တိရစ္ဆာန်များအား ကျန်းမာရေးစောင့်ရှောက်မှု လုပ်ငန်းများ ဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

ရေဝင်ရောက်သည့် ကျေးရွာများအနက် သပြေသာကျေးရွာသည် မြင်းမူမြို့နယ် ပျော့ရွာနှင့် စစ်ကိုင်းမြို့နယ် ပေါက်ကားနှင့် ညောင်ပင်ဝန်း ကျေးရွာတို့သို့ လည်းကောင်း၊ မေဂျာကျေးရွာသည် ညောင်မြစ်ကျေးရွာ၏ တောင်ဘက်ရှိကုန်းမြင့်သို့ လည်းကောင်း၊ ပုံညာကျေးရွာသည် မကျီးကန် ကျေးရွာ ဘုန်းတော်ကြီးကျောင်းသို့ လည်းကောင်း အိမ်ထောင်စုဝင်များနှင့် ကျွဲ၊ နွား၊ တိရစ္ဆာန်များအား ပြောင်းရွှေ့ပေးခဲ့သည်။

မူးမန္တလေး၊ ဂုံညင်းဆိပ်၊ ပျော့ရွာနှင့် မကျီးကန်ကျေးရွာတို့သည် ရေဝင်ရောက်မှုနည်းသဖြင့် ပြောင်းရွှေ့ရမှုမရှိပါ။ ညောင်မြစ်နှင့် မခုရ ကျေးရွာတို့သည် ယင်းကျေးရွာများအတွင်းရှိ ရေမဝင်သည့် **စာမျက်နှာ ၁၁ ကော်လံ ၁ သို့**



ရန်ကုန်မြို့ ဒဂုံဆိပ်ကမ်းမြို့နယ် ယုဇနဥယျာဉ်မြို့တော်ရှိ တိုက်ခန်းအချို့ကို တွေ့ရစဉ်။

# ခေတ်သစ်ရေသည်ပြဇာတ်

**သတင်းဆောင်းပါး – သီရိ၊ ဓာတ်ပုံ – သွန်း**

ရန်ကုန်မြို့ ဒဂုံဆိပ်ကမ်းမြို့နယ် ယုဇနဥယျာဉ်မြို့တော်လမ်းများတွင် တစ်လမ်းဝင် တစ်လမ်းထွက် စားဝတ်နေရေးအတွက် ရေစည်လှည်းဖြင့် ရေလိုက်လံရောင်းချနေသူများကို သင်တွေ့ပေလိမ့်မည်။ အဆိုပါ ရေရောင်းသူများကို သာမန်မျက်စိဖြင့်ကြည့်မည်ဆိုလျှင် ၎င်းတို့၏ တကယ့်ဘဝကို သင်တွေ့ရလိမ့်မည်မဟုတ်ပါ။ ထိုသူများထဲတွင် ကျွန်ုပ်တို့သင်ကြားခဲ့ရသော စလေဦးပုညစီကုံးရေးသားခဲ့သည့် "ရေသည်ပြဇာတ်"ထဲမှ ရေသည်မိန်းမထက်ပင် ဘဝကိုခက်ခဲကြမ်းတမ်းစွာ ဖြတ်သန်းနေရသည့် ရေသည်မိန်းမများရှိသည်ဆိုလျှင် လွန်အံ့မည်မထင်။

ဇူလိုင်လ၏မိုးက စိုတစ်လှည့် ခြောက်တစ်လှည့်ဖြင့် ပဉ္စလက်ဆန်စွာ ရန်ကုန်နေလူထုကို လှည့်စားလို့နေသည်။ မနက်ကတည်းက မိုးတစ်ဖြိုက်နှစ်ဖြိုက်ရွာသွန်းပြီးနောက် နံနက် ၁၁ နာရီနေရောင်သည် အလျှံညီးညီးဖြင့် အင်အားကြီးစွာလမ်းပေါ်၌ တောက်လောင်နေသည်။

ယုဇနဥယျာဉ်မြို့တော်၏ လမ်းတစ်နေရာတွင် တစ်ပတ်ရစ်လုံချည်အနွမ်းလေးကို ဒူးပေါ်အောင်ဝတ်ဆင်ထားသော အမျိုးသမီးနှစ်ဦးက ရေစည်လှည်းကိုတွန်း၍ ရေလိုက်ရောင်းနေသည်။ အမျိုးသမီးနှစ်ဦးတွင် တစ်ဦးမှာ သက်လတ်ပိုင်းဖြစ်ပြီး ကျန်တစ်ဦးက သက်ငယ်ပိုင်းဖြစ်သည်။ ၎င်းတို့၏ မျက်လုံးများက ဘေးဘီဝဲယာရှိ တိုက်ခန်းများဆီသို့ ကျီးကန်းတောင်းမှောက်ကြည့်ကာ ရေဝယ်ယူမည့်အိမ်ကို ရှာဖွေလို့နေသည်။ အလျှံညီးညီး တောက်လောင်နေသော နေရောင်အောက်တွင် ၎င်းတို့၏ နဖူးပေါ်၌ ချွေးများက သီးနေသော်လည်း လက်ဖြင့်မသုတ်အား ရေဝယ်ယူမည့် အိမ်ကိုသာ သဲသဲမဲမဲရှာဖွေနေတော့သည်။

**စာမျက်နှာ ၁၀ ကော်လံ ၁ သို့**




themirror.npt@gmail.com
www.facebook.com/themirrordaily